www.burmeseclassic.com

Sixth Sense
Publishing House




ဓေတန်

# လူဖြစ်သွားတဲ့ တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

**စီစဉ်သူ**

ကိုမိုး (တောင်ကြီး)

ဆဋ္ဌမအာရုံမဂ္ဂဇင်း (အယ်ဒီတာချုပ်)

**စီမံ အုပ်ချုပ်ရေးမှူး**

ဒေါ်ဌေးဌေးလှိုင်

**မျက်နှာဖုံး ဒီဇိုင်း**

ကျော်စွာငွေစိုး

**ထုတ်ဝေသူ**

ဦးဟန်စိန် (၀၁၀၃၅)

ကျီတော် ရပ်ပြ

**ပုံနှိပ်သူ**

ဦးကျော်သင်း (၀၀၆၂၆)

(သိင်္ဂလွှင်ဦး ပုံနှိပ်တိုက်)

**ပုံနှိပ်ခြင်း**

၂၀၁၆ခုနှစ်

**တန်ဖိုး**

၁၅၀၀ကျပ်

**ဖြန့်ချိရေး**

ဆဋ္ဌမအာရုံစာပေတိုက်

အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း (၅၀) အထက်၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀၊ ၀၉ ၃၀၀ ၅၀ ၁၆၀။

www.burmeseclassic.com

www.burmeseclassic.com

# ဇေတန်

## လူဖြစ်သွားတဲ့ တစ္ဆေ

လောကကြီးမှာ
မြင်ရတဲ့ အရာထက်
မမြင်ရတဲ့ အရာက
ပိုကြောက်ဖို့ ကောင်းပါတယ် ..
သရဲ ဆိုတာ ဒါပဲ ..
တစ္ဆေဆိုတာ ဘာလဲ ..
ကွဲကွဲပြားပြား သိချင်ရင်
ဒီစာအုပ်ကို
ဖတ်ကြည့်လိုက်ပါ။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# စေတာန်ရဲ့ ကျာတာစ်း

- သိချင်သူတွေ သိဖို့လိုအပ်လာတော့
- တစ္ဆေတို့ မြင်တွေ့ပြီးတဲ့ လူတိုင်းဟာ

အသက်ရှင်ဖို့

အခွင့်အရေး နည်းသွားပြီ။

- အသက်ရှင်ရက်တွေလည်း သိပ်ကို

တိုတောင်းသွားပြီ။



- အားလုံး မဟုတ်ပေမယ့်

လူအများစုကတော့

တစ္ဆေနဲ့ ပတ်သက်ပြီး

ထိတွေ့ဆက်ဆံမှုရင်

သေခြင်းနဲ့ တွေ့ခင်းတစားသလို

သေမင်းလက်ထဲ

ရောက်သွားရတာချည်းပါပဲ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁) တမလွန်မှစကားတွန်သံ

၂) လူနဲ့မမြင်ရသောအရာများ

၃) သူ..ဘယ်သူလဲ

၄) အခြောက်ကြမ်းသည်

၅) ဖောက်ပြန်မှောက်လှန်သူများ

၆) ခြောက်လှန့်လုပ်ကြံ

၇) အတိတ်ရဲ့အဆိပ်ပြန်တက်မှု

၈) ရုပ်ယဉ်သူနဲ့တိုက်ပွဲ

၉) ဒဏ်ရာနဲ့အချစ်အကြောင်း

၁၀) တစ္ဆေပျောက်၍ရောက်နေသောနေရာ

၁၁) ဖောက်ပြန်၊ မှောက်လန်၊ ဒဏ်ဆိုးခံ

၁၂) တစ္ဆေစက်နဲ့ရက်စက်ပြီ

၁၃) တကယ်အတိုက်နဲ့ဖလှယ်အခိုက်

၁၄) လူဖြစ်သွားတဲ့တစ္ဆေ


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း[၁]

## တစ္ဆေလွန်မှ စကားတွန်သံ

**အနက်ရောင်** မြေပြင်ပေါ်မှာ မိုးစက်တွေ တဖြောက်ဖြောက် ကျဆင်းနေသည်။ မြူနှင်းမိုးက လမ်းမီးရောင်မှာ ရစ်သိုင်းဆိုင်းဝေနေဆဲ။ ရွှေစင်ယွန်း လျှောက်လာရသည်က ချော်ကျိကျိ၊ ပျစ်ချွဲချွဲ၊ ဗွက်မြေ။ ခြေမျက်စိအထိ မြုပ်နေတဲ့ဗွက်တွေကြားက ခြေထောက်တွေကို မနည်း ရွေ့လျားနေရသည်။

ဘယ်ကို ရောက်နေတာလဲ။ ကားလမ်းကျယ်ရဲ့ ဂုံးကျော်တံတားအောက် လှိုဏ်ခေါင်းထဲမှာပါလား။ လှိုဏ်ခေါင်းနံရံကို ကြည့်ပြီး ရွှေစင်ယွန်း တိုးရွေ့လာမိဆဲ။



www.burmeseclassic.com

www.burmeseclassic.com

မာန်ဖီသံ၊ ကန်ကျောက်သံ။ လဲကျနေသော လူတစ်ဦးကို မတ်တပ်အနေအထားနှင့် လူ လေးငါးယောက်ကဝိုင်းပြီး ကန်ကျောက်၊ ဆောင့်နင်း နှိပ်စက်နေကြ၏။ ခံနေရသူရဲ့အော်ဟစ်သံက မိန်းကလေး တစ်ယောက်ရဲ့အသံ။ မချိမဆံ့ အော်ဟစ်နေရှာ၏ ။

ရွှေစင်ယွန်းခြေထောက်တွေက သူတို့တွေအနားကို ဆွဲခေါ်သွား၏။ ဝင်ကယ်ရမှာလား။ စိတ်ကတော့ ထွက်ပြေးသွားချင်၏။ ခြေထောက်တွေက ပြေးအောင်စေစား၍ မရတော့။

"ဟင်! . ."

ခံနေရသော မိန်းကလေးကို လှမ်းမြင်လိုက်ရသည်။ မိန်းကလေးကလည်း နာကျင်နေသည့်ကြားက ရွှေစင်ယွန်းကို နာနာကျည်းကျည်း လှမ်းကြည့်နေ၏။ တုန်လှုပ်ချောက်ချားစရာ အတိ။

"ဘုရားရေ. ."

အသေအချာ ကြည့်မိမှ ရွှေစင်ယွန်းနှင့် ချွတ်စွပ်တူသော မိန်းကလေးဖြစ်နေ၏။

ဝိုင်းဝန်း ကန်ကျောက်နေသူတွေက အနားကို ရွှေစင်ယွန်း ရောက်လာမှန်း သိသွားကြ၏။ သူတို့တွေ ပြိုင်တူ လှည့်ကြည့်လိုက်၏။

"အား! . ."

ရွှေစင်ယွန်း ကြောက်လန့်တုန်လှုပ်စွာ လန့်အော်မိသွား၏။ မျက်စိ၊ နှာခေါင်း၊ ပါးစပ်မပါ မျက်နှာပြောင်ချောကြီးတွေနှင့်. . ။ မျက်နှာဖုံး အသားကပ် စွပ်ထားတာ မဟုတ်။ ပြောင်ချောကြီးတွေ ကနေ ကြမ်းတမ်း၊ ကြောက်လန့်ဖွယ်ရာ ရုပ်သွင်တွေ ပြောင်းသွားပြီး


www.burmeseclassic.com

www.burmeseclassic.com


ရွှေစင်ယွန်းထံ အမဲဖျက်ချင်ဟန်တွေနှင့် အော်ဟစ် ပြေးဝင်လာ၏။

မကောင်းဆိုးဝါးတွေ။ ရွှေစင်ယွန်း လန့်တုန်ပြီး ငယ်သံပါအောင် အော်ဟစ်ပစ်လိုက်၏။

ဖျတ်ခနဲ မျက်လုံးပွင့်ပြီး လန့်နိုးလာသည်နှင့် အသံဆိုးတွေသည်း ငြိမ်တိတ်သွား၏။ မြင်ကွင်းတွေလည်း ပြောင်းလဲသွား၏။ ရွှေစင်ယွန်းရဲ့အိပ်ခန်းထဲကို ရွှေစင်ယွန်း ပြန်ရောက်နေ၏။ မကောင်းဆိုးဝါးတွေ မရှိတော့။ ပြီးတော့ သူမ . .။ ရွှေစင်ယွန်းရဲ့ ပုံတူကိုယ်ပွားလို မိန်းကလေး . . သူ ဘယ်ရောက်သွားပြီလဲ။

ဒါ. . အိပ်မက်ဆိုး။ အိပ်မက်ဆိုးမက်တာကို အတိတ်နမိတ်ဆောက်ရရင် တစ်နေ့နေ့မှာ အိပ်မက်ဆိုးထဲကအတိုင်း ရွှေစင်ယွန်းခံစားရမှာလား။ စိုးရိမ်တုန်လှုပ်မှုက ငယ်ထိပ်ကနေ ဖောက်ထွက်ခတော်။ အို! . . အတွေးဆိုးတွေ ဒီမှာတင်ရပ်။

ဂ ဂ ဂ


www.burmeseclassic.com

www.burmeseclassic.com

နှင်း ငယ်ငယ်လေးကတည်းက အိပ်မက်ဆိုးတွေ မက်ခဲ့တယ်။ ကမ္ဘာကြီး အဆုံးသတ်သွားသလို၊ အော်ဟစ်ပြီး နှင်းလန့်နိုးခဲ့ရတယ်။ ပြီးခဲ့တဲ့ နွေရာသီမတိုင်ခင်အထိ အဆုံးသတ်ဖို့ မစတင်ခဲ့သေးဘူး။

အဲ့ဒီအချိန်ထိ နှင်းဟာ ပြည့်စုံတဲ့ကလေးဘဝကို ရခဲ့တယ်၊ ဘာမှ စိုးရိမ်စရာ မရှိဘူး။ နွေးထွေးတဲ့ မိသားစုဘဝလေးထဲမှာ နှင်း သာယာ ပျော်ရွှင်ခဲ့ရတယ်။ နှင်းအတွက် စိတ်ရှုပ်ထွေးစရာ ဘာမှ မရှိခဲ့ဘူး။

နှင်း မှတ်မိလား. . အဲ့ဒီခံစားမှုတွေ နှင်းမှတ်မိလား. . ငါက တော့ ကြောက်ရွံ့ထိတ်လန့်စရာ အမှောင်ကမ္ဘာထဲမှာ ဒုက္ခပင်လယ် ဝေပြီး အထီးကျန်ဆန်ဆန် ကျင်လည်ခဲ့ရတယ်။

ငါ့မှာ စွမ်းအားတွေ မပြည့်ဝသေးဘူး။ ငါရှိနေတာ သိနေတဲ့ အဖေကလည်း ငါ့လုပ်ရပ်တွေ တားဆီးခဲ့တယ်။ အဲဒီနေ့၊ အဲဒီခံစားမှု တွေ. . နှင်း ပြန်လည် ခံစားမိစေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com


အဖေနဲ့အမေက ချစ်နေကြတုန်းပဲ. . နင်က သူတို့ ချစ်မြတ်နိုးရတဲ့ သမီးချောလေးပေါ့။ နင်တို့ မိသားစုလိုက်၊ ချောင်းသာကို အပန်းဖြေခရီး ထွက်ကြတယ်။ လေသာဆောင် ဝရန်တာမှာ အဖေ့သက်တွေ စပြီးတုန်လာတယ်။ အရာအားလုံး ပြောင်းလဲသွားပြီ။ နေ့အလင်းရောင် အပြည့်ရှိနေချိန်မှာ ညအမှောင်ထုကြီးက ဝင်ရောက်နှောင့်ယှက်လိုက်သလိုမျိုးပေါ့။

အဲဒါ ပြည့်စုံ သာယာပျော်ရွှင်တဲ့ နင့်ဘဝရဲ့ အဆုံးသတ်ပဲလေ။ အဖေဆေးရုံ ရောက်သွားရပြီ။ အဖေဟာ လေဖြတ်သလို၊ ခါးဆစ်ရိုးကြားမှာ အာရုံကြောညှပ်သလိုနဲ့ အောက်ပိုင်းလုံးလုံး သေသွားခဲ့ပြီ။

ထူးဆန်းနေတယ် မဟုတ်လား. . နင် ဝမ်းနည်းရပြီလေ။ အဲဒီဝမ်းနည်းမှုက ငါ့ကိုစွမ်းအားကြီးအောင် လုပ်ပေးလိုက်သလို၊ နင့်ကို အားနည်းချိနဲ့အောင် လုပ်ပေးလိုက်တာပဲ။

ဒီလိုနေ့မျိုးကို ငါအကြာကြီးစောင့်နေခဲ့တာ. . ဆယ့်ခြောက်နှစ်တောင် ကြာခဲ့ပြီ။ နင့်ကိုငါ တိုက်ခိုက်ဖို့ အချိန်ရောက်ပြီ။ ငါ့ရဲ့အစွမ်းတွေ ပြသနိုင်ပြီ။ ငါ့ကိုတားမယ့်လူ ဘယ်သူမှ မရှိတော့ဘူး"

နင် ပျောက်ကွယ်သွားစေရမယ်. . အဲ့ဒါကို ဘယ်သူမှ သိလိုက်မှာ မဟုတ်ဘူး။

((( နင်ဟာ ငါ. . ငါဟာ နင်ပဲ )))

ငွေစင်သွန်း

ဂ ဂ ဂ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၂]

## လူနှင့်မမြင်ရသော အရာများ

ပုဂ္ဂလိကပိုင် အဆင့်မြင့်အထက်တန်းကျောင်းမှာ ရွှေစင်ယွန်း ဆယ်တန်းတက်နေ၏။ ကျောင်းက ဘက်စုံပညာရေးတွေ သင်ပေး၏။ ကျောင်းပညာအပြင် မိမိတို့ဝါသနာပါရာ ပညာရပ်ကိုလည်း သီးသန့်ဆရာဖြင့် သင်ကြားပေးသည်။ နိုင်ငံတကာ အဆင့်မီ သင်တန်းကျောင်းကြီး ဖြစ်သည်။

ရွှေစင်ယွန်းက သရုပ်ဆောင်ပညာကို ဝါသနာပါ၍ ညနေ ငါးနာရီကနေ ခြောက်နာရီသင်ကြားပေးသော သရုပ်ဆောင်သင်တန်းကို တက်ရောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com


သင်တန်းသား ဆယ့်ငါးယောက်၊ သင်တန်းသူ နှစ်ဆယ့်ငါး ယောက် သင်ကြားနေကြသည်။ သင်ကြားသည့်ဆရာမှာ ဦးသီဟမိုး။

"ကောင်းသော ညနေခင်းပါ . . ကလေးတို့"

"မင်္ဂလာရှိသော ညနေခင်းဖြစ်ပါစေ ဆရာ"

"အိုကေ . . ဒီနေ့ မင်းတို့ကို ပြဇာတ်သင်ပေးမယ်။ ကျောင်း ပိတ်ပွဲမှာ ဒီပြဇာတ်ကို တင်ဆက်ပေးမယ်။ မင်းတို့ရဲ့မိသားစုတွေ ရှေ့မှာ မင်းတို့အရည်အသွေးကို ပြသနိုင်မယ့် အခွင့်အရေးကောင်း ကြီးပေါ့။ ဆရာကိုယ်တိုင်ရေးထားတဲ့ ရိုမန့်ဆန်ဆန် အချစ်ပြဇာတ် ကလေး . . ရိုက်စပီးယားရဲ့ ရိုမီယိုနဲ့ဂျူးလိယက်ဆန်ဆန် ဇာတ်လမ်း ကလေးပါ။ ဇာတ်ကောင်တွေ ဆရာရွေးတော့မယ်"

ထိုင်ခုံတွေ ဝိုင်းပတ်ထားသည့်အလယ်မှာ သီဟမိုးက အနောက်တိုင်းသားတွေရဲ့ ဟန်ပန်အမူအယာနှင့် ပြောနေ၏။ ကျောင်းသူ၊ ကျောင်းသားတွေ စိတ်လှုပ်ရှားကုန်၏။

"ဒီကျောင်းမှာ ရုပ်ချောရုပ်ဖြောင့်တဲ့ ကျောင်းသူ၊ ကျောင်း သားတွေ များပါတယ်။ ခေါင်းဆောင်မင်းသားအဖြစ် ကောင်းမြတ် သူကို ဆရာရွေးပါတယ်။ ကျန်တဲ့သူတွေကိုလည်း သင့်တော်ရာအခန်း မှာ ဇာတ်ပို့ဇာတ်ရံအနေနဲ့ ထည့်သုံးမှာပါ။ ကျရာအခန်းက ပြောင် မြောက်အောင် သရုပ်ဆောင်ကြပါ"

ကောင်းမြတ်သူက King ဘွဲ့ရနိုင်သူ . . ကောလိပ်မှာ ဆို ရင်ပေါ့။ အသားဝင်းဝါပြီး ရုပ်ရည်ကလည်း အတော် ချောသည့်သူ။ နာမည်ကြီးမင်းသားတွေနဲ့ ယှဉ်ပြိုင်နိုင်သည့် ရုပ်ရည်မျိုး။ စင်ပေါ်မှာ မှုတိုင်းမှာ သရုပ်ဆောင်တာ ပီပြင်၏။ ကြောင်နေတာ မရှိ။ ကောင်း


www.burmeseclassic.com

www.burmeseclassic.com


မြတ်သူ ရထိုက်သောနေရာဖြစ်၍ အားလုံး လက်ခုပ်တီးပြီး ချီးကျူး ဆောပနာပြုကြကုန်သည်။

"ကျေးဇူးပါ. . ခေါင်းဆောင် မင်းသမီးကို ဆက်ရွေးပါမယ်"

ရွှေစင်သွန်းနဲ့ကျောင်းမှာ ပြိုင်ဘက်လိုဖြစ်နေသော ရှင်းသန့်လှိုင်တို့ အကြည့်ချင်း ဆုံတိုက်သွား၏။ အလှချင်းလည်း ပြိုင်နေကြသူတွေလေ။ ဒီကျောင်းမှာ သူမတို့နှစ်ဦးသာ ထူးကဲသော အလှပိုင်ရှင်တွေ။ ရှင်းသန့်လှိုင်က ရုပ်ရည်ချောသော်လည်း အရပ်က အနည်းငယ်လေး ပုနေ၏။

ရွှေစင်ယွန်းက အရပ်က ဒေါင်ကောင်း၏။ ကောင်းမြတ်သူကလည်း ဒေါင်ကောင်းသော မင်းသား။ ပိန်ပိန်ပါးပါး မော်ဒယ်(လ်) ကိုယ်လုံးကိုယ်ပေါက်တွေနှင့်။

"ပထမ မင်းသမီးအဖြစ် ရွှေစင်ယွန်းကို ရွေးပါတယ်။ ဒုတိယ မင်းသမီးအဖြစ် ရှင်းသန့်လှိုင်ကို ရွေးပါတယ်"

လက်ခုပ်သံတွေ ဆူညံသွား၏။ လက်ခုပ်မတီးသော ရှင်းသန့်လှိုင်က ထ,မေးလိုက်၏။

"အဓိက မင်းသမီးက ဘယ်သူလဲ ဆရာ"

"ပထမ မင်းသမီးပေါ့"

ရှင်းသန့်လှိုင် မျက်နှာပျက်သွား၏။ မပြုံးမရယ်နိုင်တော့။ ရွှေစင်ယွန်းကို ဘေးနားက မိန်းကလေးသူငယ်ချင်းတွေက အားပေး နှုတ်ဆက်ကြ၏။

ရွှေစင်ယွန်းလည်း မျက်နှာမထားတတ်အောင် ဝမ်းမြောက်ခမ်းသာဖြစ်နေမိသည်။ ဇာတ်ပို့ဇာတ်ရံတွေအဖြစ်. .



www.burmeseclassic.com

www.burmeseclassic.com



"နေလင်းထွန်းက မင်းသားရဲ့အဖေနေရာ၊ စံဇော်ဝင်းက မင်းသမီးရဲ့ အဖေနေရာ၊ နေခြည်လင်းဖွေးက မင်းသားအမေနေရာ၊ စင်ဒီမိုးက မင်းသမီးရဲ့မိခင်နေရာ၊ လူကြမ်းဗီလိန်အဖြစ် ဇော်ဗလ၊ နေခ၊ မနုတ်၊ အောင်ကျော်စွာ"

သီဟမိုး ရွေးချယ်ပေးပြီး ပြဇာတ်ရဲ့ သဘောသဘာဝကို အရင် ပြောပြ၏။ ဇာတ်လမ်းဇာတ်သွားကို ရှင်းပြ၏။ အိမ်မှာ လေ့ကျင့်ကျက်ထားရမည့် ဒိုင်ယာလော့ခ်ရိုက်ထားတဲ့ စာရွက်တွေကို ဝေ၏။

"အိုက်တင်ကို မနက်ဖြန် ဇာတ်စတိုက်တဲ့အချိန်မှာ ဆရာကိုယ်တိုင် သင်ပေးမယ်။ သင်တန်းအချိန်စေ့ပြီမို့ တော်ကြဦးစို့"

ဂ ဂ ဂ



www.burmeseclassic.com

www.burmeseclassic.com


ရွှေစင်ယွန်း နေထိုင်သော ကွန်ဒိုတိုက်ခန်းနှင့် စာသင်ကျောင်းမှာ ဖြတ်လမ်းတိုက လမ်းလျှောက်သွားပါက နှစ်ဘလောက်ခန့်သာဝေး၏။ ကားလမ်း ဂုံးကျော်ဥမင်လှိုဏ်ပေါက် ပေ(၆၀) အရှည်လောက်ကို ဖြတ်သွားရသည်။

အသွားအလာ ကျဲပါးသည်။ ဒီဥမင်ပေါက်ထဲက ဖြတ်သွားဖြတ်လာ ကျောင်းတက်ခဲ့တာ ရှစ်တန်းကျောင်းသူဘဝကထဲကပင်။ ဥမင်ပေါက်မရောက်ခင် မြို့နယ်ပန်းခြံငယ်လေးကို ဖြတ်သန်းရသေးသည်။ ပန်းခြံလေးထဲဖြတ်သန်းစဉ် ရွှေစင်ယွန်းတို့ ကွန်ဒိုနှင့်ကပ်နေသော လုံးချင်းအိမ်ရာမှာနေထိုင်သည့် ရှင်းသန့်လှိုင်နှင့် သွားဆုံ၏။

ရှင်းသန့်လှိုင်က မျက်နှာသေဖြင့်. .

"နင့်အဖေ ဒုက္ခိတဖြစ်သွားတာ သနားလို့ ဆရာက နင့်ကို ခေါင်းဆောင်မင်းသမီးနေရာ ပေးလိုက်တာပဲ။ နင့်ကိုယ်နင် အထင်ကြီးမနေနဲ့။ နင့်အမေနဲ့ဆရာက ပလူးနေတော့၊ နင့်ကို ဦးစားပေးမှာပေါ့"


www.burmeseclassic.com

www.burmeseclassic.com


ရွှေစင်ယွန်း အံ့အားသင့်ပြီး ရှင်းသန့်လှိုင်ကို စိုက်ကြည့်လိုက်၏။

"အဲဒီနေရာကို နင်မရလို့ မနာလိုဖြစ်နေတာ မဟုတ်လား။ နင့်လို အရှုံးသမားရဲ့စကားကို ငါဂရုမစိုက်ဘူး။ ငါ့အဖေနဲ့ငါ့အမေကိုထပ်ပြီး စော်ကားမော်ကား မပြောနဲ့။ ပြောရင် နင့်အာကို ငါ ဆွဲဖဲ့ပစ်လိုက်မယ်"

"ဟင်း ဟင်း ဟင်း နင့်လောက်တော့ သနားတယ်"

ရွှေစင်ယွန်း ချာခနဲ လှည့်ထွက်လာလိုက်၏။ ကျောင်းမှာကရန်ဖြစ်လို့ မရ။ ယွန်းလည်း ရန်မဖြစ်ချင်။ ဥမင်လှိုဏ်ပေါက်ဝကို ရောက်လာ၏။ မှောင်ရီမပျိုးသေး။

မိုးတွင်းကာလမို့ နေ့တာရှည်ပြီး ညတာတို၏။ ည(၇)နာရီလောက်မှ မှောင်သွား၏။ ဆောင်းကာလမှာတော့ နေ့တာတိုပြီး ညတာ ရှည်တတ်သည်။

ဥမင်လှိုဏ်ထဲ ခြေလှမ်းနှစ်ဆယ်ခန့် လျှောက်ဝင်ရုံရှိသေး၏။

"ဝုန်း. . ဂျိန်း"

ဟိန်းညံပွဲတင်ပြန်သံကြီး ကြားလိုက်ရ၏။ ဘာဖြစ်ပြီး ဘယ်ကလာတဲ့ အသံကြီးမှန်းလည်း မသိ။ ယွန်း ဟိုဟိုဒီဒီ လိုက်ကြည့်မိ၏။ နံရံပေါ်မှာ အနီရောင်နှင့်ရေးထားသောစာကို တွေ့လိုက်ရ၏။

"ဒီနေရာမှာ ငါရှိတယ်"

အထက်ပါ စာတမ်းကို ထန်းသီးလုံးခန့်စာလုံးနှင့် ရေးထား၏။ လက်ရေးက မသေမသပ်။ ချောက်ချောက်ချားချား(သို့) ဒေါသပေါက်ကွဲပြီး ရေးထားသလိုမျိုး။ အနီရောင်တွေက တစ်မျိုးဖြစ်နေ၍

www.burmeseclassic.com

www.burmeseclassic.com


ဆေးသားကို လက်နှင့်သွားကိုင်ကြည့်၏။

စေးထန်းထန်းနှင့် နှာခေါင်းနှင့်နမ်းကြည့်တော့ သွေးညှီနံ့ကိုရ၏။ သွေးနဲ့ရေးတဲ့ စာ။

ဘယ်သူ လာရေးထားတာလဲ။ ဘာသဘောနဲ့ ရေးထားတာလဲ။ ဘာကြောင့် ဒီလိုရေးထားရတာလဲ။ ဒီနေရာပဲ ဟုတ်ပါတယ်။ အိပ်မက်ဆိုးမက်ခဲ့တုန်းက ယွန်းရဲ့ကိုယ်ပွားသဖွယ် ကောင်မလေးကို မကောင်းဆိုးဝါးတွေ အနိုင်ကျင့်နှိပ်စက်နေခဲ့တာ ဒီနေရာမှ ဒီနေရာ။

လူသူ ရှင်းပြတ်နေ၏။ ဥမင်အတွင်းပိုင်းမှာ အနည်းငယ်မှောင်ရိပ်ကျနေသည်။ တစ်ယောက်ယောက်က လက်ဆော့သွားတာဆိုလည်း ဆေးနဲ့ရေးမှာပေါ့။ ခုတော့ သွေးနဲ့ရေးထား၏။ လူ့သွေးလား။ တိရစ္ဆာန်သွေးလား။ ဘာသွေးတွေမှန်း မသိ။ ဥမင်ထဲကနေ ခပ်သွက်သွက် လျှောက်ထွက်လိုက်၏။

မှောင်ရိပ်ကောင်းသောနေရာ. .

ဘွားခနဲထွက်လာသော အရိပ်မဲကြီး

"အမလေး! . ."

"ဟား ဟား ဟား ဟား"

သရဲတစ္ဆေ မကောင်းဆိုးဝါးမှတ်၍ ယွန်း ထိတ်လန့်အော်လိုက်မိ၏။ ရယ်သံကြောင့် အရိပ်မဲကို သေချာကြည့်လိုက်သောအခါ. .

"ဟင်! . . ကောင်းမြတ်သူ"

"နင် သိပ်လန့်သွားသလား . . ယွန်း"


www.burmeseclassic.com

www.burmeseclassic.com


"ကောင်စုတ်. . လန့်တာပေါ့။ နှလုံးရောဂါရှိတဲ့သူဆို ရှော့ခ် ဖြစ်သွားလောက်တယ်။ အသည်းငယ်တဲ့သူဆို သည်းခြေပျက်သွား မတတ်ဘဲ။ နောက်. . အဲ့ဒါမျိုး ဘယ်တော့မှ မနောက်ပြောင်နဲ့၊ ငါ မကြိုက်ဘူး"

"အေးပါ. . နင်မကြိုက်ရင် မစ,တော့ပါဘူး။ တို့တွေက ရှစ်တန်းဘဝကတည်းက အတူတူ ကျောင်းတက်လာတဲ့ သူငယ်ချင်း တွေပဲဟာ. . နင် ဟိုနားမှာရပ်ပြီး ဘာတွေလုပ်နေတာလဲ"

"အဲဒီနံရံမှာ စာရေးထားလို့"

"လမ်းသရဲတွေ လက်ဆော့ပြီး ဆေးနဲ့မှုတ်သွားတာနေမှာ ပေါ့"

"မဟုတ်လောက်ဘူး. . သွေးနဲ့ရေးထားတာ"

"သွေးနဲ့. . ဘာရေးထားတာလဲ"

"ဒီနေရာမှာ ငါရှိတယ်တဲ့"

"အရူးတစ်ယောက်ယောက်က စိတ်ဖောက်ပြီး လုပ်သွားတာ လည်း ဖြစ်နိုင်တာပဲ။ နင်ကလည်း ခေါင်းရှုပ်ခံပြီး စဉ်းစားနေသေး တယ်။ ဒီခေတ်ကြီးမှာ အဲ့ဒါမျိုးတွေသာ ခေါင်းထဲလိုက်ထည့်ရရင် ဂေါက်ကြောင်သွားလိမ့်မယ်။ အဲ့ဒါတွေ ထားစမ်းပါ၊ ပြဇာတ်မှာ နင်နဲ့ ငါနဲ့ တွဲသရုပ်ဆောင်ရမှာ. . ငါတော့ သိပ်ပျော်တာပဲ. . နင်ရော မပျော် ဘူးလား"

"ဆရာက ခိုင်းတော့လည်း လုပ်ရတာပေါ့"

"တာဝန်အရလား. . မပျော်ဘူးလား"

"ပျော်ပါတယ်. . ငါ့အဖေ လေဖြတ်လို့ အောင်ပိုင်းသေ



www.burmeseclassic.com

www.burmeseclassic.com


သွားကတည်းက ငါ သိပ်မပျော်ချင်တော့ဘူး။ အဖေ့ကို အရမ်းသနားတယ်။ အမေ့ခများလည်း အဖေ့ရဲ့ဆေးဖိုးစရိတ်၊ အိမ်စရိတ်၊ စားစရိတ်၊ ငါ့ရဲ့ကျောင်းစရိတ်၊ အသုံးစရိတ်တွေ တစ်ယောက်ထဲရှာရလို့ ပင်ပန်းရှာတယ်။ အမေ့ကိုလည်း သနားတယ်။ ငါ ကျောင်းထွက်ပြီး အလုပ်လုပ်မယ်ဆိုတော့လည်း မိဘနှစ်ပါးက ခါးခါးသီးသီး ငြင်းတယ်၊ ခွင့်မပြုဘူး"

"ဆယ်တန်းမအောင်တဲ့ မိန်းကလေးကို ဘယ်အလုပ်က လက်ခံမှာလဲ။ အနိမ့်ဆုံး ဆယ်တန်းအောင်ရမယ်လေ။ နင့်အမေက ဘာတတ်ပါ။ ကုမ္ပဏီတစ်ခုမှာ အကြံပေး အရာရှိလုပ်တယ်။ အချိန်ပိုင်း ဖက်ရှင်ဒီဇိုင်နာလုပ်ပြီး ပုံကြမ်းတွေ ဆွဲပေးတယ်။ ဝင်ငွေ မဆိုးပါဘူး။ ကွန်ဒိုတောင် ဝယ်နေနိုင်သေးတယ်"

"ငါ့အဖေက သစ် အရောင်းအဝယ်လုပ်တယ်။ အဖေရှာလို့ရတဲ့ ငွေနဲ့ဝယ်ထားတာ။ အမေရဲ့လခက တစ်လ ရှစ်သိန်းလောက်ရတယ်။ ကွန်ဒိုမှာက သိတဲ့အတိုင်း ဟိုဟာကောက်၊ ဒီဟာကောက်နဲ့ တစ်သိန်းလောက် လစဉ်သွားတယ်။ သိပ် မလောက်ချင်ဘူး။ အမေက အလုပ်ကပြန်လာတာနဲ့ အဖေ့ကိုတန်းပြီး ပြုစုရတာ။ ငါက ကြော်လှော်ချက်ပြုတ်၊ အမေမရှိရင် အဖေ့ကိုပြုစု. . အမေရောက်လာရင် ကျောင်းစာလုပ်၊ စာကျက်. . အဲဒါနဲ့ပဲ သံသရာလည်နေရတာလေ"

"နင် အားမငယ်ပါနဲ့ ယွန်းရယ်၊ ငွေလိုရင်ပြော. . ငါ ကူညီမယ်။ ငါ့မိဘတွေက စီးပွားရေးလုပ်ငန်းကောင်းတယ်။ နင့်ကို ဘာမဆို ငါကူညီပါ့မယ်။ နင့်အိမ်ကို ကားနဲ့ပြန်ချင်ရင် အိမ်က ကားယူခဲ့မယ်"


www.burmeseclassic.com

www.burmeseclassic.com


"မလုပ်နဲ့ ကျန်းမာရေးကောင်းအောင် လမ်းလျှောက်တာ"

"ငါလည်း ဇီဇဝါလမ်းထဲက လုံးချင်းနှစ်ထပ်တိုက်မှာ နေတယ်။ အိမ်ထဲနေ၊ ကားစီးနဲ့ လမ်းလျှောက်ချိန် သိပ်မရှိလို့ ခြေလျှင်လာတာ။ ကားပါရင် ရပ်ထားစရာ နေရာရှာရတဲ့ ဒုက္ခ. . လမ်းကြောင်းရှုပ်ရင် တိုက်မိမှာစိုးရနဲ့. . ခုလို လမ်းလျှောက်ရတာက လွတ်လပ်ပေါ့ပါးတယ်"

"နောက်မှာ ရှင်းသန့်လှိုင် ပါတယ်လေ၊ နင် စောင့်ခေါ်လိုက်ဦးပေါ့။ တို့တွေက မတည့်အတူနေတွေလေ၊ ပြဇာတ်ကပွဲမှာ သူ ရှုံးသလို ဖြစ်သွားတာ. . သူရှက်နေ စိတ်ဆိုးနေတယ်"

ယွန်းနဲ့လှိုင့်ကို စေ့စပ်ပေးလို့ မရဘူးလား။ ဘာလို့ မတည့်နေကြတာလဲ"

"အရင်ဘဝက ရေစက်ကြောင့် မုန်းနေကြတာနဲ့ တူတယ်။ သူက လိုက်ပြီး မနာလိုတိုရှည်ဖြစ်နေတာပါ. . တော်ပြီ။ သူ့အကြောင်း မပြောချင်ဘူး"

ကောင်းမြတ်သူရှိနေ၍ ကြောက်စိတ်တွေ မရှိတော့။

ကွန်ဒိုရှေ့မှာ ကောင်းမြတ်သူနဲ့လမ်းခွဲပြီး တိုက်ထဲဝင်လာလိုက်၏။ (၉)ထပ်မှာရှိသောအခန်းမို့ ရိုးရိုးလှေကားက မတက်နိုင်။ မဖြစ်သာမှသာ တက်ဖြစ်၏။ ဓာတ်လှေကားကို ခလုတ်နှိပ် ခေါ်ကြည့်၏။ ဓာတ်လှေကားက ပျက်နေ၏။ ကလေးအမြွှာပူးလေးကို လှည်းနှင့်ထည့်တွန်းလာသည့် ကလေးထိန်းနာနီ မမေဦးနှင့် သွားတိုး၏။

"ဟော့. . ယွန်း၊ ဒီဓာတ်လှေကား အဆင်ပြေရဲ့လား"

"ထုံးစံအတိုင်း ပျက်နေပြန်ပြီနဲ့ တူတယ်"


www.burmeseclassic.com

www.burmeseclassic.com


"ဟိုဘက်လှေကား စောင့်ပြီးတက်ပေါ့. . ဟော ဆင်းလာနေပြီ။ အဲ့ဒီလှေကားက စိတ်ချရတယ်။ တို့ကလေးတွေတင်ပြီး လျှောက်တွန်းရင်း ထိန်းလိုက်ဦးမယ် ဘိုင့်"

"ဟုတ်. . မမေဦး"

ဓာတ်လှေကား ပွင့်သွား၏။ အထဲက ဘယ်သူမှ ထွက်မလာ၊ အုံ့သြသွား၏။ ဓာတ်လှေကားက နှစ်စင်းပူးထား၏။ နှစ်ခန်းပေါ့။ ယွန်းလည်း စိတ်ရှုပ်ထွေးနေ၍ ခလုတ်နှိပ်ခေါ်မိသလား၊ မခေါ်မိဘူးလား၊ ပြန်တွေးကြည့်၏။ ခေါ်မိလို့ ဆင်းလာတာ ဖြစ်မှာပါလေ။ ဘေးဘက်က ဓာတ်လှေကားထက်စာရင် ဒီဓာတ်လှေကားက ပိုကောင်းသေး၏။

ဒီဓာတ်လှေကား၊ ဘယ်ဘက်ထဲမှာ အဘွားကြီးတစ်ဦး အသက် ရှူကြပ်ပြီး အစိမ်းသေ,သေထားဖူး၏။ မနှစ်က ဖြစ်ခဲ့တာပေါ့။ အဲ့ဒီ အဘွားကြီးက မကျွတ်ဘဲ ခြောက်လှန့်လွန်း၍ ကွန်ဒိုနေမိသားစုတွေ ဓာတ်လှေကား(ဘယ်ဘက်)နှင့် မတက်ရဲတော့။

ညာဘက် ဓာတ်လှေကားကိုသာ အတက်အဆင်းလုပ်တာ ပိုများကြ၏။ ထို့ကြောင့် ညာဘက်ဓာတ်လှေကား ဝန်နဲ့အားမမျှ၍ မကြာခဏ ပျက်နေရခြင်းပင်။

မြေပိုင်ရှင်က ရဟန်းသံဃာတော်တွေပင့်ပြီး ပရိတ်တရားနာ၊ ပရိတ်ရေဖျန်း၊ ကမ္မဝါဖတ်ပြီး ဖယ်ရှားလိုက်မှ ခြောက်လှန့်တာ ရပ်သွား၏။

သိပ်မကြောက်သောသူတွေ ဘယ်ဓာတ်လှေကားကို ပြန်စီးကြ၏။ ယွန်းရော၊ ယွန်းရဲ့မေမေ ဒေါ်သန္တာရော၊ ဘယ် ဓာတ်လှေကား



www.burmeseclassic.com

www.burmeseclassic.com


ကို လုံးဝမစီးဖြစ်တာ ကြာပြီ။

အိမ်ခန်းကို မြန်မြန်ပြန်ရောက်ချင်၍ ယွန်းလည်း မကြောက်နိုင်အားတော့။ ကြာခဲ့ပြီပဲ။ ကျွတ်သွားလောက်ပါပြီ။ ဓာတ်လှေကားထဲဝင်လိုက်တော့ ခလုတ်တောင် နှိပ်စရာမလို။ ဓာတ်လှေကားကြီးငြိမ့်ခနဲ တအိအိ တက်လာ၏။ ဘယ်လိုဖြစ်ရတာပါလိမ့်။ ဓာတ်လှေကား ဘေးနံရံတွေက အရိပ်တွေ ထင်နေ၏။ မှုန်ဝါးဝါး အရောင်လောက်တော့ ပေါ်လွင်၏။ ကျောင်းဝတ်စုံ စမတ်ကျကျလေးနှင့်ယွန်းပုံစံကို နံရံတွေမှာ မြင်နေရသည်။

ဘာရယ်မဟုတ်။ နံရံထဲက ယွန်းပုံရိပ်ကို ကြည့်နေစဉ်၊ ပုံရိပ်က နှစ်ခြမ်းကွဲပြီး ထပ်နေ၏။ နံရံအပြားကြောင့်ဟု ယွန်း ထင်မိ၏။ မဟုတ်သေး။ ယွန်းပုံရိပ်ကြီးက ပြန်စုပြီး မျက်တောင်လိုလိုပုတ်ခပ်ပြီး ပါးစပ်ကြီး ဖြဲပြ၏။

ယွန်းလန့်ပြီး ကြက်သီးမွေးညှင်းတွေ ထောင်ထသွား၏။ ယွန်းပါးစပ်ကို လက်ကလေးနှင့် ကိုင်မိကြည့်၏။ ယွန်းပုံရိပ်ဆိုရင်ယွန်းက ပါးစပ်မှ ဖြဲမထားတာ။ ထူးဆန်းမှုတွေ ဖြစ်နေပြီ။ လျှပ်စစ်မီးရောင်တွေကလည်း တဖျတ်ဖျတ်နှင့်၊ မီးပြတ်မသွားတာ ကံကောင်း။

ယွန်း ဘေးနံရံတွေ မကြည့်မိအောင် မျက်နှာအပေါ် မော့ထားလိုက်၏။ အပေါ်က ပြောင်လက်သော စတီး(လ်)နံရံမှာလည်း ယွန်းရဲ့မျက်နှာ ထင်ဟပ်နေပြန်၏။ ပုံရိပ်မျက်နှာက မျက်လုံးကြီးပြူးကြည့်လာ၏။ အေးစက်တင်းမာသော မျက်နှာကြီးနှင့်။

ဘာတွေ ဖြစ်နေကြတာလဲ။ ယွန်းများ မျက်လုံးပြူးကြည့်နေမိတာလား။ ထိုစဉ် မျက်နှာပုံရိပ်ကြီးက ဖောင်းကြွလာ၏။ ယွန်း



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လွန်း၍ မျက်လုံးစုံမှိတ်ထားလိုက်၏။

"ဘုရား ကယ်တော်မူပါ.. ဣတိပိသော ဘဂဝါ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"

ဖျတ်ခနဲ သတိရ၍ ကိုးထပ်မြောက်ရပ်ရန် ကိုးဂဏန်းကို အမြန် နှိပ်လိုက်၏။ ရတနာသုံးပါးကို ကန်တော့ရသော အကျိုးအား ကြောင့် ကြောက်စိတ် အတန်ငယ် ပြေသွား၏။ သိမ့်ခနဲ ဓာတ်လှေ ကားထိုးရပ်ပြီး ရင်ကွဲတံခါးပွင့်သွား၏။ ဓာတ်လှေကား အခန်းထဲ က အမြန် ထွက်လိုက်ရသည်။ အစိမ်းသေ, သေထားဖူးသော မိန်းမ ကြီး၊ ဒီဓာတ်လှေကားထဲ ပြန်ရောက်ပြီး ပြန်ခြောက်နေတာလား။

ကြောက်စိတ်ကို အတင်းဖြေဖျောက်ပြီး အိမ်ခန်းရှေ့ကို ရောက်လာ၏။ လူခေါ်ဘဲလ်ကို တီးလိုက်၏။ လုံခြုံရေး ကင်မရာ ဘက် မျက်နှာလှည့်ပေးလိုက်၏။ ယွန်းမှန်းသိ၍ ဖေဖေက တံခါး လာဖွင့်ပေး၏။

ဝှီးချဲပေါ်ထိုင်ပြီး ကိုယ့်ဘာသာကိုယ် ရွေ့လျားသွားလာနေ ရသော ဖေဖေ။

"သမီး ပြန်ရောက်ပါပြီ .. ဖေဖေ"

"အေး. . ငါ့သမီးလေးကြည့်ရတာ နွမ်းလျနေသလိုပဲ။ ဝင်ပန်းလာတယ်ထင်တယ်၊ ရေအေး သောက်မလား"

"နေပါစေ ဖေဖေ၊ သမီးဘာသာ ယူသောက်ပါ့မယ်။ ဖေဖေ အေးအေးသာနေပါ။ မေမေ ပြန်မရောက်သေးဘူးလား"

"သူ အိမ်ပြန်နောက်ကျမယ်လို့ ဖုန်းဆက်တယ်။ နေပါစေ ..မိသားစုအတွက် ဦးဆောင်ရှာဖွေရပ်တည်နေရတဲ့ သူ့ကိုလွှတ်လပ်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်တွေ၊ ထွက်ပေါက်တွေ ပေးလိုက်ပါ။ တို့သားအဖ နားလည်ပေးလို့လည်း တို့မိသားစု သံယောဇဉ်တွေ ခိုင်မြဲနေကြတာပေါ့။ နို့မို့ဆိုရင်. .''

ဖေဖေပြောနေရင်း အက်ကွဲသံပါလာ၏။ ကြေကွဲသံကနေ ဆို့နင့်ကာ တိုးနစ်တိမ်ဝင်သွား၏။ ဖေဖေ့ရင်ထဲမှာ ချစ်ဇနီးအတွက် နာလိုခံခက်၊ ဝမ်းနည်းပက်လက် ခံစားနေရရှာသည်။

ယွန်းလည်း စိတ်မကောင်းပါ။ ဖေဖေ့ကိုပြုစုပေးရမည့် အကြောင်းတွေ စဉ်းစားပြီး စတင်လုပ်ဆောင်တော့၏။

ဎ ဎ ဎ



www.burmeseclassic.com

www.burmeseclassic.com


**မေမေ** ပြန်ရောက်လာသည်။ ည(၁၁)နာရီကျော်နေပြီ။ ယွန်းတို့သားအဖအတွက် ညနေစာ ဝယ်လာမည်ဆိုပြီး (၁၁)နာရီကျော်မှ ပြန်ရောက်လာသည်။

"ယောကျာ်းရေ. . မိန်းမကို ခွင့်လွှတ်ပါ။ ဒီဇိုင်းဆွဲပေးရချိန်နီးနေလို့ ဖက်ရှင်ဆိုင်ဝင်ပြီး အလုပ်ဆက်ဝင်လိုက်တယ်။ ဆိုင်သိမ်းတော့မှ ညဈေးတန်းမှာ ညစာဆင်းဝယ်ဖြစ်တယ်။ ကြက်ကြော်နဲ့ ကြေးအိုးဆီချက်ပဲ ဝယ်လို့ရခဲ့တယ်"

မေမေက တစ်ပတ်ရစ် ရှုပါဆလွန်းလေး ဝယ်ထား၏။ အဲ့ဒီကားနှင့် အလုပ်သွား၊ အလုပ်ပြန်၊ ယွန်းကို ကျောင်းပို့ပေ၏။ မအားတဲ့နေ့ မပို့ဘူးလေ။

အိပ်ပျော်နေသော ဒက်ဒီတဖေဖေ့ကို နှိုးပြီး ကြက်ကြော် ကျွေးတာ၊ ကြေးအိုးခွဲ့ကျွေးနေ၏။ ပြီးတော့ ယွန်းကိုလာခေါ်၏။

"သမီး မေမေ နောက်ကျသွားတာ ခွင့်လွှတ်ပါကွယ်။ သမီးလေး ဗိုက်ဆာရောပေါ့။ ကြက်ကြော်နဲ့ ကြေးအိုးဆီချက်လေး စားလိုက်ရအောင်. . လာလေ သမီး"

ယွန်း စိတ်ကောက်မိတာ အမှန်။ ဗိုက်ထဲက အူတွေ လိပ်ကုန်


www.burmeseclassic.com

www.burmeseclassic.com


မတတ် ဆာလောင်နေတာကိုး။ ယွန်းစိတ်ကောက်ရင် ဘာစကားမှ မပြောတော့။ စိတ်ဆိုးတဲ့သူနဲ့ တမင်ရှောင်နေလိုက်၏။

ယွန်းလည်း ဘာမှပြောမနေ။ မြန်မြန်စားသောက်ပြီး အိပ်ခန်းထဲ ပြန်ဝင်နေလိုက်၏။ အမှန်ဆို မေမေ နောက်ကျစရာ အကြောင်းမရှိ။ ညနေ သုံးနာရီထိုးလောက်ဆို အိမ်ပြန်လို့ရပြီ။ ဒီဇိုင်နာ လုပ်ပေးရတာလည်း ညနေ(၆)နာရီကနေ ည(၉)နာရီအထိသာ။ ကျန်တဲ့အချိန်တွေ ဘာတွေလုပ်နေသလဲ။

မေးပြန်ရင်လည်း ကျောင်းတုန်းက သူငယ်ချင်းမတွေနှင့် တိုင်ပင်နှီးနှောနေတယ်။ ကွန်ပျူတာဖွင့်ပြီး လိုအပ်တဲ့ အချက်အလက်တွေ စုဆောင်းနေတယ်။ အင်တာနက်ကြည့်ရင်းနဲ့ အချိန်တွေ ကုန်မှန်း မသိ၊ ကုန်သွားတယ်. . စတဲ့ ဆင်ခြေဆင်လက်ပေါင်း များစွာ ပေးနေဦးမှာပင်။

ဖေဖေ့ကို အစောပိုင်းက ယွန်း ပြုစုနေရင်းနှင့် ပြောပြခဲ့တာ ပြန်အမှတ်ရ၏။

"ဖေဖေ. . သမီးကျောင်းကပွဲမှာ ခေါင်းဆောင်မင်းသမီး အဓိကနေရာက အရွေးခံရတယ်"

"အိုး! . . သိပ်တော်တဲ့ ဖေ့သမီးလေးပဲ"

"သမီးကပွဲကို ဖေနဲ့မေ လာကြည့်ရမယ်"

"လာကြည့်မှာပေါ့ သမီးရယ်။ သမီး အဲဒီပွဲကနေ တဆင့် အောင်မြင်ပြီး ရုပ်ရှင်မင်းသမီးဖြစ်လာတဲ့အထိ အဖေ အသက်ရှင်ပြီး စောင့်ကြည့်ချင်သေးတယ်။ ဒါပေမယ့်. ."

"အဖေရယ်. . ဝမ်းနည်းစရာ မတွေးပါနဲ့။ သမီးရှိပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



အဖေ့အောက်ပိုင်းတွေ ပြန်ကောင်းပြီး လမ်းပြန်လျှောက်နိုင်အောင် သမီး ပိုက်ဆံရှာပြီး ကုပေးမှာပါ”

“ဒီစကားနဲ့တင် ရောဂါတစ်ဝက် သက်သာနေပါပြီ”

ဖေဖေနှင့်ပြောဖြစ်ခဲ့တာတွေ ပြန်တွေးမိနေစဉ်မှာ မေမေ ရောက်လာ၏။

“သမီးလေး ကျောင်းကပွဲမှာ အစိကမင်းသမီးနေရာ အရွေး ခံရတယ်ဆို. . မေမေ ဝမ်းသာလိုက်တာကွယ်”

ယွန်း စိတ်ကောက်မပြေသေး၍ ဘာမှပြန်မပြော။ မိခင် ဖြစ်သူက. .

“အဖေနဲ့အမေက ရုပ်ရည်ချောတော့ အချောအလှနှစ်ခု ပေါင်းထားလို့ ငါ့သမီးလေးအလှက ပြီးပြည့်စုံတဲ့အလှမျိုး ဖြစ်နေ တာပေါ့။ ဒါကြောင့် သမီးလေးအရွေးခံရတာ”

ယွန်းစိတ်ထဲကတော့ ‘အဲ့ဒီအတိုင်းဖြစ်ပါစေ’လို့ ဆုတောင်း လိုက်မိသည်။ မေမေက သုံးဆယ့်ခြောက်နှစ်အရွယ်။ အရွယ်တင်ပြီး လှပသေးသည်။ မအေနဲ့သမီးကို တချို့က ညီအစ်မလို့တောင် ထင် နေကြသည်။

ယွန်းစိတ်ကောက်နေမှန်းသိ၍ မေမေချော့ရင်သွေးနေပေး၏။

“မေမေ နောက်တစ်ခါ စောစောပြန်လာပါ့မယ် သမီးရယ်”

ဖုန်းမှတဆင့် မေမေက စာပို့လာသည်။ ယွန်းစိတ်ဆိုး အတော်ပြေသွား၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

"**ဖေဖေ** ကျောင်းလိုက်ပို့ပေးမယ်နော်"

မနက်မိုးလင်း အိပ်ရာကနိုးပြီး ကျောင်းသွားဖို့ ပြင်ဆင်နေစဉ်မှာပင် မိခင်ဖြစ်သူ လာချော့ပြောခဲ့၏။ ခေါင်းညိတ်ပြလိုက်မိ၏။

ယွန်း. . မမြင်ရသော အရာတွေ၊ ထူးဆန်း ထိတ်လန့်ဖွယ်ရာတွေ တွေ့နေရ၏။ အဲ့ဒီအကြောင်းတွေ မိဘနှစ်ပါးကို ပြောပြရင်ကောင်းမလား။ ဖခင်ဖြစ်သူက သူ့ဝေဒနာ၊ သူ့သောကနှင့်။

မိခင်ဖြစ်သူမှာလည်း ဖခင်ကို ပြုစုကျွေးမွေး၊ ဆေးတိုက်ရ၊ သမီးကိုလည်း လာချော့ရ။ ကျောင်းလိုက်ပို့ပြီး အလုပ်ကိုလည်း ကပြာကသီ သွားရဦးမည်။ စိတ်လောပူပန်မှုတွေနှင့် ကိုယ်စိတ်နှစ်ပါး ပင်ပန်းနေတာကို ထပ်မနွမ်းသွားစေချင်။

ယွန်းလည်း အရွယ်ရောက်နေပြီပဲ။ ကိုယ်ကြုံတွေ့ရာ ကိုယ်ဖြေရှင်းနိုင်ရမှာပေါ့။ အားလုံးပြင်ဆင်ပြီးသောအခါ ဖခင်ကို နှုတ်ဆက်ပြီး အခန်းပြင်ထွက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com


ခတ်လေ့ကားရှေ့မှာ ရပ်စောင့်နေစဉ် ခတ်လေ့ကားနှင့် ချက်နှာချင်းဆိုင်အခန်းပိုင်ရှင် ဒေါ်ဝသန့်သာလည်း သူ့မအခန်းထဲက ထွက်လာ၏။

"မင်္ဂလာနံနက်ခင်းပါ. . ဒေါ်ဝသန့်သာ"

ဒေါ်သဥ္ဇာလီက နှုတ်ဆက်၏။ ဒေါ်ဝသန့်သာကလည်း ပြန်ပြီးပြုံးရင်း. .

"ကောင်းသော နံနက်ခင်းပါပဲ။ အိုး! . . သဥ္ဇာရဲ့သမီးချွန်းက ထွားလာလိုက်တာ. . ဆံပင်တွေကလည်း ဖြောင့်စင်းပြီး ခါးလယ်အထိ ရောက်တယ်။ သိပ်လှတဲ့ ဆံပင်တွေပဲ"

ဒေါ်ဝသန့်သာက အသက်ငါးဆယ်ကျော်ပြီ။ ဆံပင်က ကျန်းမာရေးမကောင်းတုန်းက ညှပ်ထားတာရော၊ ဆံပင်အကျွတ်မြန်တာရောကြောင့် ကျိုတိုကျဲတဲ၊ တိုတိုတိုနန့်။ ဇရာလက္ခဏာတွေနှင့် အရေပြားတွေ ရှုံ့တွလာနေပြီ။ ဒါတောင် မိတ်ကပ်၊ နှုတ်ခမ်းနီ၊ ပါးနီတွေ လိမ်းခြယ်ပြီး ခေတ်စတိုင်(လ်) အဘွားကြီး လုပ်နေသေး၏။ ဓာဦးထုပ်လေးဆောင်းပြီး ဆံပင်မလှတာကို ဖုံးကွယ်ထား၏။

"ကျွန်မ ဆံပင်တွေလှတာ ချီးကျူးတဲ့အတွက် ကျေးဇူးပါပဲ . . ဒေါ်ဝသန့်သာ"

"အေး. . အေး. . တို့ငယ်ငယ်တုန်းကလည်း ဆံပင်တွေ သိပ်လှခဲ့တာ. . မင်းလိုပဲပေါ့. . အခုတော့. . ဟင်း ဟင်း အသက်ကြီးသွားပြီလေ"

"အသက်ကြီးပေမယ့် မပျက်စီးသေးပါဘူး. . မမဝသန့်ရဲ့"

"အိုး. . အချိုမြိန်ဆုံးစကားပဲ သဥ္ဇာ. . မင်း အမျိုးသားရော


www.burmeseclassic.com

www.burmeseclassic.com


သက်သာရဲ့လား၊ မတွေ့ရတာ ကြာပြီ"

"သက်သာပါတယ်. . တစ်ပတ်တစ်ခါတော့ ရေကူးကန် ခေါ်သွားပြီး လေ့ကျင့်ပေးတဲ့သူနဲ့ အောက်ပိုင်းတွေ ပြန်လှုပ်ရှားလာအောင် လုပ်ကြည့်နေပါတယ်"

"ကံဆိုးရှာတဲ့ ကိုနေထိုက်ပဲ။ ကျွတ်. . ကျွတ် သူ့ဘဝ ပိုးချဲ ပေါ်မှာပဲနေပြီး သေသွားရရင်တော့ နှမြောဖို့လည်း ကောင်း၊ သနားစရာလည်း သိပ်ကောင်းသွားပြီ။ စီးပွားအရှာကောင်းတဲ့ လူတော် တစ်ယောက်ပါ။ အကျင့်စရိုက်လည်း ကောင်းပြီး စိတ်ထားဖြူစင်တယ်။ အင်း. . ကျွတ် ကျွတ် ကျွတ် ကျွတ်"

ခတ်လှေကားတက်လာတာ ရောက်ခါနီးပြီ။

"ဒီခတ်လှေကားက အမြဲပျက်နေကျပဲ။ အခုလည်း နှိပ်ခေါ်တာ ကြာနေပြီ။ ကွန်ဒိုပိုင်ရှင်ကိုပြင်ဖို့ တို့အခါခါပြောထားတယ်။ လာပြင်တယ်. . ခဏပဲ. . အမှန်ဆို. . အားလုံး အသစ်လဲပစ်လိုက်ရမှာ"

သဉ္ဇာလီနှင့်ယွန်းတို့ ပြုံးနေလိုက်ကြ၏။ လိုက်ထောက်ခံပြီး မပြော။ ဒေါ်ဝဿန်ဦးက. .

"ဟိုဘက် ခတ်လှေကားကျတော့လည်း သိပ်မစီးရဲဘူး။ လွန်ခဲ့တဲ့တစ်လလောက်က မဖြစ်မနေ တစ်ယောက်ထဲစီးတာ. . အပေါ်ဘက်က ညည်းတွားသံကြီး ကြားရတယ်။ အပုပ်နံ့တွေလည်း ထောင်းထောင်းထနေတာပဲ။ အော်ဂလီဆန်လိုက်တာ. . ပြန်ရွေးရင်းနဲ့တောင် အန်ချင်လာပြီ. . ဝေါ့အေ့. ."

"ဩော်. . မကျွတ်သေးဘူးနဲ့ တူတယ်"


www.burmeseclassic.com

www.burmeseclassic.com


"မသိဘူး၊ ငါအပြင်ထွက်တော့ ငါ့အခန်းရှေ့ရောက်တဲ့အထိ ဒေါက်ဖိနပ်သံ တဒေါက်ဒေါက်ပေးပြီး လိုက်လာတော့တာပဲ။ နောက်လှည့်ကြည့်တော့လည်း မရှိဘူး။ ငါလည်း အခန်းတံခါးပိတ်ပြီး နေလိုက်တာ။ တံခါး လာခေါက်တယ်။ ဖွင့်ကြည့်တော့ ဘာမှမရှိဘူး။ ဆယ်ကြိမ်မကဖြစ်လာတော့ ငါလည်း ချောင်းကြည့်ပေါက်က ချောင်းကြည့်လိုက်တယ်. . အီး. . ခေါင်းမပါဘူး။ သွေးတွေနဲ့ အသားစတွေ လည်ချောင်းပြတ်ထိပ်မှာ အသားအရောင်ကလည်း ပြာနှမ်းနေတာပဲ။ ငါ့ဖြင့် လန့်သေမတတ်ပဲ။ အဲ့ဒီကတည်းက ငါ့တူမနှစ်ယောက်အိမ်မှာ ခေါ်ထားရတယ်။ အဲ့ဒီဓာတ်လှေကားနဲ့ ဘယ်တော့မှ အတက်အဆင်းမလုပ်တော့ဘူး"

ဒေါ်ဝဿန်သာပြောပြီး ကျောချမ်းဟန် လုပ်ပြနေ၏။ ဒေါ်ဝဿန်သာရဲ့ခင်ပွန်းက သဘော်သားကြီး၊ ကွယ်လွန်သွားပြီ။ သားတွေနှစ်ယောက်ရှိတာ သဘော်လိုက်ပြီး မိခင်ကြီးကို ထောက်ပံ့နေကြ၏။ မိန်းမ မယူသေး။ ဒေါ်ဝဿန်သာက အသက်အစိတ်ကျော် လွန်သော သူ့သားငယ်နှင့် လက်ဆက်ပေးစားချင်နေ၏။ ယွန်း လက်မခံ၍ နောက်ပြန်ဆုတ်သွား၏။

"ဓာတ်လှေကား ဆိုက်လာပြီ ဒေါ်ဝဿန်သာ"

"ဝင်ကြတာပေါ့"

အထဲရောက်သည်နှင့် ဝဿန်သာကပင် ဓာတ်လှေကား ဆင်းတဲ့ခလုတ်ကို နှိပ်ပေး၏။ သိမ့်ခနဲဓာတ်လှေကား ဆင်းသွား၏။ ဒေါ်ဝဿန်သာက. .

"ဒီဓာတ်လှေကားက သရဲမခြောက်ဘူး။ ဒါပေမယ့် လူသုံး



www.burmeseclassic.com

www.burmeseclassic.com


ထားလို့ မကြာခဏပျက်တယ်။ ဒီလှေကားသာပြုတ်ကျရင် သေကုန်မှာ. . ငါထင်တယ်. . အဲ. . တို့ထင်တယ်၊ အင်း. . ငါလို့ ပြောလိုက်၊ တို့လို ပြောလိုက်နဲ့ မှတ်ဉာဏ်တွေလည်း လုံးပါးပါးကုန်ပြီ။ တစ်နေ့နေ့တော့ ဒီဓာတ်လှေကားကြောင့် လူသေလိမ့်ဦးမယ်"

အသက်ကြီးသလောက် ဗျစ်တောက် မြည်တွန်စကားများလွန်းသော အဘွားကြီးဖြစ်၏။ မျက်လုံးတွေ၊ နားတွေကောင်းနေသေး၍ ဖျတ်လတ်စွာ သွားလာနိုင်သေး၏။

"ဒါနဲ့ မနေ့က ဓာတ်လှေကားနဲ့ မဆင်းဘဲ လှေကားအတိုင်း ယွန်းဆင်းသွားတာ တို့ တွေ့လိုက်တယ်"

"ရှင်! . . လူမှားတာ ဖြစ်မှာပါ။ ဒီလောက်အမြင့်ကြီး. . မတက်ဆင်းနိုင်ပါဘူး။ ကျွန်မ ဒီကို စ,ပြောင်းလာကတည်းက ဓာတ်လှေကားနဲ့ပဲ ဆင်းတက်နေကြပါ"

"ယွန်းမှ ယွန်းပါ။ ငါက လှမ်းပြုံးပြတော့ ငါ့ကိုပါ ပြန်ပြုံးပြသွားသေးတယ်"

ယွန်း အံ့ဩသွား၏။ မိခင်ဖြစ်သူက ဒေါ်ဝဿန် အထင်မှားတာလား၊ အမှတ်မှားတာလား။ အမြင်မှားတာလားဆိုတာကို စဉ်းစားနေ၏။

"ဒုန်း. . ဝုန်း"

(၆)လွှာမြောက်မှာ ဓာတ်လှေကား ဆောင့်ရပ်သွား၏။

"အိုး! . . ပျက်နေပြန်ပြီ။ ဒီအထဲမှာ အကြာကြီးနေရရင် အသက်ရှူမဝလို့ သေရချည်ရဲ့။ အချုပ်ထဲ ကျနေသလိုလို၊ အခေါင်းထဲ ရောက်နေသလိုလိုနဲ့. . မဖြစ်သေးပါဘူး။ တစ်ခုခုလုပ်မှပါ"


www.burmeseclassic.com

www.burmeseclassic.com


ဒေါ်သဥ္စာလီက ဟန်းဖုန်းထုတ်ပြီး တာဝန်ရှိသူနံပါတ်ကို ရှာနေ၏။ ဒေါ်ဝသန်က. .

"ဒုန်း. . ဒုန်း. . ဒုန်း. . ဒုန်း"နှင့် ခုန်ဆောင့်လိုက်၏။ ဒီတော့မှ စက်လှေကားကြီး ငြိမ့်ခနဲဆက်ဆင်းသွား၏။

"တွေ့လား. . အဲ့ဒီလို လက်ပူတိုက်ပေးမှ ရောဂါရှူသွားတော့တယ်. . ဟင်း ဟင်း ဟင်း ဟင်း"

ဒေါ်ဝသန်ရဲ့ပြောစကားကြောင့် ဒေါ်သဥ္စာက အသံထွက်ရယ်၏။ ယွန်းကတော့ ပြုံးမိသွားသည်။ ခေါင်းထဲမှာတော့ သရဲခြောက်ခံရတဲ့အကြောင်းနှင့် ယွန်းနဲ့ လူတူမိန်းကလေး ရိုးရိုးလှေကားက ဆင်းသွားတာကို မြင်လိုက်တယ်ဆိုတဲ့အကြောင်းကို နှစ်ပင်လိမ် စဉ်းစားရင်း ခေါင်းရှုပ်သွားမိလေသည်။

ဣ ဣ ဣ


www.burmeseclassic.com

www.burmeseclassic.com



**မေမေ**က ကားမောင်းနေရင်း. .

"သမီး အဆင်ပြေရဲ့လား"

မေးတာ မကြား။ စိတ်တွေက ဟိုရောက်၊ ဒီရောက်နှင့် ပျံ့လွင့်အားကြီးနေ၏။ ပုံတူမိန်းကလေးက ဘယ်သူလဲ။ ခတ်လှေကားထဲက သရဲက မကျွတ်သေးတာလား။ ကျောင်းကို ဖျတ်ခနဲအမှတ်ရတော့ ကောင်းမြတ်အကြောင်း တွေးမိ၏။ ပြီးတော့ ရှင်းသန့်လှိုင်။

ကောင်းမြတ်သူရဲ့ ချစ်သူဘဝကို ရှင်းသန့်လှိုင်လည်း လိုချင်တောင့်တနေတာ ယွန်းသိပါသည်။ မိန်းကလေးအချင်းချင်းပဲ။ မြွေမြွေချင်း ခြေမြင်တာပေါ့။ ကောင်းမြတ်သူရဲ့သဘောက စောပြောရခက်နေသေး၏။

ရှင်းသန့်ဖြူနဲ့က အနေနီးပြီး၊ ယွန်းရဲ့ကွန်ဒိုနှင့် အနေလှမ်း၏။ ကျောင်းမှာဆိုလျှင် ကောင်းမြတ်သူက ရှင်းသန့်နဲ့တစ်လှည့်၊ ယွန်းနဲ့တစ်လှည့်စီ ပြောဆိုဆက်ဆံတတ်၏။



www.burmeseclassic.com

www.burmeseclassic.com


အတန်းဖော်သူငယ်ချင်းတွေကတော့ ယွန်းဘက်ကို ပိုဦးစားပေးသည်ဟု ဝေဖန် ပြောဆိုနေကြသည်။ ရှင်းသန့်လှိုင်က တမှောင့်။ မြွေပူရာ ကင်းမှောင့်သလို၊ စိတ်အနှောင့်အယှက် လိုက်ပေးနေသည့် ပြိုင်ဘက်စစ်စစ်။

ကျောင်းရှေ့ပတ်ကင်မှာ ကားထိုးဆိုက်ပေးပြီးသည်နှင့် မေမေက. .

"ကျောင်းစာကို ဂရုစိုက်နော်. . မေမေ့ဘဝမှာ သမီးလေးကသာ အရေးကြီးဆုံးပါ။ သမီးကြည့်ရတာ သိပ်မလန်းဘူး။ စိတ်ညစ်နေသလိုပဲ. . မေမေ ဒီညနေစောင်းပြန်လာမှ အိမ်မှာ ဆွေးနွေးကြတာပေါ့"

ယွန်း ခေါင်းညိတ်ပြပြီး လှည့်ထွက်လာ၏။ တစ်ပတ်စာမုန့်ဖိုးကို မေမေကြိုပေးပြီးသား။ ယွန်းကလည်း သိပ်သုံးတာ မဟုတ်။ ကျောင်းမှာက နေ့လယ်စာ ရှယ်ကျွေး၏။ အပိုချိန်ရှိသူတွေကို အဆာပြေ မုန့်၊ ကော်ဖီ၊ အအေးတိုက်၏။

ကျောင်းဆောင်ထဲရောက်သည့်အခါ ရှင်းသန့်နှင့် ကောင်းမြတ်သူတို့ အရင်ရောက်နှင့်ပြီး စကားလက်ဆုံကြနေ၏။ ယွန်းကို ဖိုးပန်းနေသော အခြားကျောင်းသားတွေက အနားကပ်ဖြတ်သွားရင်း မထိတထိပြောသွား၏။

"သိပ်လှတာပဲ. . အရမ်းမိုက်တယ်၊ အရမ်းခိုက်တယ်"

"အချစ်စောင့် နတ်သမီးလေး"

"နင့်ကိုငါ ချစ်တယ်. . ငါ့ကို နင်ချစ်မလား"

"အဲ့ဒါ. . ငါ့ဘာဂျာ"


www.burmeseclassic.com

www.burmeseclassic.com


ဒါမျိုးတွေ ယွန်း ဂရုမစိုက်ပါဘူး။ လေထဲလွင့်ပါသွားတာတွေလေ။ ယွန်းရဲ့ဟာတ်(ထ်)ကိုထိတာက ရှင်းသန့်နဲ့ ကောင်းမြတ်သူတို့ အကြည်စိုက်နေဟန်တွေကိုပဲ။

ယွန်း ဝင်လာတာတွေ့တာနှင့် ရှင်းသန့်ရဲ့အပြုံးတွေ လွင့်ပါး ပျောက်ဆုံးကုန်၏။ တင်းခက်ထန်မာ မျက်နှာပေးမျိုး ဖြစ်သွား၏။ ကောင်းမြတ်သူလည်း ခွာရုံပြီး မတ်တတ်ရပ်ကာ ယွန်းထိုင်ခုံအနားကို လျှောက်လာ၏။

ယွန်းထိုင်ခုံမှာ ကျောပိုးအိတ်ထားနေစဉ် . .

"ယွန်း ဒီနေ့ နောက်ကျတယ်။ ကျောင်းတက်ဖို့ ငါးမိနစ်ပဲ လိုတော့တယ်။ ခြေလျှင်လျှောက်လာတုန်းက ဘာထူးခြားတာတွေ ထပ်ကြုံနေရလို့လဲ"

"NO ပါ . . မေမေ ကားနဲ့လိုက်ပို့တာ . . အိပ်ရာထ နောက်ကျသွားလို့ . . နင်တို့ချင်း ဆက်ပြောကြလေ . . ငါ့ဘာသာ အေးဆေးနေချင်တယ်"

"ကျောင်းသင်ခန်းစာအကြောင်း ပြောပြနေတာပါ . . အထင်မလွဲပါနဲ့ ယွန်းရယ် . . နင် ငါ့မျက်လုံးတွေကိုကြည့်ပြီး ငါ့နှလုံးသားထဲမှာ ဘာရှိတယ်ဆိုတာ နင်မမြင်နိုင်သေးဘူးလား"

ကောင်းမြတ်သူစကားကြောင့် အကြည့်ချင်း ဒိုင်းခနဲ ဆုံတိုက်သွား၏။ စွန်ကြိုးငြိသလို ငြိနေပြီ။ ရင်ထဲက ကိုယ်စီ ရင်ခုန်သံတွေက တသဲ့သဲ့ကြားနေရ၏။ ရင်ခုန်သံတွေ ထပ်တူညီသွားသည့်သဘော။

အနားကို အရိပ်တစ်ရိပ်ရောက်လာ၍ ယွန်းက အကြည့်ကို


www.burmeseclassic.com

www.burmeseclassic.com


အရိပ်ပိုင်ရှင်ထံ ရွေ့လိုက်၏။

ရှင်းသန့်လှိုင်။

မထိမဲ့မြင်အပြုံးနှင့် လက်နှစ်ဖက်ပိုက်ပြီး စတိုင်တင်းတင်းခြင့်ရပ်လိုက်ကာ. .

"စုန်းမ. . ကောင်းကို နင်ပြုစားလို့ရမယ် ထင်နေသလား. . ဆေါ်ပြုလာ သိပ်မဖြစ်ချင်နဲ့။ နင်ဟော့နေလည်း နင့်ရဲ့ကျောထောက်နောက်ခံစီးပွားရေးက ပျော့နေပြီ။ ငါတို့လို စိန်လက်စွပ်မျိုး ဝတ်နိုင်သလား၊ သိန်းထောင်ကျော်တန်တယ်. . ပြောလေ ပြော"

မနာလိုစိတ်နှင့် ရှင်းသန့်လှိုင်တစ်ယောက် ယွန်းကို အသာလွတ်ကြီး လာခွတ်နေ၏။ ဘလိုင်းကြီးဖွဲ့၏။ အငိုက်မှာ ဝင်ထည့်ခြင်းပင်။

"ငါ စုန်းမ မဟုတ်ဘူး။ နင်သာ အရှုံးမ. . ငါ့ကိုယှဉ်လိုက်တိုင်း နင်ပဲ ရှုံးနေတာလေ။ ငါ့နောက်ခံစီးပွားရေး ဘာပဲဖြစ်ဖြစ်၊ နင့်အကြောင်း မပါဘူး။ နင့်ဘာသာ သိန်းထောင်ကျော်မကလို့ သောင်းကျော်တန်နေပစေ။ တစ်နေ့ နင်သေရင် ကုတို့ခတောင် ပါသွားရင် ကံကောင်း. . ဗိုလုံတစ်လှည့် ငါးပျံတစ်လှည့်ဆိုတဲ့စကား၊ နင် ကြားဖူးရဲ့လား"

"အရှုံးမ. . ဘာတွေ ပြောနေတာလဲ၊ ငါ့လိုလည်း မဝတ်နိုင်ဘဲနဲ့. . ကောင်း. . ဆင်းရဲသားနဲ့ထွက်နေတဲ့ မလှဘုရင်မ "ကွင်းငန်း"ကြီးနားကပ်နေတာ နင့်အဖို့ အနံ့ကူးတာ၊ ဆင်းရဲနံ့ပေါက်တာတွေပဲ အဖတ်တင်လိမ့်မယ်။ နင်သာ ငါ့အစ်ကိုဆိုရင် မြှော်တော်လည်း မကခိုင်းဘူး။ အနားလည်း မကပ်ခိုင်းဘူး။ ဝေးဝေးရှောင်


www.burmeseclassic.com

www.burmeseclassic.com


ခိုင်းမှာ အမှန်ပဲ"

ရှင်းသန့်လှိုင်က မခံချင်လောက်အောင်ကို ထိုးဆွတိုက်ခိုက်၏။ ယွန်း ပြန်ပြောမည်ပြင်သောအခါ ကောင်းမြတ်သူက. .

"တော်ကြပါတော့ဟာ. . ကြားထဲက ငါပဲတောင်းပန်ပါတယ်။ ဘာမဟုတ်တာလေးနဲ့လည်း ရန်ဖြစ်ချင်ကြတယ်။ ခွေးနဲ့ကြောင် မတည့်ကြဘူး။ ရန်ဖြစ်တာ တိရစ္ဆာန်စိတ်ပေါက်တာတဲ့။ ငါ့မိဘတွေက မှာထားတယ်။ ရန်မဖြစ်ကြပါနဲ့ လူပီသစမ်းပါ"

ကျောင်းတက်ဘဲ(လ်)မြည်သံ ပေါ်ထွက်လာ၍ ရန်ပွဲရပ်သွား၏။ နို့မို့ ဆက်ဖြစ်လျှင် ကျိန်းသေဖိုက်တင်။

ဍ ဍ ဍ



www.burmeseclassic.com

www.burmeseclassic.com


“**မင်းသမီး** မှန်သွင်းတာ အဆင်မပြေဘူးလား၊ ဖိုက်တင်တွေလည်း မှန်မဝင်ဘူး။ ဒိုင်ယာလော့ခ်တွေလည်း ခဏ ခဏ မှားနေတယ်။ စပြီးလေ့ကျင့်တဲ့နေ့ဆိုရင် ခွင့်လွှတ်သေးတယ်”

“ကျွန်မစိတ်တွေ စုစည်းလို့မရဘူး ဆရာ”

“ဟူး . . မင်းသမီးရယ်”

ကောင်းမြတ်သူက ကြားဝင်၍ . .

“ဆရာ ယွန်းကို ခဏပေးနားလိုက်ပါလား”

“ဟုတ်ပြီ . . ဆယ့်ငါးမိနစ်နား . . တို့ကျောင်းပိုင် ဒီစတူဒီယို ထဲမှာ နားမလား၊ ဒါမှမဟုတ် ကော်ရစ်ဒါအတိုင်းလျှောက်သွားရင် (၁၀)ခန်းမြောက်ဝေးတဲ့ စာသင်ခန်းထဲမှာ အေးအေးဆေးဆေး ပြန်နားမလား။ အခုမှ ငါးနာရီနဲ့ ဆယ်မိနစ်ပဲ ရှိသေးတယ်။ ဒီမှာ ပြဇာတ်တိုက်ပြီးရင် ဒီက ကျောင်းသူ ကျောင်းသားတွေ အဲဒီ စာသင် ခန်းကို လွယ်အိတ်လာယူကြမှာ”


www.burmeseclassic.com

www.burmeseclassic.com


"ကျွန်မ စာသင်ခန်းထဲမှာပဲ အေးဆေးပြန်နားတော့မယ် ဆရာ"

"ကောင်းပြီ. . ဒိုးတော့"

ဆရာက ခေတ်ဆန်သည်။ အသက်က(၃၇)ခန့်။ ကြည့်ကောင်းပြီး သွက်လက်ချက်ချာ၏။ ယွန်း လှည့်ထွက်မည်ပြင်ခါရှိသေး၊ ရှင်းသန့်လှိုင်က အနားရောက်လာ၏။

"အလုပ်ပျက်တယ် ဆရာ။ ခေါင်းဆောင်မင်းသမီးနေရာ သူနဲ့ မထိုက်တန်ပါဘူး"

"နင်နဲ့ ထိုက်တန်တယ်ထင်ရင် ယူလိုက်လေ"

"နင်ကရော တကယ် စွန့်လွှတ်ရဲလို့လား. . ရွှေစင်ယွန်း"

ဆရာသီဟက ကြားဝင်ပြီး. .

"တော်ကြစမ်း ရှင်းရှင်း. . မင်းနဲ့ ဘာဆိုင်လို့ ဝင်ပြောရတာလဲ"

"သူ့ကြောင့် ကျန်တဲ့လူတွေ စောင့်နေရမှာလား"

"စောင့်မနေရဘူး။ တခြားအခန်းတွေ ဆက်တိုက်မယ်။ မင်းသားရဲ့အဖေနဲ့အမေ တွေ့ဆုံခန်း လေ့ကျင့်မယ်။ သက်ဆိုင်ရာ သရုပ်ဆောင်တွေ လာကြ။ ငါခိုင်းတာ မလုပ်လို့ကတော့ မင်းတို့ရဲ့ ဝါသနာပါရာ သင်ယူနိုင်မှု ရမှတ်မှာ ဓီးရိုးနဲ့ကြက်ခြေခတ်တွေ ပေးပစ်လိုက်မယ်"

ဆရာဖြစ်သူ၏ ရာဇသံပြင်းတော့ ဘယ်သူမှ ခုခံငြင်းမယ့်လူ မရှိ။


www.burmeseclassic.com

www.burmeseclassic.com




# အခန်း[၃]

## သူ. . ဘယ်သူလဲ

**ငွေကြေး** ပြည့်စုံသူတွေ အများစုတက်ရောက်ရာ ပုဂ္ဂလိက အိုးသန့်ကျောင်း။ ကျောင်းအုပ်ဆရာမကြီးက ပိုင်ရှင်။ အကောင်းဆုံး ဆရာတွေ ငှား၏။ အကောင်းဆုံး ကျောင်းသုံးပစ္စည်းဘောဂ၊ သင်ကြား ရေး ထောက်ကူပစ္စည်းတွေ။ နေရာ ကျယ်ဝန်းသန့်ရှင်းမှု၊ (၂၄)နာရီ အက်ပေါင်းစုံဝန်ဆောင်မှုတွေနှင့်။ ဒီကျောင်းက အောင်လက်မှတ် ထိုရလျှင် ပြည်ပနိုင်ငံတကာ ကောလိပ်တွေမှာ ဆက်တက်ခွင့်ရှိ၏။

ကျောင်းပြန်လွှတ်ချိန်က ညနေ(၃)နာရီခွဲ။ ယွန်းတို့တွေက အပိုချိန် ဆက်သင်နေရခြင်းပင်။ ကျောင်းမှာ ကျောင်းစောင့်တွေမှ တစ်ပါး အခြားကျောင်းသူ၊ ကျောင်းသားတွေ မရှိကြတော့။ ကျောင်း ပြန်လွှတ်ထား၍ ပြန်ကုန်ကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကော်ရစ်ဒါမှာ ယွန်းတစ်ယောက်ထဲ။ စီးထားရသော ဒေါက်တာမာတင်ဖိနပ်ရဲ့ ခွာသံကိုသာ ကြားနေရ၏။

"ခွပ် . . ခွပ် . . ခွပ် . . ခွပ်"

"ရှပ် . . ရှပ် . . ရှပ် . . ဖလပ်"

နောက်က ကပ်လိုက်လာသောခြေသံကို ကြားလိုက်ရ၏။ လူသူလေးပါး ကင်းရှင်းနေ၏။ ကျောင်းစောင့်တွေက အောက်ဘက် အဆောင်တွေဆီ ရောက်နေပုံရသည်။

စာသင်ခန်းရှေ့ရပ်ပြီး လက်ကိုင်ဖွင့်မည်ပြင်တော့ နောက်ကနေ လူဖြတ်သွားသလို လေဝှေ့တာရော၊ မှန်တံခါးမှ ရိပ်ခနဲ မြင်လိုက်တာရောကြောင့် ဆတ်ခနဲ လှည့်ကြည့်မိ၏။ ဘယ်သူမှ မရှိ။

'ကိုယ့်စိတ်က ကိုယ့်ကို ပြန်ခြောက်လှန့်နေတာ' ဟူသော အတွေးဖြင့် ယွန်းဘာသာ အားတင်းကာ သတ္တိစိတ်မွေးလိုက်၏။

"ငါ ညတိုင်း ဘုရားရှိခိုး အိပ်နေတာပဲလေ။ ဘာလို့ ကြောက်ရမှာလဲ။ ကံမြင့်နေတဲ့သူကို ဘယ်မကောင်းဆိုးဝါးမှ ခြောက်လှန့်ရဲမှာ မဟုတ်ဘူး"

အခန်းတံခါးကို ဆွဲဖွင့်ပြီး ယွန်း အခန်းထဲ ဝင်နေလိုက်၏။ အခန်းတံခါးကို ဆွဲဖွင့်ထားလိုက်၏။ ယွန်းရဲ့ထိုင်ခုံမှာ ယွန်း ဝင်ထိုင်ပြီး ဘုရားစာဆိုမည် ပြင်လိုက်စဉ် . .

"ဝုန်း! . . ဒိုင်း! . ."

နောက်ဆုံးတန်းက ထိုင်ခုံ ပြိုလဲကျသွား၏။ ဘယ်သူမှလည်း မရှိ။ ယွန်း ကြက်သီးမွေးညင်းတွေ ထောင်တက်သွား၏။ အနံ့ရာယ် ရနံ့ကိုရသော သားကောင်နှယ် ပြာယာခတ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com


"ဒုန်း! . ."

ဖွင့်ထားသော အခန်းတံခါးကြီး ဆောင့်ပိတ်သွား၏။ အကောင်အထည် မမြင်ရပါဘဲနှင့် လူတစ်ဦးဦးက လိုက်လံ နှောင့်ယှက် ခြောက်လှန့်နေသလိုပင်။

ဗီုက်ဘုတ်ပေါ်မှာ ဆော့ပင်(န်)မပါဘဲ စာတမ်းတွေ ပေါ်လာ၏။

"နင်ဟာ ငါ. . ငါဟာ နင်၊
တစ်ကိုယ်ကောင်းဆန်ချင်လို့ မရဘူး။
နင့်နောက်မှာ ငါအမြဲရှိတယ်။
နင် ငါ့လက်က မလွတ်တော့ဘူး"

ယွန်းရဲ့ကျောရိုးထဲထိ ကြောက်စိတ်တွေ ထိုးဖောက်သွား၏။ ခေါင်းမွေးတွေ ထောင်တက်မတတ်။ ကြက်သီးတွေ တဖျန်းဖျန်း ထလိုက်၊ ခေါင်းနပန်း ကြီးသွားလိုက်၊ ထွက်ပြေးသွားလျှင် ဘာလိုက် လုပ်မှာလဲ"

"နင်. . နင် ဘယ်သူလဲ၊ ဘာလို့. . လိုက်နှောင့်ယှက်နေတာလဲ၊ နင့်ကို ငါ. . ငါ မကြောက်ဘူး။ ဂရုမစိုက်ဘူး။ နင်နဲ့ငါက ဘာပတ်သက်လို့လဲ။

နောက်ထပ်စာလုံးတွေ ထပ်ပေါ်လာပြန်၏။

"ငါ့အကြောင်းသိချင်ရင် အသက်ရှင်လျက်နဲ့ လင်မယား ချင်း ချစ်ကြိုက်ကြရဲ့သားနဲ့ ချစ်တင်းမနှောရတော့တဲ့ နင့်အဖေနဲ့ နင့်အမေကို မေးကြည့်၊ ငါ့အကြောင်း သိလိမ့်မယ်။ မှတ်ထား. . ငါ့နာမည် ငွေစင်သွန်း"


www.burmeseclassic.com

www.burmeseclassic.com



သမာရိုးကျဖြစ်စဉ်တွေ မဟုတ်တော့။ မမြင်ရသောအရာက သူရှိနေကြောင်း သက်သေပြနေပြီလေ။

"ဝုန်း . . ဒုန်း . . ဒုန်း . . ဘုံး"

ယွန်းရဲ့ဘေးဘက် ထိုင်ခုံတွေကို ဆက်တိုက် လဲဖြိုပြစ်လိုက်၏။ ယွန်း လန့်တုန်ပြီး စူးစူးဝါးဝါး၊ ကြောက်လန့်အော်ဟစ် ထွက်ပြေး၏။ အခန်းတံခါးက စေ့ထားတာမို့ တွန်းဖွင့်လိုက်သည်နှင့် ပွင့်သွား၏။ တော်ပါသေးရဲ့။ ပြေးလမ်းပိတ်မထားလို့၊ ခြေလှမ်းတွေက သာခွေယိုင်ချင်နေ၏။ အားသွန်ပြီး ယွန်းပြေးလာလိုက်၏။

နောက်ကလည်း ပြေးလိုက်လာသော ခြေသံ။

"ဒုန်း . . ဒုန်း . . ဒုန်း . . ဒုန်း"တွေကို အတိုင်းသား ကြားလိုက်ရ၏။

ယွန်း ကြောက်လွန်း၍ အသံပင် မထွက်တော့။ စတူဒီယိုခန်းထဲက ဆရာနှင့် ကောင်းမြတ်သူ။ ကျောင်းသူ၊ ကျောင်းသားတွေ ပြေးထွက်လာကုန်ကြ၏။

"ကယ် . . ကြ . . ပါ . . ဦး"

"ယွန်း . . ယွန်း . ဘာဖြစ်လာတာလဲ"

"တပည့်မ . . ဘာဖြစ်လို့လဲ"

ဆိုလိုက်သည်နှင့် ဆရာက ဆီးပြီး လက်ကိုင်ဆုပ်ကာ လှုပ်ခါမေး၏။

"ကျွန်မ . . ကျွန်မနောက်ကို တစ်ယောက်ယောက် လိုက်နေတယ်"

"ဝုန်းဒိုင်းကျဲသံတွေ ကြားရလို့ ဆရာတို့လည်း ပြေးထွက်



www.burmeseclassic.com

www.burmeseclassic.com


သာကြတာ. . ဆရာ သွားကြည့်လိုက်မယ်"

ဆရာက ကျောင်းသားလေးငါးယောက်နှင့် စာသင်ခန်းဘက်ကို ပြေးထွက်သွား၏။

ကောင်းမြတ်သူက အေးစက်နေသော ကြောက်ကြောက်ရွံ့ရွံ့ ယွန်းလက်ကလေးကို ဆုပ်ကိုင်နွေးထွေးပေးရင်း. .

"ယွန်း ဘာဖြစ်သွားသေးလဲ၊ ဘာဖြစ်ကုန်သေးလဲ"

"ဟင့်အင်း. . ဘာမှမဖြစ်ဘူး။ အဲ့ဒီက သ. . သရဲခြောက်တာ"

"ဟုတ်လို့လား. . ကျောင်းမှာ ဘယ်က သရဲရှိရမှာလဲ၊ ဒီကျောင်းတွေက သန့်သန့်လေးရယ်"

"ဟုတ်. . ဟောဟဲ. . ဟုတ်တယ် ကောင်း၊ ဗိုက်ဘုတ်မှာ စာတမ်းတွေ ပေါ်လာတယ်။ ဖွေ့(စ်)ဘွတ်မှာ ရေးပြသလိုမျိုး၊ ငါ. . အိပ်ကြောက်တာပဲ ကောင်းရယ်"

ကောင်းမြတ်သူက အသာထွေးဖက်ပြီး ကျောသပ်နှစ်သိမ့်ပေးလိုက်၏။ ယွန်းရဲ့သူငယ်ချင်း ပန်းအိစံနှင့် အေမီအောင်တို့က ယွန်းဘေးနားမှာ ဝိုင်းကပ်ပြီး အားပေးစကားပြောနေကြ၏။

ရှင်းသန့်ဖြူက သန့်စင်ခန်းသွားသည့်ဘက်မှ ထွက်ပေါ်လာ၏။

"ကောင်း. . နင့်ကို အနံ့အသက်တွေ ကူးကုန်ပြီ။ နင့်ကိုငါ သေတော့ဘူး။ နင်နဲ့ အပေါင်းအသင်း မလုပ်တော့ဘူး"

ရှင်းသန့်က ပိတ်ပြောပြီး ယွန်းကို မျက်စောင်းထိုးကြီးနှင့် ကြည့်ကာ. .



www.burmeseclassic.com

www.burmeseclassic.com


"အရှုးမ. . မာယာတစ်သိန်း၊ အပလိန်းအနန္တနဲ့ တတ်လည်းတတ်နိုင်တဲ့ ဂေါက်ကြောင်မ"

"နင်သာ အရှုး ဂေါက်ကြောင်မ. . မနာလိုစိတ်နဲ့ မစ္ဆိရိယဘီလူးမ"

ယွန်းလည်း တုန့်ပြန်ပြောပစ်လိုက်၏။ ဆရာနဲ့ကျောင်းသားတွေ ပြန်ရောက်လာကြ၏။

"ဘယ်သူမှလည်း မတွေ့ဘူး"

"ဟိုဘက် အပေါ်ဘက်အပေါက်တွေလည်း သော့ပိတ်ထားတယ်။ စတူဒီယိုခန်းကို ပြန်ဖြတ်ကျော်ပြီးမှ လှေကားပေါက်ရှိတာ။ ဒီတစ်ပေါက်ပဲ ကျောင်းစောင့်တွေက ဖွင့်ပေးထားတာ. . ဘယ်သူမှ ဆင်းလို့မရဘူး"

"ခုန်ဆင်းသွားရင်ရော. . ဝရန်တာက"

"စူပါမင်း(န်)လား၊ ပါဝါရိန်းဂျားလား၊ ဂျက်ကီချန်းလား. . မဖြစ်နိုင်တာတွေ"

ရှင်းသန့်နဲ့တွဲဖော်တွဲဖက် မေယမင်းက ဝင်ပြောလိုက်၏။ ရှင်းသန့် အစ်ကိုဝမ်းကွဲ မောင်မောင်သန့်ကလည်း. .

"သူ့ဘာသာ စိတ်ဖောက်ပြီး ခုံတွေကို လှန်ဖြိုပစ်တာပဲဖြစ်မှာ. . ဆရာ၊ ရွှေစင်ယွန်းမှာ ဆိုက်ကိုရှိနေပြီ"

ကောင်းမြတ်သူ ဆတ်ခနဲဖြစ်သွားပြီ. .

"မင်း အဲ့လို ရမ်းသမ်းမပြောနဲ့"

ရှင်းသန့်က ကြားဝင်ပြီး. .

"ပြောမနေပါနဲ့ဟာ. . အဖက်မတန်ပါဘူး။ ဂေါက်ကြောင်မ



www.burmeseclassic.com

www.burmeseclassic.com


နဲ့တွဲတာ ဂေါက်ကြောင်ထီးပဲဖြစ်မှာပေါ့။ ဆရာ. . အလုပ်ပျက်ပါတယ်"

"တော်. . တော် စကားနာထိုးနေရင်. . စကားများ ရန်ဖြစ်တာပဲ အဖတ်တင်မယ်။ ကဲ. . ကဲ ဒီနေ့အဖို့ ဒီလောက်ပဲ။ ပြန်ကျတော့. . လုံခြုံရေးတွေ ဖုန်းဆက်ခေါ်ပြီး တစ်ကျောင်းလုံး လိုက်စစ်ဆေးခိုင်းလိုက်ဦးမယ်"

ဣ ဣ ဣ


www.burmeseclassic.com

www.burmeseclassic.com


**ယွန်း** အပြင်က သူငယ်ချင်းတွေနှင့် ပြန်လာဖြစ်၏။ ကောင်းမြတ်သူ၊ ပန်းအိစံ၊ အေမီအောင်တို့နှင့် မြို့ထဲ လျှောက်လည်။ စားချင်တာ ဝယ်စား၊ စိတ်ပြေလက်ပျောက် လျှောက်သွားပြီး ကား နှင့် ပြန်လာဖြစ်ကြ၏။ ယွန်းတို့ ကွန်ဒိုနားရောက်တော့ မှတ်တိုင် တစ်ခုအနားမှာ ရပ်စောင့်နေသော မိန်းကလေးကို ယွန်း လှမ်းမြင် သွား၏။

ဖျတ်ခနဲဆိုပေမယ့် ကိုယ့်ရုပ်ပုံကိုယ် ပြန်မြင်လိုက်ရသလို ပင်။ ယွန်းနှင့် ရုပ်ရည်ချွတ်စွပ်တူသော ကောင်မလေး။ ကားက ကွန်ဒိုရှေ့မှာရပ်သည်နှင့် ယွန်း လက်ပြနှုတ်ဆက်လိုက်၏။ သူငယ် ချင်းတွေ ကားနဲ့ပြန်ထွက်သွား၏။

ယွန်း မှတ်တိုင်နေရာကို အပြေးသွားကြည့်၏။ ယွန်းနဲ့တူ သော မိန်းကလေးကို မတွေ့ရတော့။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းလည်း ကွန်ဒိုရှိရာ ပြန်လာလိုက်၏။ ဘာလို့ ဒီလို ထိုက်နေ့ခင်ယှက်နေရတာလဲ . . ငွေစင်သွန်းဆိုတာ ဘယ်သူလဲ။ ယွန်း စဉ်းစားလို့မရ။ ကွန်ဒိုထဲဝင်ပြီး ခါတ်လှေကားစီးလိုက်၏။ ချက်နေတဲ့ ခါတ်လှေကားပေါ်။

"ဟင်! . ."

ခါတ်လှေကား အတွင်းနံရံတွေမှာ ယွန်းရဲ့ပုံရိပ်တွေ ကိုယ်သေး၊ ခေါင်းကြီးပုံက တစ်မျိုး၊ ခေါင်းသေး ကိုယ်ခန္ဓာကြီးနေပုံက တစ်မျိုး။ ယွန်းကို စားမတတ်၊ ဝါးမတတ် မကျေနပ်သော ဒေါသစိတ်တွေနှင့် စိုက်ကြည့်နေ၏။

ယွန်း တစ်ယောက်ထဲမို့ ကြက်သီးဖုကြီးတွေ သီးထပြီး ခေါင်းနပမ်းကြီး ထွက်သွား၏။ ခြေသလုံးတွေ ဆတ်ဆတ်တုန်လာ၏။ အပြင် ထွက်ပြေးလို့မရ။ အော်ဟစ်အကူအညီ တောင်းလို့မရ။ ယွန်း သေချင်စိတ်ပေါက်သွား၏။ လက်ချောင်းတွေနှင့် ပါးစပ်ကို ဆော့ပိတ်ပြီး မျက်လုံးစုံမှိတ်ထားလိုက်၏။

"ဖလပ် . . ဖလပ် . . ဖလပ်"

အပေါ်ဘက်က အသံကြား၏။ ယွန်းရဲ့လက်မောင်းကို လက်သည်းချွန်နှင့် ကုတ်ခြစ်သယောင် ခံစားရ၏။ ယွန်းမျက်လုံး ဖွင့်ကြည့်လိုက်လျှင် လန့်သေလောက်စရာ ပုံစံတွေမြင်ပြီး လိပ်ပြာလွင့်သွားလိမ့်မည် ထင်သည်။

ဘုရားစာကို စိတ်တုန်လှုပ်ချောက်ချားစွာဖြင့် ရှေ့နောက်လွဲမှား ရွတ်ဆိုမိရင်း မျက်လုံးဖွင့်ကြည့်လိုက်၏။ ဘေးမှာ ဘာမှမရှိ။

"ကျစ် . . ကျစ် . . ဖလပ် . . ဖလပ်"



www.burmeseclassic.com

www.burmeseclassic.com


အပေါ်က အသံကြား၍ ဘုရားစာရွတ်ထားသော ရဲတင်း စိတ်ဖြင့် ဆတ်ခနဲမော့ကြည့်လိုက်၏။

"အား! . ."

ယွန်းပုံစံ . .။ ယွန်းရဲ့ ခေါင်းပြတ်ကြီး။ မျက်ကွင်းကြီးတွေ က ညိုမဲနေ၏။ မျက်နှာကြီးက ဖြူဖျော့ပြီး ပါးစပ်ထဲက လျှာတစ် လစ်ထွက်လိုက်။ လျှာပြန်သိမ်းပြီး ကျစ်ကျစ်စုပ်လိုက်၊ မျက်လုံးပြူး ကြီးတွေနှင့် ယွန်းကိုစိုက်ကြည့်နေ၏။

ယွန်း ကြောက်သေးဖျန်းဖျန်း ပါမိကုန်၏။

အသံတွေ တိုးနစ်တိမ်ဝင်ကုန်၏။ အားအင်တွေ ဆုတ်ယုတ် ပြီး ဒူးတွေ ဆတ်ခေါက်လိုက်ကုန်၏။ စိတ်ကသာ မိုင်တစ်ရာလောက် ထွက်ပြေးသွား၏။ ခန္ဓာကိုယ်က နေရာကမရွေ့နိုင်။ ခန္ဓာကိုယ်ကို အတင်းစေခိုင်းကြည့်၏။ မရတော့။

"ဩကာသ . . ဩကာသ . . တရား ဘုရား သံဃာ"

အမှန်တော့ ယွန်း ကြောက်လန့်တကြားဖြင့် အမှားဆိုမိနေ ၍ အစွမ်းမပြ။ ဖျတ်ခနဲ အလင်းရောင်အသိဉာဏ်လေး ဝင်လာမှ မှားဆိုမိမှန်း သိသွား၏။ မျက်လုံးစုံမှိတ်ကာ ရတနာသုံးပါးအား အာရုံပြုပြီး. .

"ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ"

"သေချင်သေပါစေ၊ သုံးလောကထွဋ်တင်၊ မြတ်ဗုဒ္ဓရှင် တော် ဘုရားကို ကိုးကွယ်ရာအစစ်အမှန်ဟု ပူဇော်ပါ၏။ ရိုသေ မြတ်နိုးစိတ်ဖြင့် ရှိခိုးပါ၏ဘုရား"ဟု စိတ်ထဲမှ ရွတ်ဆိုမိလိုက်သည်


www.burmeseclassic.com

www.burmeseclassic.com


ဘား၊ ကြောက်စိတ်တွေ ဖျဉ်းဖျဉ်း ဖျဉ်းဖျဉ်းနှင့် ကျဆင်းသွား၏။

ခြေထောက်တွေ ပြန်ခိုင်မတ်လာ၏။ အသံတွေ ပြန်ကောင်းလာ၏။ အားအင်တွေ ပြန်ရှိလာ၏။

သိမ့်ခနဲ ဖြစ်သွား၏။ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ဘာမှမရှိတော့။ ခါတ်လှေကားတံခါးကြီး ပွင့်နေ၏။

ယွန်းတို့နေထိုင်ရာ အခန်းကျယ်ရှိသည့်အလွှာကို ရောက်ပြီ။ ဒေါ်ဝဿန်က ခါတ်လှေကားရှေ့နှင့် ဘေးဘက်နားမှာ ရှိသော ရိုးရိုးအတက်အဆင်း လှေကားကြမ်းပြင်ပေါ်က ဖုံတွေကို တံမြက်စည်းနှင့် လှည်းနေ၏။

ခါတ်လှေကားပွင့်ပြီး ရုတ်တရက် လူထွက်မလာသေး၍ ဒေါ်ဝဿန် တံမြက်စည်းလှဲတာရပ်ပြီး ထွက်ပေါက်ကို သေချာကြည့်နေ၏။ လက်ကလေးတစ်ဖက် တံခါးချပ်အစွန်းကို အားယူဆုပ်ကိုင်ပြီး တုန်ယင်ချိနဲ့စွာနှင့် ယွန်းထွက်လာလိုက်၏။

ဒေါ်ဝဿန်က ယွန်းကို ထိတ်လန့်အံ့သြစွာကြည့်ရင်း . .

"ယွန်း. . နင် ငါ့ကို မျက်လှည့်ပြနေတာလား၊ တမင်နောက်ပြောင်နေတာလား၊ ငါက နောက်စရာ အဘွားကြီး မဟုတ်ဘူးနော်၊ မရှိမသေမလုပ်နဲ့"

"ရှင်! . . ကျွန်မ ဘာနောက်ပြောင်မိလို့လဲ"

"မင်း. . အခုလေးတင်၊ ရိုးရိုးလှေကားထစ်ကနေ ဆင်းသွားတာလေ။ တစ်လွှာကျော်လောက်ပဲ ရောက်ဦးမယ်။ ဟော. . ချက်ချင်း ဒီခါတ်လှေကားထဲက ထွက်လာတယ်။ အဲဒါ ဖြစ်နိုင်လား။ မဖြစ်နိုင်တာ ပြတာ မျက်လှည့်၊ မှော်ပညာနဲ့ စွမ်းအတတ်


www.burmeseclassic.com

www.burmeseclassic.com


တွေပဲပဲဟဲ့. . နင်ဟာ တစ်ခုခုပဲ"

"အဲဒါ ကျွန်မ မဟုတ်ဘူး။ လုံးဝ မဟုတ်ဘူး အန်တီဝဿန်"

"ငါ့မျက်လုံးတွေ ကောင်းသေးတယ်။ ပါဝါမျက်မှန်တောင် တပ်စရာ မလိုတော့ဘူး။ နင်. . ငါ့ကိုနှုတ်ဆက်ပြီး ဆင်းသွားတာ။ နင် ကြောင်တောင်တောင်တွေ မလုပ်နဲ့နော်"

ယွန်းရင်ထဲမှာ ကြောက်လန့်စိတ်အစား ဒေါသ၊ မခံချင် စိတ်တွေ ဝင်လာ၏။ ဒါသက်သက်မဲ့၊ ယွန်းအယောင်ဆောင်ပြီး လိုက်နှောင့်ယှက်တာ၊ စိတ်ဒုက္ခပေးနေတာ။ နေ့စဉ်ရက်ဆက်ကြီး လုပ်နေတာ"

"ကျွန်မဘက်ကလည်း မညာပါဘူး အန်တီဝဿန်"

"မင်းရဲ့ဆံပင်လှလှကြီးတွေကို ငါ အမြဲတမ်း မှတ်မိနေတယ်။ မင်းမှမင်းအစစ်ပဲ ယွန်း"

ယွန်း ပေါက်ကွဲသွားပြီ။ ချက်ချင်း လှေကားအတိုင်း ဆင်း ပြေးပြီး လိုက်၏။ တစ်လှမ်းချင်းအကွေ့ရောက်သည်နှင့် အောက်ကို ငုံ့ကြည့်လိုက်၏။

တွေ့ပြီ။ ယွန်းရဲ့ဝတ်စုံအတိုင်း ဝတ်စားထားသော ယွန်းနဲ့ ပုံစံတူ မိန်းကလေး၊ လှေကားအတိုင်း ဒရောသောပါး အောက်ကို ဆင်းပြေးနေ၏။

"ဟေ့. . မပြေးနဲ့၊ ငါ့ဟန်ဆောင်ပြီး ငါ့ကို ဘာလို့ ဒီလောက် နှောင့်ယှက်နေတာလဲ. . ရပ်စမ်း၊ နင်နဲ့ငါနဲ့ ထိပ်တိုက်ရှင်းမယ်။ နင် သတ္တိရှိရင် ရပ်နေလိုက်၊ မပြေးနဲ့. . ငါလာပြီ"

ယွန်း အော်ဟစ်တားပြီး ပြေးဆင်း၏။ ရှေ့ကဆင်းပြေး


www.burmeseclassic.com

www.burmeseclassic.com



နေသူကလည်း မရပ်။ လှေကားအဆုံး အပြင်ထွက်ပေါက်ကို ထွက်ပြေးသွား၏။ ယွန်းလည်း ခုန်ကျော်ပေါက်ကျော် ပြေးဆင်းလိုက်၏။ ကွယ်သွား၍ မှီအောင်ပြေးလိုက်၏။

“ဟေ့. . ရပ်. . အခု ရပ်စမ်း”

ယွန်း အပြင်ရောက်လာ၏။ အပြင်အပေါက်မှာ ကလေးကောင်ကို တွန်းလှည်းထဲထည့်ထိန်းနေသော နာနီ မမေဦးကို တွေ့လိုက်ရသည်။

“မမေဦး. . ဒီထဲကနေ ကျွန်မလို ရုပ်ရည်မျိုး၊ ကျွန်မလို ဝတ်စုံမျိုးနဲ့ ကောင်မလေးတစ်ယောက် ပြေးထွက်သွားတာကို တွေ့လိုက်သလား”

“ဒီနားလေးတင် တွန်းလှည်းတွန်းနေတာ ကြာပြီ။ ဒီလှေကားထဲကနေ ဆင်းပြီး ထွက်သွားတဲ့လူ တစ်ယောက်မှကို မတွေ့ဘူး”

“ဟုတ်. . ဟုတ်ရဲ့လား”

“သြော်. . မမ တကယ်ပြောတာပါ။ ယွန်းကိုကြည့်ရတာ ချွေးတွေသံတွေနဲ့ မောနေတာကိုး။ ဘာတွေဖြစ်နေတာလဲ၊ ဘာဖြစ်ခဲ့တာလဲ”

“ကျွန်မ မျက်စိနဲ့ ကျွန်မရှေ့ကတင် ထွက်ပြေးသွားတာ. . မမေဦးပဲ ဒီနားမှာ ရှိတာ။ ကျိန်းသေမြင်ရမှာပဲ”

“အစ်မ ကျမ်းကျိန်ပြောဆို ပြောပါ့မယ်။ တကယ်ကို မတွေ့လိုက်တာပဲ”

“ဟူး. .”



www.burmeseclassic.com

www.burmeseclassic.com



ယွန်း သက်ပြင်းမောကြီး မှုတ်ထုတ်လိုက်၏။ ပျော့ပြောင်းလှပသော ဆံပင်တွေကို ကိုင်မိသွား၏။

"ငါ့အယောင်ဆောင်ပြီး ငါ့ကို နှောင့်ယှက်နေတယ်။ ငါနဲ့ ဒင်းမတူအောင် ငါလုပ်ပစ်မယ်။ ဘယ်တော့မှ ငါဟာ သူမဟုတ်ဘူး"

ယွန်း စိတ်တိုတောင်းစွာဖြင့် ကြိမ်းဝါးပစ်လိုက်သည်။

ဂ ဂ ဂ



www.burmeseclassic.com

www.burmeseclassic.com




# အခန်း[၄]

## အမြောက်ကြမ်းသည်

**ယွန်း** ရဲ့ ဆံပင်တွေကို ကုတ်ဝဲဖြစ်အောင် ကပ်ကြေးနှင့် သူမ ဘာသာ ကိုက်ညှပ်ပစ်လိုက်၏။ မှန်ထဲမှာ ဆံပင်ပုံစံပျက်ပြီး သေမသပ်၊ စုတ်တိစုတ်ဖွားနှင့် ကေသာ အလှမဲ့သွားသော ယွန်း ပုံစံကို ယွန်း ပြန်မြင်နေရပြီ။

"မှတ်ထား. . နင်နဲ့ငါ မတူစေရဘူး"

ယွန်း ကျောင်းကို အစောကြီးထွက်လာမိ၏။ မိဘတွေ ဆံပင်ပုံစံပျက်ကြီးနှင့် မမြင်သေးခင်ပေါ့။ ဥမင်လှိုဏ်ခေါင်းကို ဖြတ်ရပြန်ပြီ။ မနက်အစောပိုင်းမို့ ဥမင်ထဲမှာ လူသူကင်းရှင်းနေ၏။


www.burmeseclassic.com

www.burmeseclassic.com


မိုးအကုန်၊ ဆောင်းအကူးကာလကို ရောက်ခါနီးပြီ။

"ဒင်းကို အိပ်မက်ထဲမှာ တွေ့ခဲ့ရတာ ဒီနေရာပဲ"

ယွန်း တီးတိုးရေရွတ်ကာ အံတင်းတင်းကြိတ်ပြီး ဥမင်ထဲ ခပ်ရဲရဲ လျှောက်ဝင်လာလိုက်၏။

"ငါ ဒီမှာရှိတယ်"ဆိုတဲ့ စာတမ်းရေးထားတဲ့နေရာမှာ လူ တစ်ယောက် ရပ်နေ၏။ သတ္တိတွေမွေးလာသော်လည်း ကြောက် စိတ်က ခုန်တက်လာ၍ ခြေလှမ်းတွန့်သွားမိ၏။

နောက်ပြန်ဆုတ်ရင် ကောင်းမလား၊ ယွန်းကို စိတ်ဒုက္ခ အမျိုးမျိုးရောက်အောင် အနှောင့်အယှက်လိုက်ပေးနေတဲ့ ဒင်းနဲ့ ဒွဲဒိုး ရင်ဆိုင် ရှင်းမလား။ ယွန်း ဘုရားစာကို ကြည်ညိုသဒ္ဒါစိတ်ဖြင့် စနစ်တကျ ရွတ်ဆိုလိုက်၏။

"ဗုဒ္ဓံမြတ်စွာဘုရားကို သရဏံကိုးကွယ်ရာ အစစ်အမှန် ဟူ၍ ဂစ္ဆာမိ ဆည်းကပ်ပူဇော်ပါ၏ အရှင်ဘုရား၊ ဓမ္မံ တရားတော် မြတ်ကို သရဏံကိုးကွယ်ရာ အစစ်အမှန်ဟူ၍ ဂစ္ဆာမိ ဆည်းကပ် ပူဇော်ပါ၏ အရှင်ဘုရား၊ သံဃံ သံဃာတော် အရှင်သူမြတ်တို့ကို သရဏံ ကိုးကွယ်ရာ အစစ်အမှန်ဟူ၍ ဂစ္ဆာမိ ကိုးကွယ်ဆည်းကပ် ပူဇော်ပါ၏ အရှင်ဘုရား"

ယွန်း နှုတ်တက်ဖွဖွဆိုနေစဉ် အဲ့ဒီအရိပ်မဲမဲအနားကို ရောက်လာ၏။

"ဟား ဟား ဟား ဟား ဟင်း ဟင်း ဟင်း ဟင်း ဟီး ဟီး ဟီး"

မိန်းမတစ်ဦးရဲ့လှောင်ရယ်သံ။ ယွန်းနှင့် ရင်ဆိုင်ရပ်လိုက်ပြီး


www.burmeseclassic.com

www.burmeseclassic.com


ချွန်းရှိရာကို လျှောက်လာ၏။ ဘုရားစာ ဒီလောက်ရွတ်တာတောင် ပြေး။ ဘယ်လောက်တောင် အစွမ်းထက်နေသလဲ မသိ။

အနားရောက်မှ အလင်းရောင်ပျပျနှင့် ကြည့်လိုက်၏။

"အမလေး"

ရုပ်ပျက်ဆင်းပျက် မျက်နှာကြီး၊ သွားဖုံးနှင့်သွားရိုးတွေ ပေါ်နေ၏။ ဆံပင်တွေက ဖွာလန်ကျဲတောက် လိမ်တွန့်။ မျက်လုံး တစ်လုံးက ဟောက်ပက်၊ နှာခေါင်းက တိုပြတ်။ အလွန် ကြောက်စရာ ကောင်းလောက်အောင် အကြည့်ရဆိုး၏။ ယွန်း ရုတ်တရက် ထိပ်ပြာလွင့်မသွားတာ ကံကောင်း။

ရုတ်တရက်မြင်စဉ်က အကြောက်လွန်ပြီး ကြက်သေ,သေသွားမိ၏။ ပြီးမှ အသိ ဖျတ်ခနဲလင်းပြီး အမှတ်ရသွား၏။ ဒီအရူးမကြီးက အိမ်မီးလောင်တုန်းက ပါသွားပြီး မသေလို့ ရုပ်ပျက်ဆင်းပျက်နှင့် အသက်ရှင် ရှုးသွပ်ပြီး လျှောက်သွားနေသည့် အရူးမကြီး။

လက်ကြီးနှစ်ဖက် ဆန့်တန်းပြီး ယွန်းကို လည်ပင်းညှစ်တော့မည့်ဟန်။ ယွန်းလည်း လူမှန်းသိ၍ အကြောက်ပေါ့ပြီး အားနှင့် ဆောင့်တွန်းပစ်မိ၏။

"အင့်! . ."

"အား!. ."

"ဒုတ်. ."

နံရံနှင့် အရူးမနောက်စေ့ ရိုက်မိသွား၏။ အရူးမကြီး နံရံကပ်မှီပြီး ပျော့ခွေလဲကျသွား၏။

"ဘုရား ဘုရား၊ နောက်စေ့ပွင့်ပြီး သေများ သေသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



လား။ သူသေရင် ငါတော့ ထောင်ကျပြီ။ ဘဝ ဆုံးပြီ. . ဘုရား ကယ်တော်မူပါ”

ဘေးဘီမှာ မျက်မြင်သက်သေ မရှိ။ ဒီမိန်းမကြီး သေ သလား၊ ရှင်သလား စစ်ဆေးနေလျှင် ဘေးလူမြင်သွားပြီး မျက်မြင် သက်သေ ဖြစ်သွားလိမ့်မည်။ ယွန်း တဟုန်ထိုး ပြေးထွက်လာလိုက် မိ၏။

ဂ ဂ ဂ



www.burmeseclassic.com

www.burmeseclassic.com


**ကျောင်း**ကို ယွန်း အစောကြီး ရောက်လာ၏။ ကျောင်းမှာ ဘယ်သူမှ မရောက်သေး။ ကျောင်းတံခါး ဖွင့်ထား၏။ ကျောင်းဆောင့်တွေလည်း မြူခိုးမြူမှောင်တွေ အုံ့ဆိုင်းရစ်သိုင်းကျနေ၍ ကျောင်းထဲမှာ ဝင်ခွေနေကြပုံပေါ်သည်။

ယွန်း စိတ်ကို တည်ငြိမ်အောင်ထိန်းပြီး ကျောင်းရှေ့ပန်းခြံနားကို လျှောက်လာလိုက်သည်။ ပန်းခြံထဲက ခုံတန်းလေးမှာ ခဏထိုင်နားဖို့ပေါ့။

"ဟင်! . . အို . . လာပြန်ပြီ၊ သူ . . သူ ရောက် . . ရောက်နေပြန်ပြီ"

ဒန်းနှစ်ခု။ တစ်ခုက လူတက်စီးသလို၊ ဟိုဘက်ဒီဘက် လွှဲနေ၏။ အနားမှာ ဘယ်သူမှမရှိ။ ယွန်း ကြောက်စိတ်တွေ စိမ့်ထွက်လာပြန်ပြီ။ တစ်ယောက်ထဲ။ မြူခိုးမြူဝေထဲမှာ . . လက်တွေ၊ ခြေတွေ ဆတ်ဆတ်တုန်လာမိ၏။

လွှဲနေသောဒန်းကို မမိုတ်မသုန်စိုက်ကြည့်ပြီး နောက်ပြန်ဆုတ်လာမိ၏။ လွှဲနေသောဒန်းက လက်နဲ့ဖမ်းကိုင် ရပ်လိုက်သလို


www.burmeseclassic.com

www.burmeseclassic.com



ရပ်သွား၏။

နိမ့်မြင့်လျှောစီးတဲ့ခုံက နိမ့်လိုက်၊ မြင့်လိုက် ဖြစ်နေပြန်၏။ ယွန်းကို မမြင်ရတဲ့အတတ်တွေနဲ့ ခြောက်လှန့်နေပြီ။ ယွန်း နောက်ဆုတ်နေတာတွေ ရပ်တန့်လိုက်၏။ ကြောက်စိတ်ကို နင်းခြေပြီး ဒေါသစိတ်ကို အတင်းညှစ်မွေး၏။

"ငါ့ကို ဒုက္ခမျိုးစုံ လိုက်ပေးနေတဲ့ တစ္ဆေမ. . ဒင်းက ငါနဲ့ ဘာကြောင့် လာတူနေရတာလဲ. . ဘာရန်ငြိုးရှိခဲ့လို့ ငါ့ကို ဒီလောက် မုန်းနေရတာလဲ. . ယွန်းစိတ်တွေ အလွန်လှုပ်ရှား ဖြောင်းဆန်နေခဲ့၍ မိဘနှစ်ပါးကို မေးမကြည့်ရသေး။ ငွေစင်သွန်းဆိုတာ ဘယ်သူလဲ။ ယွန်းရဲ့ ရွှေစင်ယွန်းနာမည်နဲ့ ဘာကြောင့် လာဆင်တူနေရတာလဲ။ အမြွှာပူးမွေးခဲ့တယ်လို့လည်း မိဘတွေက ပြောမပြခဲ့ပါဘူး"

ယွန်းဒေါသက ရန်လိုစိတ်နှင့် မကြောက်စိတ်တွေ ဖြစ်ပေါ်လာစေ၏။ ယွန်းလွယ်အိတ်ထဲက ကွန်ပါဘူးကိုထုတ်ပြီး ဒေါက်ဆူးကိုယူလိုက်၏။ ဒေါက်ဆူးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး နိမ့်မြင့်လျှောစီးတဲ့အနားကို တစ်လှမ်းချင်းလျှောက်သွား၏။

ခြေနှစ်လှမ်းစာလောက်အလိုမှာ နိမ့်မြင့်လျှောစီးတာ ရပ်သွားပြန်၏။ လျှောတိုက်စီးတဲ့အရာကို လှမ်းကြည့်မိတော့–

"အမလေး. ."

ယွန်းပုံစံတူ ကောင်မလေး။ ကျောင်းဝတ်စုံကျောပိုးအိတ်ကလေးနှင့် စကတ်တိုလေးနှင့် အပေါ်က ကုတ်အကျႌ၊ နက်ကတိုင်လေးနှင့် ရိပ်ခနဲ ရိပ်ခနဲ ရိပ်ခနဲ အရိပ်အယောင်တွေ ဆက်တိုက် မြင်သလို မြင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com


ယွန်းရဲ့ ကျောနှင့်ရင် ပွင့်မတတ် ကြက်သီးတွေ ထသွား၏။ ချွန်းလက်ထဲက ဒေါက်ဆူးလေးပြုတ်မကျသွားအောင် အားတင်း ဆိုင်ထားရ၏။ အပေါ်ပြေးတက်လိုက်၊ လျှောစီးလိုက်နှင့် ပတ်လည် ချုပ်နေလိုက်တာ။ အရိပ်တွေ ဆက်တိုက် တဖျတ်ဖျတ်နှင့် ကြည့်ရ တာ ခေါင်းတောင်မူးလာပြီ။

"တော်တော့ . . တော်ပါတော့၊ နင့်ကိုငါ မကြောက်ဘူး။ ငါ့ကို မခြောက်နဲ့"

ယွန်း အားမာန်ထည့်ပြီး ကျုံးအော်သော်လည်း အသံက သြောင်နာနာလေးသာ ထွက်ပေါ်လာ၏။

ကြည့်နေရင်းက ဘုရားကိုသတိရပြီး မျက်စိစုံမှိတ်ပစ်လိုက် ၏။ ဘုရားစာကို ရွတ်ဆို၏။ ပထမတော့ အာရုံမရသေး။ ယွန်း အနီးကို ပြေးကပ်လာပြီး ယွန်းကို တစ်ခုခုလုပ်လိုက်လေမလားဟု စိုးရိမ်ပူပန်နေမိ၏။

သေချင်သေ . . ရတနာသုံးပါးကို အလုံးစုံယုံကြည်တဲ့စိတ် ကိုသွင်းပြီး ဘုရား၊ တရား၊ သံဃာကိုသာ အာရုံစူးစိုက်မိလိုက်သည်။

– – – – –

– – – – –

– – – – –

သရဏဂုံကိုသာ အပြန်ပြန် ရွတ်ဖတ်နေမိ၏။ ဘယ်လောက် တောင် ကြာသွားလဲမသိ။ မျက်လုံးဖွင့်ကြည့်လိုက်တော့ ကျောင်းဝင်း ထဲမှာ ကျောင်းသူ၊ ကျောင်းသားတွေ စည်ကားနေပြီ။ အနုပညာ သင်တန်းတက်သော ကျောင်းသူ၊ ကျောင်းသားတွေက ဝိုင်းအုံခဲပြီး


www.burmeseclassic.com

www.burmeseclassic.com


ကြည့်နေကြ၏။

"ဒါ ပါဖောင့်မန့်အပ် လုပ်ပြနေတာကွ"

ကျောင်းသားတချို့က ပြော၏။ အနားမှာ ကောင်းမြတ်သူ၊ အေမီအောင်၊ ပန်းအိစံတို့ ရှိနေကြ၏။

"ယွန်း. . ယွန်း. . သတိပြန်ရလာပြီ၊ ဘယ်လိုဖြစ်ရတာလဲ ယွန်းရယ်။ မတ်တပ်ကြီးမေ့နေရတယ်လို့"

"အေးဟယ်. . ကောင်းကလှုပ်ခါပြီး ခေါ်တာတောင် နင်က မလှုပ်မယှက်ကြီး အသက်ရှူနေသေးလို့ အသာရပ်ကြည့်နေတာ။ နင် ဘာလုပ်နေတာလဲ၊ ဒါမှမဟုတ် ဘာဖြစ်နေတာလဲ"

အေမီအောင်က အံ့အားတသင့်နှင့် မေးလာ၏။ ပန်းအိစံက. .

"လူတွေ ဝိုင်းကြည့်နေတယ်။ နင်မရှက်ဘူးလား. . ယွန်း။ ခုတလော နင်လုပ်နေတာက ထူးဆန်းထွေလာတွေချည်းပဲ. .၊ နင့်ကို လူတွေက နဂိုကတည်းက ကြောင်တယ်၊ ဂေါက်တယ်၊ ပြောချင်နေကြတာ။ သူတို့ စွပ်စွဲချက်ခိုင်မာအောင် နင်သက်သေပြနေတာလား"

ယွန်း ခေါင်းကိုဖြည်းလေးစွာ ခါပြလိုက်၏။

"ငါ. . ဘုရားစာရွတ်ဆိုနေတာ၊ ငါ့စိတ်တွေက ရတနာသုံးပါးအပေါ်မှာ ကြည်ညိုညွတ်နူးနေတာ၊ နင်တို့ရောက်လာတော့ ငါနဲ့တူတဲ့. . ဝတ်စုံကအစ တူတဲ့ကောင်မလေးကို နင်တို့တွေ့မိလိုက်ကြသေးလား"

"အစောဆုံးက ငါရောက်တာပဲ ယွန်း"

ကောင်းမြတ်သူက ပြောလိုက်၏။

"နင် မမြင်ဘူးလား"


www.burmeseclassic.com

www.burmeseclassic.com


"လုံးဝ မမြင်ဘူး . . နင် ဘာဖြစ်နေတယ်ဆိုတာ ငါ့ကို ရှင်းရှင်းလင်းလင်း ပြောစမ်းပါ"

"ငါ . . ငါ"

"လာ . . လူတွေကြားထဲက ငါတို့သွားကြရအောင်။ ပြောဖို့ သင့်တော်တဲ့တစ်နေရာရောက်မှ အေးအေးပြောကြတာပေါ့"

ကောင်းမြတ်သူက ကျောင်းသား၊ ကျောင်းသူတွေကြားထဲက ဆွဲခေါ်လာလိုက်၏။ နောက်က အေမီအောင်နှင့် ပန်းအိစံတို့ လိုက်ပါလာကြ၏။ ဆံပင်ပုံစံကလည်း ကြောင်တောင်တောင်ဆိုတော့ ပိုလို့ အရုပ်ဆိုးမ ထင်ချင်စရာပေါ့။

"နင့်ဆံပင်တွေ ကြွက်ကိုက်သလို၊ ဘာလို့ ဖြစ်သွားရတာလဲ။ ဒို့ကျောင်းက အဆင့်မြင့်ကျောင်း၊ စမတ်မကျရင် နင့်ကို ကျောင်းအုပ်ဆရာမကြီးက ခေါ်ဆူပြီး အပြစ်ပြောလိမ့်မယ်"

"ငါသိပါတယ် . . သူနဲ့မတူချင်ဘူးလား"

"ဘယ်သူနဲ့လဲ"

"ငါနဲ့ ရုပ်ချင်းသိပ်တူပြီး ငါ့ကို လိုက်ခြောက်လှန့်၊ နှိပ်စက်နေတဲ့ တစ္ဆေမ"

"အဲဒါတွေကို ဒီဘက်ခေတ်လူတွေက သိပ်မယုံကြဘူး"

"ဒါကြောင့်လည်း ငါမပြောပြချင်တာပေါ့"

"နင့်ဟာက အထက်ဂိုဏ်းဆရာတွေနဲ့ ပြရတော့မယ့်အဆင့်ပဲ . ။ ဆရာတု ဆရာယောင်နဲ့တိုးမှ နင်ရင်ကျိုးရလိမ့်မယ်"

"ကုစရာ မလိုပါဘူး။ ငါ့ကိစ္စကို ငါပဲအပြတ်ရှင်းမှာပါ . . သူသေ၊ ကိုယ်သေတိုက်ဆိုလည်း တိုက်ရတော့မှာပဲ။ ငါ သိပ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ညစ်နေပြီ။ ငါ သူ့ကို သိပ်မုန်းနေပြီ''

ကျောင်းခန်းထဲရောက်သည်နှင့် ကျောင်းအုပ်ဆရာမကြီးက ခေါ်ဆူ၏။ အဖြစ်မှန်ရှင်းပြလျှင်လည်း ဘယ်သူမှ ယုံကြမှာမဟုတ်။

ဆံပင်ကို မသေမသပ်ညှပ်ပစ်သည့်ကိစ္စ။ ကျောင်းသား ကျောင်းသူတွေကြားမှာ တစ်ကိုယ်တော်ဆန္ဒပြသလို လုပ်ပြသည့် ကိစ္စတွေကြောင့် နောက်တစ်ကြိမ် ထိုအမှားမျိုးတွေ မကျူးလွန် ကြောင်း ဝန်ခံ လက်မှတ် ထိုးပေးလိုက်ရ၏။ မထိုးပေးလျှင် မိဘခေါ် မည်တဲ့။

ယွန်း စိတ်ပျက်လက်ပျက် ဖြစ်သွား၏။ ကျောင်းကအပြန် ဥမင်လမ်းကို ဖြတ်ရတော့ ပုံမှန်အတိုင်းပင် အရူးမကြီးကိုလည်း မတွေ့ ရတော့။ ဖြတ်သွားဖြတ်လာတွေရှိနေ၍ ဘာမှ ထူးခြားမှုမရှိ။ သွေး စာတမ်းက ပျက်မသွားပါ။ ပါလာသော ဖုန်းကင်မရာဖြင့် သွေး စာတမ်းကို ရိုက်ယူလိုက်၏။ အရူးမကြီးရဲ့သွေးလည်း မရှိ။

'ဒီနေရာမှာ ငါရှိနေတယ်'ဆိုကာ ယွန်းကို လိုက်လံ ခြောက် လှန့် နှိပ်စက်နေသည့် ယွန်းနဲ့ ရုပ်တူတစ္ဆေမလား။ ယွန်းဘဝထဲကို အိပ်မက်ဆိုးနဲ့ ရောက်လာကတည်းက တောက်လျှောက် လိုက် နှောင့်ယှက်ပြီး စိတ်ညစ်အောင် တရစပ်နှိပ်စက်နေတာတော့ အမှန်။

ယွန်း အိမ်ပြန်ရောက်သည်နှင့် မေမေနားရက်နှင့် သွားဆုံ တိုး၏။ ယွန်းရဲ့ဆံပင်ပုံစံနှင့် စိတ်ညစ်နေဟန်ကို ကြည့်ပြီး မိဘ နှစ်ပါးလုံး အံ့အားသင့်ကုန်ကြ၏။

"ဘာဖြစ်လို့ ဆံပင်တွေ ဖြစ်သလို ညှပ်ပစ်ရတာလဲ... သမီး ရယ်၊ ဘာကြောင့်လဲ"



www.burmeseclassic.com

www.burmeseclassic.com


ယွန်းမဖြေ။ လိုင်နာတွေ၊ ကာချယ်တွေ၊ မျက်ကွင်းညို အောင်ဆိုးပြီး စိတ်ဖိစီးမှုခံနေရသူပမာ နေထိုင်တွေငေးနေမိ၏။

"ဖြေလိုက်လေ သမီး။ ဖေဖေ့ကြောင့်တော့ စိတ်မညစ်ပါနဲ့။ သမီးအတွက်ပဲ မေမေ စိတ်ပူနေရတာ။ စိတ်ဓာတ်ခိုင်မာစမ်းပါ သမီး ရယ်။ လောကဓံနှစ်ပါးနဲ့ တွေ့ကြုံလာရင် မတုန်လှုပ်ရဘူးလို့ မြတ်စွာဘုရားရှင်က ဟောဖော်ညွှန်ပြထားတာပဲ။ ဘုရား တရား တော်တွေကို လိုက်နာကျင့်သုံးသူဟာ ကောင်းကျိုးချမ်းသာရတာ ချည့်ပဲ"

"သမီးကြည့်ရတာ လုံးဝမလန်းဘူး။ မေမေ့ကြောင့် စိတ်ညစ် ရတာလား။ ဒါမှမဟုတ် ကျောင်းမှာ စိတ်ကသိကအောက် ဖြစ်စရာ တွေ ရှိနေလို့လား"

ယွန်း ခေါင်းခါ၏။ မိခင်ဖြစ်သူလည်း ဈေးဝယ်ဖို့ အပြင် ထွက်သွား၏။ ဖခင်ဖြစ်သူက ယွန်းရဲ့လက်ဖဝါးတွေ ဆုပ်ကိုင် နွေး ထွေးထားပြီး. .

"ဘာပဲဖြစ်ဖြစ်ပေါ့လေ။ သမီး မဖြေချင်လည်း မဖြေပိုင်ခွင့် ရှိတယ်။ ဒါပေမယ့် စိတ်ဓာတ်ခိုင်မာရမယ်။ ကိုယ်ကျင့်သီလ ကောင်းမွန်ရမယ်။ စိတ်ကောင်း အမြဲထားရမယ်။ သမီးလေး ဆယ်တန်းရောက်နေမှ ဘဝ တစ်ဆစ်ချိုးသလို၊ ပြောင်းလဲသွားရတာ ဖေဖေ စိတ်မကောင်းဘူး။ မေမေက တို့မိသားစုအတွက် ပဲ့ကိုင်ရှင် ဖြစ်သွားပြီ။ မေမေနဲ့ပတ်သက်လာရင် နားလည် ခွင့်လွှတ်ပေးတတ် ပါစေ သမီးရယ်။ ဘဝဆိုတာ နေရတဲ့ခဏ တိုတိုလေးပါ။ ပျော်ရွှင် ရတဲ့ အချိန်လေးတွေကလည်း ခဏလေးတွေချည့်ပဲ။ (၃၁)တို့ ကျင်


www.burmeseclassic.com

www.burmeseclassic.com

လည်သမျှ လောကဓံရှစ်ပါးရဲ့ ပင့်မြှောက်ရိုက်ချက် ထုထောင်း နင်း ခြေချက်တွေကို ခံနေရဦးမှာပဲ။ ဖေဖေကတော့ တရားစာအုပ်တွေ အမြဲဖတ်နေလို့ တရားအသိလေးနဲ့ ဖြေနိုင်သလောက် ဖြေသာနေ ပါပြီ သမီး"

"ဖေဖေ. ."

"ပြော. . သမီး"

"သမီး သိချင်တာ ငွေစင်သွန်းဆိုတာ ဘယ်သူလဲ"

"ငွေ. . စင်. . သွန်း. . ဟုတ်လား".

"ဟုတ်တယ်. . ဖေဖေ"

ဦးနေထိုက် မျက်လုံးတွေ ရီဝေသွား၏။ ပြတင်းပေါက် အပြင် ဘက်မှ လွင့်မျောနေသော တိမ်လွင့်ကောင်းကင်ကို လှမ်းကြည့်နေ၏။

"ငွေစင်သွန်းကို ဖေဖေနဲ့မေမေတို့ သိကြမှာပါ. . သမီးကို အမှန်အတိုင်း ဖွင့်ပြောပြပါလား ဖေဖေ"

ဖေဖေ ခေါင်းခါပြ၏။ ရွှေစင်ယွန်း အားမလို၊ အားမရ ဖြစ်သွား၏။

"သမီးကို သူ ဒုက္ခလိုက်ပေးနေတယ်။ ငွေစင်သွန်းဟာ လူ မဟုတ်ဘူး။ မမြင်ရတဲ့ တစ္ဆေ၊ မြင်လိုက် ပျောက်လိုက် တစ္ဆေ၊ သမီး သူ့ကြောင့် အရမ်း စိတ်ညစ်နေရတယ်။ ဒီဆံပင်တွေ ညှပ်ပစ်ရတာ လည်း သူနဲ့တူမှာစိုးလို့"

"ဖေဖေ ပြန်စဉ်းစားကြည့်လိုက်ဦးမယ်။ ခဏတော့ အချိန် ပေးပါ သမီး"

ဖခင်ဖြစ်သူ ဗိုးချဲကို လက်ကိုင်ဘီးလှည့်ပြီး ပြတင်းပေါက်





www.burmeseclassic.com

www.burmeseclassic.com


…ဆီ တွန်းရွေ့သွား၏။ ယွန်းလည်း စိတ်ပျက်၊ လက်ပျက်ဖြင့် …ခန်းထဲ ဝင်လာလိုက်၏။

ဖုန်းကိုဖွင့်ပြီး ဆက်လိုက်၏။ ဒီဖုန်းက ဖုန်းပြောသူနှစ်ဦး …ပုံရိပ်တွေကို တိုက်ရိုက်ပေါ်စေနိုင်သည့် 4G နက်ဝေါ့ခ် ဖုန်းဖြစ် …မျက်နှာချင်းဆိုင် စကားပြောနေရသလိုပင်။

"ဟယ်လို. . ယွန်း၊ နင် ဘာလုပ်နေလဲ"

ကောင်းက သူ့အိမ်မှာ မြူးဇစ်ဘောက်(စ်)ဘုတ်ကလေးနှင့် …စ်ဟော့သီချင်းတွေ ရေးနေတာကို တိုက်ရိုက်ပြသပြီး. .

"သီချင်းရေးနေတယ် ယွန်း၊ ယွန်းကရော အိပ်ရာပေါ်မှာ …ာလုပ်နေသလဲ"

"စိတ်ညစ်လို့ အိပ်ပစ်မလို့ ကြိုးစားနေတာ. . ဘာလဲ နင် … သရုပ်ဆောင်ဘဝနဲ့ မအောင်မြင်ခဲ့ရင် ရက်(ပ်)ပါလုပ်မလို့လား"

"အဟား. . ဒီလိုပဲပေါ့ ယွန်းရယ်. . သရုပ်ဆောင်ရော၊ …ချင်းဆိုတာရော ဝါသနာပါတော့ ခွချက်လုပ်ကြည့်တာပေါ့။ ယွန်း …အတွက် သီချင်းလေးတစ်ပုဒ်စပ်ထားတယ်။ ဆိုပြရမလား"

"အင်း. . ဆိုကြည့်လေ"

"သီချင်းရဲ့အမည် ငါသိပ်ချစ်တဲ့ ကောင်မလေးတဲ့။ ကြိုက် …ရဲ့လား ယွန်း"

"နင် သိပ်ချစ်တဲ့ ကောင်မလေးက. ."

"နင်ပဲပေါ့ ယွန်းရယ်"

"နင် ငါ့ကို လာမနောက်နဲ့"

"မနောက်ပါဘူး။ တကယ်ပြောနေတာပါ. . ငါ့ရင်ထဲက


www.burmeseclassic.com

www.burmeseclassic.com



နင့်အတွက် ရေးစပ်ထားတာပါ''

"နင် ဆိုပြ. ."

မြူးဇစ်ဘောက်(စ်)ဘုတ်ကလေးကို လက်ချောင်းလေးတွေနှင့် တို့ထိတီးခတ်ပြီး သီချင်းအင်ထရိုဝင်၏။ ပြီးတော့. .

"ယုံကြည်ပါကွယ် ××ကောင်မလေးရယ် ××နင်ပျော်နေရင် ငါ ပျော်ရတယ်×× နင် ငိုနေရင်×× ငါငိုရတယ်×× ငါဟာ နင့်ကို အမြဲတမ်း ပျော်စေချင်တယ်×× အဲ့ဒါ×× သိပ်ချစ်လွန်းလို့ပေါ့ကွယ်

ဘဝမှာ ×× အစဟာ ဘာလဲ ငါမသိ××

နင်လှတာ×× စွဲမက်မိတာပဲ×× ငါသိ××

ညအခါ×× သတိရတိုင်း×× ရင်နာမိ××

နေ့အခါ×× တွေ့လိုက်တိုင်း×× နင် ဘာမှမသိသလို××

မလန်းတဲ့ နင့်မျက်နှာ×× စိတ်ညစ်နေတာ×× ဘာကြောင့်လဲ ×× အလွမ်းနဲ့ဆွေးမိ ငါ×× နင့်နှလုံးသားထဲ×× ဝင်လာကြည့်ချင်တယ်××

ယုံကြည်ပါကွယ် ကောင်မလေးရယ်××နင့်ရင်ခုန်သံတွေ ငါကြားတယ်×× ငါ့ရင်ခုန်သံတွေ×× နင်မေ့ထားတယ်××''

မုဒ်အပြည့်ထည့်ပြီး ဆိုပြနေသော ကောင်းရဲ့မျက်နှာနှင့် ကိုယ်ဟန်လေးတွေကို ယွန်းစွဲမက်သွားမိ၏။ ရင်ခုန်စိတ်လှုပ်ရှား ကြည်နူးနေရမယ့်အချိန်မှာ စိတ်အနှောင့်အယှက်တွေ ဘာကြောင့် ဝင်နေရပါသလဲ။

ꩢ ꩢ ꩢ



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၅]

## ဖောက်ပြန် ဖောက်လွှန်သူများ

မိုးနေထိုက် ပြတင်းပေါက်ကနေ အောက်ဘက် ကားပါကင်ကို လှမ်းကြည့်လိုက်၏။ကားပတ်ကင်မှာ ကားတွေ ရှင်းနေ၏။

သဉ္ဇာလီရဲ့ကားက ပျက်နေ၍ ထားခဲ့ဟန်တူ၏။ အဲဒီကားသာ ရပ်ထား၏။ ကားတစ်စင်း ထိုးစိုက်လာ၏။ ကားပေါ်က လူတွေကို အတိုင်းသား မြင်ရ၏။ သမီးတို့ကျောင်းက ပြဇာတ်နှင့် သရုပ်ဆောင် အတတ်ပညာ၊ အဆိုပညာတွေ လေ့ကျင့် သင်ကြားပေးသော ဆရာသီဟမိုးကို တွေ့လိုက်ရ၏။

သီဟမိုးဘေးမှာ သဉ္ဇာလီ။ ချစ်ဇနီး သဉ္ဇာလီ။ သမီးတို့ရဲ့ ဆရာအနေနှင့် ညစာဖိတ်ကျွေးဖူး၍ ခင်မင်ရင်းစွဲရှိသော သီဟမိုး။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်! . ."

သီဟမိုးနဲ့သဥ္ဇာလီတို့ ကားပေါ်မှာနမ်းရှုပ်ပြီး နှုတ်ခမ်းချင်း တော့စုပ်နေကြ၏။ သဥ္ဇာလီနဲ့ သီဟမိုးတို့ ငြိနေကြပါပြီကောလား။ အောက်ပိုင်းသော၌ အိမ်ထောင်ရေးသုခမပေးနိုင်သော နေထိုက်ကို သံယောဇဉ်နှင့်သာ သဥ္ဇာလီ ပေါင်းဖော်နေခြင်းပင်။ သူမရဲ့အချစ်တွေ အာသီသဆန္ဒတွေက သီဟမိုးကို ပေးဆက်နေပါရောလား။

အိမ်ထောင်ရေး ဖောက်ပြန်မှုကြီးကို လွန်ကျူးပြီးထားခဲ့ ရ၏။ ဆက်လက်ပြီးလည်း လွန်ကျူးနေဆဲဖြစ်၏။

သဥ္ဇာလီအပေါ်မှာ အားကိုးနေရ၍ အပြစ်ပြောလို့လည်း မဖြစ်။ ငယ်ရွယ်သေးသည့် ဇနီးသည်ရဲ့သွေးသားဆန္ဒကို နေထိုက်မှ မဖြည့်ဆည်းနိုင်တာ။

သူဖောက်ပြန်တာ သူ့အပြစ် သူခံလိမ့်မည်။ ခွင့်လွှတ်ဖို့သာ နေထိုက် စဉ်းစားထားမိ၏။ စိတ်ထဲကတော့ မကောင်း။

ဒုက္ခိတဖြစ်နေရတဲ့ ကိုယ့်ကိုကိုယ်သာ ဒေါသဖြစ်နေမိ၏။ ထိုစဉ်မှာပင် မိန်းကလေးတစ်ယောက်၊ ကားနားကို လျှောက်လာ၏။ ကားထဲမှာ လူရှင်းပြီထင်ပြီး အချစ်ပလူးနေကြသည့် သဥ္ဇာလီတို့က မသိကြ။

ကားနားကပ်လာသူကို သေချာကြည့်လိုက်တော့. .

သမီးလေး ယွန်းဖြစ်နေ၏။

"ဟင်! . . သမီးလေး၊ သူ့အမေ ဖောက်ပြန်နေတာ မကျေနပ်လို့ တစ်ခုခုလုပ်ဖို့ ကားနားကို သွားနေတာပါလား။ ခန တင် ယွန်း အိပ်ခန်းထဲဝင်သွားတာ တွေ့လိုက်ပါသေးတယ်။ တိုက်


www.burmeseclassic.com

www.burmeseclassic.com



ခန်းပေါ်ကလည်း အဲ့လောက်ကြီး မြန်မြန်ဆန်ဆန် အောက်ကို ဆင်းသွားနိုင်။

သမီး တစ်ခုခု လုပ်မိမှာ စိုးရိမ်ပူပန်သွား၏။ ပူပန်ထိတ်လန့်သံဖြင့် အော်ဟစ်မိသွား၏။

"ယွန်း. . ယွန်း. . ယွန်း"

ဖခင်ဖြစ်သူရဲ့ အလန့်တကြားခေါ်သံကြောင့် ယွန်းလည်း အခန်းထဲက ပြေးထွက်လာ၏။ ဦးနေထိုက် ဝှီးချဲကို နောက်ပြန်တိုးရင်း ဆိုဖာဆက်တီနား ရောက်လာ၏။

"ဘာဖြစ်တာလဲ ဖေဖေ. . ဖေဖေ ဘာဖြစ်လို့လဲ"

ယွန်းအနားကို ရောက်လာပြီး ဖခင်ရဲ့လက်ကို ကိုင်ဆုပ်ထား၏။ ဦးနေထိုက် အံ့သြတုန်လှုပ်ပြီး ယွန်းကို သေချာမော့ကြည့်နေ၏။

သမီး ယွန်းက ဒီမှာရှိနေပါလား. . ဒါဆို. . တိုက်အောက်ထားဘေးမှာ ရပ်နေတဲ့ ယွန်းက. .?၊ ယွန်းနဲ့ချွတ်စွပ်တူတဲ့ မိန်းကလေးပေါ့။

"ဖေဖေ. . ပြတင်းပေါက်က ဘာမြင်လိုက်လို့ ဒီလောက်ကြီး အံ့သြတုန်လှုပ်သွားရတာလဲ"

ယွန်း ပြတင်းပေါက်နား သွားမည်အလုပ်။ ဦးနေထိုက်က ယွန်းလက်ကို ဖမ်းဆွဲထား၏။

"ဘာမှ မဟုတ်ဘူး. . မသွားနဲ့. . ဖေဖေငိုက်ပြီး အိပ်မက်ဆိုးမက်ရာက လန့်နိုးပြီး အော်ခေါ်မိတာပါ။ လာပါ. . သမီး ဖေဖေ့အနားမှာ ထိုင်နေပေးပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ယွန်းလည်း ဖခင်ဘေးက ဆိုဖာပေါ်မှာ အသာထိုင်ပေး လိုက်၏။ အောက်ကမြင်ကွင်းကို သမီးယွန်း မမြင်စေလို။

ဦးနေထိုက် ရင်တွေ ကတုန်ကယင်ကြီးဖြစ်လို့နေ၏။

ဥ ဥ ဥ



www.burmeseclassic.com

www.burmeseclassic.com


**ဇကြိုက်ခနီး** ပေါ်ကို သဥ္စာလီ ဘာမှမဖြစ်ခဲ့ဟန်ဖြင့် ရောက်လာ၏။ ဈေးဝယ်လာသော အထုပ်တွေကိုဖြန့်ခင်းပြီး ရေခဲသေတ္တာထဲ ထည့်သင့်တာတွေ ထည့်နေ၏။

ချက်ပြုတ်ပြီး ဦးနေထိုက်ကို တယုတယ ခွံ့ကျွေး၏။ စီးပွားရှာရင်း ဒုက္ခိတ ယောကျ်ားကို ကြင်ကြင်နာနာပြုစုနေတဲ့ ဇနီး။ သွေးသားဖောက်ပြန်တာ ဆန္ဒကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။ သမီးယွန်းရဲ့ ကျောင်းစရိတ်ကြောင့်၊ ဒါမှမဟုတ် ပိုက်ဆံရှိသားသမီးတွေလို ချက်နာသာပေးခံရရေးအတွက် ခန္ဓာကိုယ်နှင့် ရင်းနှီးလဲလှယ်နေတာလည်း ဖြစ်ချင်ဖြစ်မည်။

အိမ်ထောင်ဦးစီး ဇနီးသည်ကို အပြစ်ဆိုမနေတော့။ ခွင့်လွှတ်နားလည်ခြင်းနဲ့သာ ရင်နာသည့်ဝေဒနာကို ကြိတ်မှိတ်မြိုသိပ်ပစ်လိုက်တော့၏။

"သမီးရေ. . ဖေဖေ့ကို ရေကူးကန် သွားပို့ရဦးမှာ. . ဒီနေ့ကျောင်းပိတ်ရက်လေ၊ သမီးလိုက်မယ် မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com


အိမ်မှာ တစ်ယောက်ထဲ စိတ်ချောက်ချားပြီး မနေခဲ့ချင်၍–

"လိုက်မယ်. . မမေ"

အဝတ်အစားလဲပြီး မျက်နှာကို လိမ်းခြယ်ပြုပြင်ကာ အခန်း ပြင် ထွက်လိုက်၏။ မေမေက ဖေဖေ့ကို အဝတ်အစား လဲလှယ်ပေး၏။ ကြည့်ကောင်းအောင် ပြုပြင်ပြီးသည်နှင့် မိသားစုလိုက် အပြင်ကို ထွက်ဖြစ်ကြ၏။

ပျက်တတ်သော ခတ်လှေကားက ဒီနေ့ကျတော့ စိတ်ကောင်း ဝင်ပြီး မပျက်။ မေမေဖုန်းဆက်ထား၍ ကွန်ဒိုမှ တာဝန်ရှိသူတွေက ဒုက္ခိတတွေစီးဖို့ ကားသီးသန့် လွှတ်ပေးထား၏။ ကားပေါ်ကို ဗှီးချဲ ပါ ထိုးတင်နိုင်၏။

ရေကူးကန်ရောက်သောအခါ ကားပေါ်က ဗှီးချဲကိုတွန်းပြီး ဆင်းလာဖြစ်၏။ ဖေဖေရော မေမေပါ ရေကူးကန်အသင်းဝင်တွေ။ ဖေဖေ့ကိုသာ ရေကူးသင်သည့်ဆရာနှင့် ဖေးမပြီး အောက်ခြေထောက် အကြောတွေ ပြန်လည်သန်စွမ်းလာစေရန် ရေထဲမှာ လေ့ကျင့်ခန်း လုပ်စေ၏။

သားအမိနှစ်ယောက် ပွဲကြည့်စင်တန်းပေါ်မှာ စကားထိုင် ပြောဖြစ်ကြ၏။

"သမီး ဆံပင်တွေ ညှပ်ပစ်တာ နှမြောဖို့ ကောင်းတယ်။ ဘာကြောင့် အဲ့ဒီလို လုပ်ရတာလဲ"

"သမီးနဲ့ရုပ်ချင်းတူတဲ့ မိန်းကလေးတစ်ယောက်က သမီး အယောင်ဆောင်နေတယ်။ ခြောက်လှန့်နှောင့်ယှက်နေတယ်။ သူနဲ့ ရုပ်ချင်းမတူအောင် ဆံပင်တွေကို ညှပ်ပစ်တာပဲ"


www.burmeseclassic.com

www.burmeseclassic.com


"အိုး . . မိုင်ဂေါ့ဒ်"

"သမီးမှာ အမြွှာမရှိပါဘူးနော်"

"ရှိခဲ့တယ် . . သမီး"

"ရှင်! . ."

"ဟုတ်တယ် . . သူ့ကိုက မွေးပြီးပြီးချင်း နာရီပိုင်းအတွင်းမှာ သေသွားတယ်။ သမီးကိုပဲ မေမေတို့ရလိုက်တယ်။ သူသေတာ သမီးတစ်သက် ရှိသွားပြီ။ မေမေလည်း စိတ်မကောင်းခဲ့ရပါဘူး သမီးရယ်"

"သူ့ကို ဘယ်မှာ မြေမြှုပ်ခဲ့တာလဲ"

"သင်္ချိုင်းမှာပေါ့ . . သူလို့ သမီးထင်နေရင် မဖြစ်နိုင်ဘူးလို့ မေမေပြောရမှာပဲ။ နှစ်တွေ ကြာခဲ့ပြီလေ။ သူ ကျွတ်တမ်းဝင်သွားလောက်ပါပြီ။ အပြစ်မဲ့တဲ့ကလေးဆိုတော့ တခြားတစ်ယောက်ယောက်ရဲ့ဝမ်းမှာ ပြန်ဝင်စားနေလောက်ပါပြီ"

ယွန်း တိတ်ဆိတ် တွေဝေနေမိ၏။ သဥ္စာလီက . .

"ဒါတွေ မေ့ထားလိုက်ပါတော့ . . ဖြစ်နိုင်တာကိုပဲ လုပ်ကြရအောင် . . သမီးခေါင်းက ဆံပင်ကို ပြန်ပြုပြင်ရမယ်။ ဆံပင်ညှပ်ဆိုင် ကောင်းကောင်းမှာ သပ်ရပ်ပုံကျအောင် ပြန်ပြင်ညှပ်ရမယ်။ မေမေ ဆိုင်သိတယ်။ လိုက်ပို့ပေးမယ်"

"အဲ့ဒါဆိုရင်တော့ အလဲအလှယ်လုပ်ရလိမ့်မယ် မေမေ"

"အပေးအယူ သဘောလား"

"ဟုတ်တယ်"

"သမီးက ဘာလိုချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ. . ဆရာ ဦးသီဟမိုးနဲ့ မဖောက်ပြန်ပါနဲ့တော့၊ ဖေဖေ သိနေတယ်။ ဖွင့်မပြောဘဲ ကြိတ်မှိတ်ခံစားနေရတာ။ သနားဖို့ကောင်းတဲ့ ဖေဖေပါ"

"သမီး ထင်လို့ပါ"

"မေမေ မငြင်းပါနဲ့၊ သမီး သိနေပါပြီ။ မြင်လည်း မြင်ပြီးပြီ။ နောက်ထပ် မုသာဝါဒကံကို ထပ်ကျူးလွန်ဦးမလို့လား"

"အဲ့. . အဲ့ဒါ သမီးလေး ကျောင်းမှာ မျက်နှာသာပေးခံရဖို့ပါကွယ်"

"သမီး ခေါင်းဆောင်မင်းသမီး ဖြစ်ရတာ အဲ့ဒါကြောင့်လား"

"သမီးအတွက်ဆို မေမေ ဘာပဲဖြစ်ဖြစ် လုပ်ရမှာပဲ"

"မလုပ်ရဘူး. . သမီး မကြိုက်ဘူး။ ဒါ မကောင်းတဲ့အလုပ်။ မေမေက မကောင်းတာလုပ်ဖို့ ရှေ့ဆောင်လမ်းပြနေတာလား"

သဥ္ဇာလီ အံ့ဩတုန်လှုပ်သွား၏။ ရှက်လည်း ရှက်သွား၏။ ဒေါသတော့ မထွက်။ စိတ်ကိုတည်ငြိမ်အောင် ပြန်ထိန်းလိုက်ပြီး. .

"ကောင်းပြီလေ. . သမီး မကြိုက်ရင် မေမေ မတွဲတော့ဘူး"

"လုံးဝ အဆက်အသွယ် ဖြတ်လိုက်ပါ"

"အေးပါကွယ်"

ဂ ဂ ဂ



www.burmeseclassic.com

www.burmeseclassic.com



**သဉ္ဇာလီ** ကိုတွေ့သည်နှင့် သီဟမိုး မောင်းတင်ထားတဲ့ ရှမ္မက်ဓားတွေ ဖြေလျှော့ချလိုက်၏။

ပါးနှစ်ဖက်၊ လည်တိုင်၊ ရင်ညွန့်တွေကို အတင်းနမ်းရှိုက်၏။ နှုတ်ခမ်းတွေကို အတင်းဖိဆုပ်၏။ သဉ္ဇာလီလည်း ဆန္ဒစိတ်မွှန်ပြီး သမီးတားထားတာကို မေ့သွား၏။

တဖြည်းဖြည်း အရှိန်ရလာတော့ သီဟမိုးက တဆင့်တက်ဖို့ ကြိုးစားစဉ်မှာ သဉ္ဇာလီက လက်နှစ်ဖက်နှင့် တွန်းခံရင်း. .

"ကျွန်မနဲ့ရှင် ဒီမှာတင် ရပ်တန်းကရပ်ကြရအောင်"

"ဘာ!. . ဘာပြောတယ် သဉ္ဇာ"

"အိမ်က သိကုန်ပြီ။ သမီးလေးက တားထားတယ်။ ကျွန်မ ဆက် မမိုက်မဲချင်တော့ဘူး"

"ရှစ်(ထ်). . မင်းယောကျာ်းမှ မင်းဆန္ဒကို မဖြည့်ပေးနိုင်တာ။ ကိုယ်က အပြည့်အဝ ဖြည့်ပေးနိုင်တယ်။ မင်းကိုလည်း စွဲလမ်းနေပြီ။ ဘယ်မိန်းမမှ မယူဘူး။ ဖြစ်နိုင်မယ့်တစ်နေ့၊ မင်းကိုပဲ လက်ထပ်ယူဖို့ ကိုယ်ဆုံးဖြတ်ထားပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com


"မဖြစ်နိုင်သေးခင်မှာ ဆင်ခြင်လိုက်ရအောင်"

"ကိုယ် မနေနိုင်ဘူး"

"ကျွန်မလည်း မပေးနိုင်တော့ဘူး။ ဆက်ကျူးလွန်တာ မိသွားရင် မိသားစုအက်ကြောင်းလေး လုံးဝပြိုကွဲသွားလိမ့်မယ်။ ကျွန်မ မခံစားနိုင်ဘူး"

သီဟမိုး အနေရ၊ အထိုင်ရခက်သွားပြီး ရင်တွေ ဗလောင်ဆူဝေကုန်၏။ အဝတ်အစားပုံပျက်သွားတာကို သဥ္ဇာလီ ပြန်လည်ပြုပြင်ပြီး သီဟမိုးအပါးက ခွာ၏။

"မင်းက လွယ်လွယ်ချစ်ပြီး လွယ်လွယ်မေ့တတ်တဲ့ မိန်းမမျိုးပဲ"

"ရှင် ထင်ချင်သလို ထင်ပါ. . ကျွန်မ သွားမယ်"

"ရက်စက်တယ်ကွာ . ."

"ဝမ်းနည်းပါတယ်. . ခွင့်ပြုပါဦး"

လုံးဝလှည့်မကြည့်တော့။ သဥ္ဇာလီမှာ အလတ်ကြီး ကျန်သေး၏။ နိမ့်တုံ၊ မြင့်တုံနှင့် လမ်းလျှောက်ပုံလေးကိုက စွဲမက်စရာ။ လင်ရှိ မုဆိုးမလေး သဥ္ဇာလီရဲ့ကျောပြင်ကို သီဟမိုး ငေးစိုက်ကြည့်ရင်း ဟင်းခနဲ သက်ပြင်းချလိုက်ရတော့၏။

ဂ ဂ ဂ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း[၆]

## ခြောက်လှန့်လုပ်ကြံ

**မေမေ** အချိန်မှန် အိမ်ပြန်လာ၏။ ဖေဖေ့ကို ပိုဂရုစိုက်ပြီး ပြုစုပေး၏။ ယွန်းအပေါ်မှာလည်း မျက်နှာမညိုစေရ။ ယွန်းက လက်တော့(ပ်)လိုချင်တယ်ဆိုတာနှင့် အမြန်ဝယ်လာပေး၏။ မိခင်ကောင်းအဖြစ် ပြန်ကြိုးစားပေးသော မေမေ့ကို ကျေးဇူးတင်မိ၏။

သို့သော် အကောင်းရှိသလို၊ တစ်ဖက်က အဆိုးကလည်း ရှိနေပြန်၏။ ဖုန်းထဲမှာ၊ ကွန်ပျူတာထဲမှာ အင်တာနက် ဖွင့်ကြည့်တိုင်း ယွန်းနဲ့ရုပ်တူသည့် ငွေစင်သွန်းရဲ့ရုပ်ပုံတွေ ပေါ်ပေါ်လာတတ်၏။ ယွန်း အိပ်မက်ဆိုးတွေလည်း ထပ်မက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com


ကမ်းခြေအလှကို ဓာတ်ပုံရိုက်ဖို့ စတန်း(န်)ပေါ်မှာ ကင်မရာလေးကိုငြိမ်အောင် တပ်လိုက်၏။ ကင်မရာထဲမှ ကြည့်လိုက်သောအခါ. .

"ဟင်! . ."

ယွန်းနှင့် ချွတ်စွပ်တူသော မိန်းကလေး။ အဝတ်အစားက အစ အတူတူ။ ဆံပင်ပုံစံလည်း အတူတူ။ ဦးထုပ်အနားဝိုင်းလေးအဖြားလှန်ဆောင်းထားပုံခြင်းလည်း အတူတူ။

သွေးဆာနေသော မျက်လုံးတွေနှင့် စိုက်ကြည့်နေ၏။ အေးစက်စက်၊ ရက်စက်မည့်ရုပ်ရည်မျိုးနှင့်. .။

ယွန်း ကင်မရာကနေ ကျော်ကြည့်လိုက်၏။

ရှေ့မှာရပ်နေသူက မျက်လုံးတွေ ပွင့်ပေါက်။ လျှာနီကြီးတစ်လစ်ထွက်၊ သွားငမန်းစွယ်ကြီးတွေလို ပြဲကျပြီး အမွှေးအမျှင်ထူလဗျစ်နှင့် မကောင်းဆိုးဝါး ရုပ်သွင်ပေါက်သွား၏။

ယွန်း လန့်တုန်ပြီး နောက်ပြန်လှည့်ပြေး၏။ ခြေလှမ်းတွေက အားထည့်ပြေးလေ၊ ပိုနှေးကွေးလေပင်။ အော်လို့လည်း မရ။ ရုန်းလို့လည်း မရ။ ကိုယ့်လက်၊ ကိုယ့်ခြေတွေကို အမိန့်ပေးစေခိုင်း၍ မရ။ နောက်ကလိုက်လာသော မကောင်းဆိုးဝါးကြီးက လျှာနီကြီးရှည်ထွက်လာပြီး ယွန်းကို ရစ်ပတ်ထား၏။ ငမန်းစွယ်လို သွားကြီးတွေနှင့် ရောမပါးစပ်ကြီးကို ဖြဲဟပြီး ယွန်းကို ကိုက်ဝါးဖို့အပြင်မှာ. .

ယွန်း လန့်နိုးသွား၏။ လန့်နိုးတဲ့အထိ ကြောက်စိတ်တွေ မပြယ်သေး။ ချွေးစေးတွေ ပျံနေမိ၏။ အိပ်ချင်မူးတူးစိတ် ပြေသွားရန် အောက်မှာ မျက်နှာသွားသစ်၏။ မှန်ထဲက ယွန်းရဲ့ရုပ်ရည်ကို


www.burmeseclassic.com

www.burmeseclassic.com


ကြည့်လိုက်တော့. .

"ဟင်! . ."

"အို! . ."

မျက်လုံးပေါက်သာရှိပြီး မျက်လုံး မရှိ။ အဲဒီထဲက သွေးတွေ ဆိုစီးကျနေသည်။

မှန်ထဲက ယွန်းပုံက ကြောက်လန့်စရာအတိ။ ယွန်းကြည့်ရင်း ကြည့်ရင်း ကြောက်စိတ်တွေ ငယ်ထိပ်က ဖောက်ထွက်မတတ်။ ဆတ်ခနဲ မျက်နှာလွှဲပြီး ကြည့်လိုက်တော့ ရေချိုးခန်းထဲမှာ ရေစိုစက် သက်နှင့် မျက်ကွင်းညိုကြီးနှင့် ပြာနှမ်းနှမ်း အသားအရောင်နှင့် ယွန်းရဲ့ ပုံတူတစ်ယောက် ထောင့်ကပ်ရပ်ပြီး ယွန်းကို လှန်စိုက်ကြည့်နေ၏။

"အ. . အာ. . အား"

ယွန်း ထိတ်လန့်တုန်လှုပ်ခြင်းကြီးစွာဖြင့် နောက်ဆုတ်၊ နောက်ဆုတ်ရင်း အေးစက်စက်၊ ပျော့စိစိ ခန္ဓာကိုယ်ကြီးတစ်ခုနှင့် ဝင်တိုးမိ၏။ ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

"အမလေး . . အမေရေ ကယ်ပါဦး. . အမေရေ ကယ်ပါဦး. . . အီး ဟီး ဟီး"

ခေါင်းတစောင်းကြီးနှင့် ပြာနှမ်းနေသော ယွန်းရဲ့ပုံတူ မိန်းမ။ ယွန်းကို ပွေ့ချုပ်ဖို့လုပ်နေသဖြင့် ယွန်း ကြောက်လန့်တကြား ဆောင့်တွန်းပြီး ရေချိုးခန်းထဲ ဝင်ပုန်းမိ၏။ လိုက်ကာဖြင့် ပိတ်ကွယ်လိုက် ၏။

ကြောက်ဒူး ဆတ်ဆတ်တုန်နေမိ၏။ လိုက်ကာကို ဆွဲဖွင့်လိုက်၏။ ခေါင်းပြန်တည့်ပြီး ယွန်းပုံစံနှင့်မိန်းမ ဖြစ်သွား၏။


www.burmeseclassic.com

www.burmeseclassic.com


"အား! . . မလုပ်ပါနဲ့၊ ငါတောင်းပန်ပါတယ်။ ကြောက်တယ်. . နင့်ကို ငါကြောက်တယ်။ ထွက်သွားပါတော့"

ယွန်းရဲ့အော်သံတွေက လည်ချောင်းထဲမှာ တစ်စို့နေ၍ 'အစ် အစ် အစ် အစ်'သံသာ ထွက်ပေါ်နေ၏။

"နင်ဟာ ငါပဲ. . နင့်ဘဝထဲမှာ ငါနေမယ်။ ငါ့ဘဝထဲမှာ နင်ပြန်နေရမယ်. . နင့်ဘဝရဲ့ ချိုမြိန်မှုကို ငါယူမယ်။ ငါ့ဘဝရဲ့ ခါးသီးမှုတွေကို နင်ပြန်ယူရမယ်။ ငါ့ကိုကြည့် ယွန်း. . ငါ့ကို သေချာကြည့်စမ်း ယွန်း. . ငါ့မျက်လုံးတွေကို သေချာကြည့်"

ပါးစပ်မလှုပ်ဘဲ ပြောနေသော တစ္ဆေမရဲ့စကားတွေကို ယွန်း စိတ်ထဲက ကြားနေရ၏။

"မကြည့်ဘူး. . မကြည့်ဘူး. . နင့်ဘဝနဲ့ မလဲနိုင်ဘူး. . ငါ့ဘဝလည်း မပေးနိုင်ဘူး"

"မပေးလို့မရဘူး. . နင် ငါ့လက်ထဲရောက်တော့မယ်. . ငါ့ မျက်လုံးတွေကို သေချာကြည့်စမ်း ယွန်း၊ ရွှေစင်ယွန်း. . နင် ငါ့ကို ကြည့်လိုက်"

အတင်းအကျပ် စိတ်ညှို့ဆွဲဆောင်သလို၊ အတင်းအကျပ် သူ့အမိန့်အတိုင်း လိုက်နာခိုင်းနေ၏။ ယွန်းအသိထဲမှာ ဘုရား၊ တရား၊ သံဃာကို အမှတ်ရသွား၏။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

"ဓမ္မံ သရဏံ ဂစ္ဆာမိ"

"သံဃံ သရဏံ ဂစ္ဆာမိ"

နှုတ်က ရွတ်ဆိုပြီး ဘုရား၊ တရား၊ သံဃာကို အာရုံပြုနေ



www.burmeseclassic.com

www.burmeseclassic.com


ခါ၏။ လူကိုလုပ်ချင်သလိုသာ လုပ်ပါစေတော့။ ရတနာသုံးပါးထံ အသက်နှင့်ခန္ဓာကိုယ်ကို အပ်နှံပူဇော်လိုက်သည်။

အသံမျိုးစုံ ပြောင်းဆန်အောင် အော်ဟစ်သွား၏။ တစ်စုံတရာသော စွမ်းအားကြီးတစ်ခုက မကောင်းတာတွေကို လောင်ကျွမ်းပြီး ဆွဲထုတ် ခေါင်ငင်သွားသလို၊ တော်လဲသံကြီးလို အသံမျိုးကြီး ကြားလိုက်ရပြီး ရုတ်ချည်းတိတ်ကျသွား၏။

"ရတနာသုံးပါးကို ရွတ်ဖတ်ပူဇော်ရသော ဂုဏ်ကျေးဇူးကြောင့် မကောင်းဆိုးဝါးရဲ့စက်ကွန်ရက်တွေ အကုန်ပြတ်ထွက် ပျောက်ကွယ်သွား၏။

"ဒေါက်. . ဒေါက်. . ဒေါက်. . ဒေါက်"

"သမီးရေ. . သမီးလေး"

မေမေ့ခေါ်သံ ကြားလိုက်ရ၏။ ခြေလှမ်းတွေ မနည်းအားထည့်လှမ်းပြီး တံခါးသွားဖွင့်ပေးလိုက်၏။

"သမီး. . ဘာတွေဖြစ်နေတာလဲ. . ဘာဖြစ်လို့လဲ"

"သမီး. . တစ္ဆေမနဲ့ အဟင့် ဟင့်. . ဟီး ဟီး ဟီး ဟီး"

"မငိုပါနဲ့. . သမီးရယ်၊ မကြောက်နဲ့ မေမေရှိတယ်"

မိခင်ကို အားကိုးတကြီး ဖက်တွယ်ထားမိ၏။ ဖခင်က နောက်မှာ ဝိုးချဲ့နှင့်ထိုင်နေရာက ယွန်းအခန်းထဲကို တွန်းဝင်ပြီး လိုက်လံ စစ်ဆေးကြည့်၏။

မိခင်က ဖက်ပွေ့ပြီး ကျောကို ပွတ်သပ်နှစ်သိမ့်နေ၏။

"တိတ်. . တိတ်. . သွေးလေ ချောက်ချားရင်း ပေါက်ကရတွေ မြင်တတ်၊ ထင်တတ်ပါတယ်။ သမီးလေး ဆံပင်သွားညှပ်ရ


www.burmeseclassic.com

www.burmeseclassic.com



အောင် စိတ်ပြေလက်ပျောက်ပေါ့"

ဖေဖေက ဗိုးချဲတွန်းထွက်ပြီး ဘုရားစင်ပေါ်က ပရိတ်ရေ ပုလင်းယူလာပြီး လိုက်၏။

ပရိတ်ရေသောက်လိုက်မှ ယွန်းလည်း နေသာထိုင်သာ ရှိသွားတော့၏။ အတော်လေး ဆိုးလာပြီ။ နောက်ဆို ပရိတ်ရေ ပုလင်း အနားမှာ ဆောင်ထားမှ ဖြစ်တော့မည်။

ဣ ဣ ဣ



www.burmeseclassic.com

www.burmeseclassic.com


**သဉ္ဇာလီ** က ဆံပင်ညှပ်ဆိုင်မှာ ထိုင်စောင့်ပေး၏။ ယွန်းက ချစ်ချောသူမို့ ဆံပင်ကုတ်ဝဲနှင့် ဘော့ဗ်ဟဲယားစတိုင်(လ်)လေးကို ညှပ်လိုက်၏။ ဆံပင်ပုံစံသစ်လေးနှင့် ယွန်းပုံစံက အလွန်ကြည့်ကောင်းသွား၏။

ကျောင်းပြန်တက်ဖြစ်သောအခါ သူငယ်ချင်းအားလုံးရော၊ အတန်းဖော်တွေပါ ယွန်းရဲ့ဆံပင်ပုံစံကို ချီးကျူးထောပနာပြုကြ၏။ ကောင်းမြတ်သူက–

"သိပ်လိုက်တယ်. . သိပ်မိုက်တယ် ယွန်း"

အေမီအောင်က. .

"နင့်ကို ကောင်း ခိုက်သွားပြီ"

ပန်းအိစံက. .

"နင် ကံကောင်းပြီ ယွန်း. . ကောင်းက ပျိုတိုင်းကြိုက်တဲ့ ကောင်းဆိုခိုင်။ နင် အဲ့ဒီနှင်းဆီပန်းကို ပန်ခွင့်ရသွားတာ မဟာကံထူးရှင် ပဲ . ယွန်းအတွက် ဂုဏ်ယူဝမ်းသာပါတယ်"


www.burmeseclassic.com

www.burmeseclassic.com


သူငယ်ချင်းတွေကြားမှာ ယွန်း ပြန်လည် လန်းဆန်းပြုံးပျော်သွား၏။ ကောင်းမြတ်သူက ယောကျ်ားလေးတွေနှင့် သွားစကား ပြောနေသည်။ ယွန်းတို့ရှိရာကို ရှင်းသန့်လှိုင်နှင့် အဖော် သူငယ်ချင်းနှစ်ဦးတို့ ရောက်လာကြသည်။

"ဘာကောလဲ .."

"ဒိုးပျံကော"

"ဘဲဥခွံကွဲ စွပ်ထားတဲ့ကောပါ ဟယ်"

"အရပ်က ရှည်၊ ဆံပင်ကတိုနဲ့ အခြောက်မကြီးကျနေတာပဲနော်. . ခစ် ခစ် ခစ် ခစ်"

ကြံဖန်အပြစ်ပြောပြီး ဝိုင်းလှောင်နေကြ၏။

"သူများလှတာကို မနာလိုဖြစ်နေသေးတယ်"

"ဟုတ်ပ . . သူတို့ကမှ အသေအချာကြည့်ရင် နေကြာစေ့လောက်မှ ရုပ်မထွက်တဲ့ ဗရုတ်ဗရက်တွေ"

ပန်းအိစံနှင့် အေမီအောင်တို့က ပြန်ပြောကြ၏။ ယွန်းကတော့ ဆံပင်ကိုသာ လက်နှင့် သပ်တင်ပြီး အရေးမစိုက်သလို ကောင်းကင်ကို မော့ကြည့်နေလိုက်၏။

"ဂေါက်ကြောင်မနဲ့တွဲတဲ့ ကြောင်ဂေါက်မတွေက ကြားထဲက ဝင်နာနေသေးတယ် အံ့သြပါရဲ့"

"အေးလေ . . ယွန်းနဲ့ ဖွန်းတွေ ဟားဟား"

ယွန်း ဖျဉ်းခနဲ စိတ်ကွက်သွား၏။

"နင်တို့ ရန်လာမစနဲ့ . . ငါက အပြောပက်စက်တယ်နော်။ ငါပြောလိုက်ရင် မျက်ရည်တောက်တောက် ကျသွားမယ်"


www.burmeseclassic.com

www.burmeseclassic.com


"စရိုက်ကြမ်းတွေကို . . ဟင်း ဟင်း ကောင်းမြတ်သူနဲ့ ခြောက်ထဲမှာသာ ရည်စားဖြစ်လို့ရမယ်။ အပြင်မှာတော့ ကျန်ရစ် ကြေး"

"နင့်ကို ကောင်းက ပရိုပိုစ့်လုပ်ပြီးလို့လား"

"နင့်ကိုရော လုပ်ပြီးလို့လား"

"လုပ် . . ပြီး . . ပြီ"

"ဘာ ! . ."

"မယုံရင် ကောင်းကို သွားမေး"

ရှင်းသန့်လှိုင် ချက်ချင်းပင် ကောင်းကို ခေါ်ထုတ်သွား၏။ ခန်းခြံဘက် စီးလျှောနားမှာရပ်ပြီး မေးနေ၏။ ကောင်းက ယွန်းကို လှမ်းကြည့်ပြီး ခေါင်းညိတ်ပြ၏။ ရှင်းသန့်လှိုင် ကြေကွဲရီဝေသွား ၏။ ကောင်းကို ဆောင့်တွန်းပြီး လှည့်ထွက်သွား၏။

ဒီပွဲမှာ နင်ရှုံးပြန်ပြီ၊ ရှင်းသန့်လှိုင်။

စိတ်ကောင်းမှ မရှိတာကိုး။ 'စိတ်ကောင်းထားမှ ချမ်းသာရ၊ စိတ်ကောင်းမထားက ဆင်းရဲရ' ဆိုတဲ့ ဆောင်ပုဒ်က အလကား ရေး ထားတာမှ မဟုတ်တာ။

ကျင့်သုံးလိုက်နာသူသာ လိမ္မာအောင်မြင်နိုင်တယ်လေ။

ည ည ည



www.burmeseclassic.com

www.burmeseclassic.com

"ငါ့သမီးက ဒီဆံပင်ပုံစံနဲ့လည်း လိုက်တာပဲ"

"ဖေဖေ့ သမီးမို့လို့ပေါ့"

ဖေဖေ ပြုံးရယ်သွား၏။ ဖေဖေ့ရဲ့ အောက်ပိုင်းကို နှိပ်နယ်ပေးနေမိ၏။

"ဖေဖေ ခြေထောက်တွေ ပြန်ကောင်းရင် ချောင်းသာကို တစ်ခေါက်သွားကြမယ်။ သဲသောင်စပ်မှာ ရေလှိုင်းတွေ ခြေထောက်ကို လာထိရိုက်တာခံပြီး လမ်းလျှောက်ကြမယ်နော်"

"ကောင်းတာပေါ့ . . ကောင်းလာစေချင်ပါတယ်။ သမီးတို့သားအမိကို အလုပ်ကောင်းကောင်း ပြန်လုပ်ပြီး လုပ်ကျွေးချင်ပါတယ်"

"ဖေဖေရယ် . . ဖေဖေပဲ သမီးကို အမြဲဆုံးမနေပြီးတော့ စိတ်ဓာတ်ခိုင်မာရမယ်။ ကြုံလာသမျှ လောကဓံကို ကြံ့ကြံ့ခံ ရင်ဆိုင်ရဲရမယ်။ အားမလျှော့ရဘူး။ ဖွဲမလျှော့ရဘူး ဆိုတာတွေလေ"

"ဒါပေါ့ . . ဖေဖေလည်း တရားနဲ့ ဖြေနေရတာပေါ့၊ အင်း . .



www.burmeseclassic.com

www.burmeseclassic.com


သမီးမှာ ရည်းစားရှိနေပြီလား။ ရှိနေရင် ပွင့်ပွင့်လင်းလင်း ပြော၊ အပြင်မှာ ချိန်းမတွေ့နဲ့၊ အိမ်မှာပဲ လာတွေ့ပစေ။ အပြင်မှာဆို ပေါက်ကရတွေ ဖြစ်လိမ့်မယ်"

"ဖေဖေကလည်း နားရှက်စရာတွေ သမီးကို ကြိုက်တဲ့လူတော့ အများကြီးပဲ။ အဲ့ဒီထဲမှာ ကောင်းမြတ်သူလည်း ပါတယ်"

"ဪ . . သမီး မွေးနေ့တွေတိုင်းလာတဲ့ မောင်ကောင်းပဲ။ ကောင်လေး လူရည်သန့်လေးပါ။ သမီးအမေရော ဖေဖေပါ သမီးနဲ့ ကြိုက်ပြီး သဘောတူနေတာ။ လူကြီးလူကောင်း သားသမီးပါ။ သူ့မိဘတွေနဲ့လည်း ဖေဖေတို့ခင်နေကြတာပဲ။ ကျောင်းပြီးရင် လက်ထပ်ပေးမယ်"

"ဟုတ်ကဲ့ . . ဖေဖေ"

"အံ့မယ် . . ငါ့သမီးလေး တယ်လိမ္မာနေပါလား။ ဒီ ကောင်လေးက ပြဇာတ် သရုပ်ဆောင်မင်းသား . . သမီးနဲ့ တွဲရမှာပေါ့"

"ဟုတ်"

"ချစ်ခန်း ကြိုက်ခန်းတွေ ပါမှာပေါ့"

"ပါတာပေါ့၊ လူငယ်ကြိုက်ဝတ္ထုလေ။ ရှိမန့်ဆန်ဆန် အချစ်ဇာတ်လမ်းလေး ရှိမီယိုနဲ့ ဂျူးလိယက် ပုံစံမျိုးလေး ပြန်ရေးထားတာ။ ဖေနဲ့မေ ကျောင်းကပွဲ လာကြည့်ရင် သိလိမ့်မယ်"

ဦးနေထိုက် ခေါင်းတညိတ်ညိတ်လုပ်ကာ ပြုံးနေ၏။

"အဲဒီ ဇာတ်လမ်းအတိုင်းဆိုရင် မိဘတွေက ကမ္ဘာ့ရန်တွေ မင်းသားနဲ့ မင်းသမီးကို သဘောမတူကြဘူး။ အပြင်မှာတော့ သဘောတူကြမှာပါ သမီးရယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကလည်း သူ့မိဘတွေသဘောက ဘာမှန်းမှ မသိ
တာ။ သူတို့သဘောရှိသေးတယ်လေ"

"တူကြမှာပါ . . မပူပါနဲ့၊ ဖေဖေက သမီးရှင်မို့လို့ ဖြစ်နိုင်ရင်
ဖုန်းဆက်ပြီး လှမ်းမေးလိုက်ချင်တာ"

သားအဖနှစ်ယောက် ပြောဆိုနေကြစဉ် ဖုန်းဝင်လာ၏။
တိုက်တိုက်ဆိုင်ဆိုင် ကောင်းမြတ်သူရဲ့ဖခင် ဦးမြတ်မောင် ဖြစ်နေ
၏။ စပီကာဖွင့်ထား၍ ကြားနေရ၏။

"ကိုနေထိုက်လား"

"ဟုတ်ပါတယ် . . အမိန့်ရှိပါ"

"ကျွန်တော် မြတ်မောင်ပါ"

"ဪ . . ဦးမြတ်မောင်၊ ပြောပါခင်ဗျာ ပြောပါ"

"ကျွန်တော်တို့ချင်းက ခင်မင်ရင်းနှီးပြီးသားတွေပဲ။ ဒဲ့ဒိုး
ပဲ ပြောတော့မယ်ဗျာ။ ကျုပ်သားက ပူဆာလွန်းလို့ အကြိုနှုန်းဖော်
ထားတဲ့ သဘောပေါ့"

"လုပ်ပါ . . ပြောပါ"

"သားရေး သမီးရေးကိစ္စမို့ ရှေ့မျက်နှာနောက်ထားပြီး ပြော
ပါရစေတော့"

"စကားပလ္လင် ခံမနေပါနဲ့၊ သဘောပေါက်တယ် ပြောပါ"

"ကျုပ်သားက ခင်ဗျားသမီးကို ရည်ငံနေတယ်။ အဲဒါ ကျောင်း
ပြီးရင် လက်ထပ်ပေးစားမယ်ဆိုတာ မရဘူး။ ဆယ်တန်း အောင်ပြီး
ရင် ပေးစားရမယ်။ လင်မယားနှစ်ယောက် စီးပွားရေးတစ်ဖက်
လုပ်၊ အိမ်ထောင်သားမွေးပြီး အဝေးသင်ဆက်ဖြေရင်နဲ့ ဘွဲ့ယူ



www.burmeseclassic.com

www.burmeseclassic.com


ပယ်တဲ့။ အဲ့ဒါ . . ဘယ်နှယ် သဘောရသလဲဗျာ"

"ဟုတ်ကဲ့ . . ကျွန်တော်က သမီးရှင်ဆိုတော့ စဉ်းစဉ်းစားစား ပြန်ဖြေပါ့မယ်။ ကိုမြတ်မောင်ရဲ့သားနဲ့ဆို သဘောတူပါတယ် ဟဲ ဟဲ"

"ဟား! . . ဝမ်းသာတယ်ဗျာ။ ကျုပ်တာဝန်ထား မင်္ဂလာပွဲ ကို အခမ်းနားဆုံး စီစဉ်ပေးပါ့မယ်"

"ဦးမြတ်မောင်ရဲ့သားလည်း ကျွန်တော်တို့အိမ်ကို ဝင်ပါ၊ ထွက်ပါ။ သွားလာနိုင်ပါတယ်ဗျာ"

"အိုးဟိုး . . ကျေးဇူးပါဗျာ၊ ကျုပ်သားက ခင်ဗျားတို့အိမ်ကို ချောင်းပေါက်မတတ် လာချင်နေတာ"

"ရပါတယ်၊ လာပါစေ . . ကျုပ်နဲ့ ခင်ဗျားလည်း ခမည်းခမက် တော်ရတော့မှာပဲဟာ"

"ဝမ်းသာတယ်ဗျာ။ အလုပ်တွေ မအားသေးလို့ ခင်ဗျားစ, ပြီး လေဖြတ်ခါစက သတင်းမေး သုံးလေးခါပဲ ရောက်ဖြစ်တယ်။ အဲ့ဒီနောက်ပိုင်း အလုပ်တွေ မအားတာနဲ့ မရောက်ဖြစ်တာ ခွင့်လွှတ် ဗျာ . . ဟုတ်လား"

"ခွင့်လွှတ်ပါတယ်ဗျာ။ ဘယ်လိုမှ သဘောမထားပါဘူး"

လူကြီးချင်း အပြန်အလှန် ဝမ်းသာအားရပြောပြီး နှုတ်ဆက် တာ ဖုန်းပြောခြင်းကို ရပ်တန့်လိုက်ကြ၏။

"ကဲ . . သမီးယွန်း ကြားတဲ့အတိုင်းပဲ"

ယွန်း ရှက်ပြီး အိပ်ခန်းထဲကို ပြေးဝင်လာမိ၏။

ꩢ ꩢ ꩢ


www.burmeseclassic.com

www.burmeseclassic.com



ညနေ ကျောင်းဆင်းချိန်မှာ ကျောင်းသူ ကျောင်းသားတွေ ပြန်ကုန်ကြ၏။ အနုပညာသင်တန်း အပိုချိန်ရှိ၍ ယွန်းတို့အဖွဲ့တွေ စတူဒီယိုခန်းမှာ သွားစောင့်နေကြ၏။

ယွန်းထိုင်သော ထိုင်ခုံပြတင်းပေါက်ကျယ်က လှမ်းကြည့် လိုက်ရာ ပန်းခြံထဲကို မြင်ရ၏။

"ဟင်! . ."

ဒန်းနှစ်ခု ရှိသည့်အနက်၊ ဒီဘက်ကဒန်းက ဘယ်သူမှ မရှိဘဲ နှင့် သူ့ဘာသာလွှဲနေ၏။ လေပြင်းပြင်းတိုက်လို့ လွှဲလျှင်လည်း ဒန်း နှစ်ခုလုံး လွှဲရမှာပေါ့။ အမြင်မှားသလား။ မျက်လုံးပွတ်သပ်ပြီး ပြန်ကြည့်လိုက်၏။ အမြင်မမှား။

သေချာပါပြီ။ ပျောက်ကွယ်သွားပြီ ထင်ခဲ့သော တစ္ဆေ ပြန်ရောက်လာပြီ။ ပြန်ရောက်လာကြောင်းကို ဒန်းစီးပြီးဖြင့် သက်သေပြနေ၏။ ယွန်း ထိတ်ခနဲဖြစ်ကာ ကြောက်လန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com


ဒီအတိုင်းဆို မှောင်ရီပျိုးချိန်မှာ အိမ်ပြန်လျှင် တစ္ဆေမလိုက်လာပြီး တစ်လမ်းလုံး နှောင့်ယှက်ဦးမည်။ အိမ်အထိ ပါလာမည်။

ယွန်း ဆတ်ခနဲ ထ,ပြီး မတ်တပ်ရပ်လိုက်၏။

"ဘယ်သွားမလို့လဲ. . ယွန်း"

အေမီအောင်က မေးလာ၏။ ကောင်းမြတ်သူက စာသင်ခန်း ထဲမှာ ဂီတဆရာတစ်ယောက်က လာခေါ်သွား၍မရှိ။ အနုပညာ သင်တန်းချိန်ရောက်မှ ပြန်တွေ့ရလေမလား မသိ။ ဒီဘက်ဝင်ပေါက် အနေ လျှောက်ထွက်လာလိုက်၏။ ဒီဘက်ပေါက်ကို တစ္ဆေမ မတွေ့ နိုင်။

ကျောင်းဝင်ထွက်ပေါက်က (၄)ပေါက်ရှိ၏။ ယွန်း ကျောင်း ထစ်ပြီး အဖေ့ဆီ ပြေးမည်ပေါ့။ ဒီဘက်ပေါက်မှာ ကားတစ်စင်း ထိုး ဆိုက်၏။ ဆရာသီဟမိုးရဲ့ကား ဘေးမှာ မေမေပါလာ၏။ အနမ်းနှင့် နှုတ်ဆက်၏။ မေမေက ကားမောင်းထွက်သွား၏။ စာသင်ပြီး အပြန် အစ်နေရာရာမှာ ချိန်းတွေ့ကြမှာပေါ့။

မေမေ ကတိမတည်၊ မေမေ့အပေါ် စိတ်ခုမိသွား၏။ သီဟမိုး အ အထဲကို စာအုပ်စာတမ်းတွေကိုင်ပြီး ဝင်လာ၏။ ယွန်းကို ရုတ် အရက်တွေ့၍ ခြေလှမ်းတွေ ရပ်တန့်သွား၏။

"ယွန်း . . ဘယ်သွားမလို့လဲ"

ယွန်း ဘာမှမပြောဘဲ အပြင်ထွက်ရန် ပြင်လိုက်၏။

"ယွန်း. . မင်းအမေ ကားပျက်နေလို့ ကိုယ့်ကားကို ခဏ ဆားလိုက်တာ။ မိတ်ဆွေတွေအဖြစ် ကူညီတာ"

"နမ်းရှုပ်တာက မိတ်ဆွေတွေလား"


www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီကိစ္စနဲ့ မင်းမကျေနပ်ရင် ဆရာကို ကြိုက်သလို လုပ်သွားလိုက်။ မင်းကျေနပ်ပြီဆိုရင် ကျောင်းစည်းကမ်းအရ ဆရာက မင်းကို စာသင်ခန်းထဲ ပြန်ပို့ရမှာပဲ"

"ရပ်တန်းက ရပ်သင့်နေပါပြီ. .၊ ကာမေသု မိစ္ဆာစာရကံကို မကြောက်ဘူးလား။ ဒီကလည်း ဆရာတစ်ယောက်၊ ဟိုကလည်း မိဘတစ်ယောက် အနန္တော အနန္တဂိုဏ်းဝင်တွေအဖြစ် ခံယူထားကြတာ။ ဆရာအဖြစ် မိဘအဖြစ် ရှင်တို့နဲ့ ထိုက်တန်ရဲ့လား။ ကျွန်မအဖေကို အားမနာဘူး။ ကျွန်မကိုလည်း အလေးမထားဘူး။ ရှင်တို့ဘာသာ ငရဲသွားကြတာ အကြောင်းမဟုတ်ဘူး။ ပတ်ဝန်းကျင်က ကျွန်မတို့ကို ဘယ်လိုထင်ကုန်မလဲ။ ဖောက်ပြန်တဲ့ မိခင်ရဲ့သမီး၊ ဖောက်ပြန်တဲ့ ဆရာတစ်ယောက်ရဲ့တပည့်။ ဘယ်ပတ်ဝန်းကျင်မှာ မျက်နှာ ပြရမလဲ။ ဘယ်နေရာမှာ မျက်နှာပြရဲမလဲ။ ကျွန်မအဖေ ဒုက္ခတကြီးကို သက်ညှာ လေးစားစိတ်မျိုး ရှင့်မှာဖြစ်ဖူးရဲ့လား။ ကြာကူလီစိတ်နဲ့ ရသမျှ ကြိတ်မယ်ဆိုတဲ့ အောက်တန်းစား စိတ်ဓာတ်မျိုးကို ရှင်မွေးနေတာလား"

လူရှင်းသော ကော်ရစ်ဒါမှာ ယွန်း စိတ်ထဲရှိသမျှ ပြောပြီး အပြတ်ဖြတ်နေကြ၏။ သီဟမိုး ခေါင်းငိုက်စိုက်ကျသွား၏။

"တပည့်ပြောတာ အားလုံး မှန်ပါတယ်။ ဆရာတို့ဘက်က လူကြီးဖြစ်ပြီး အမှားကြီး မှားနေတာပါ။ နောက် ဆရာ ဆင်ခြင်ပါ့မယ်။ အဆက်ဖြတ်နိုင်အောင် ကြိုးစားပေးမယ်။ အခု. . ပြဇာတ်တိုက်ကို ပြန်လိုက်ခဲ့ပါ။ ဒီနေ့ ယွန်းကို ဦးစားပေးတိုက်ရမယ့် အခန်းတွေချည်း ဖြစ်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com


ဆရာတစ်ယောက်က လေချိုပြန်သွေးနေ၍ ယွန်းလည်း အနည်းငယ် စိတ်ပြန်ပျော့သွားကာ . .

"ကျွန်မ . . အင်း"

ရှင်းပြလျှင်လည်း ယုံကြမှာမဟုတ်။ အသာ ပြန်လိုက်လာ၏။ နေရာမှာ ဝင်ထိုင်ပြီး ပန်းခြံဘက်ကိုကြည့်တော့ ကျောပေးပြီး ကျောင်းဝတ်စုံလေးနှင့် ဒန်းစီးနေသော တစ္ဆေမ။ ယွန်းနဲ့တူသည့် တစ္ဆေမ။

"အေမီနဲ့ ပန်းအိ"

"ဘာလဲ . . ယွန်း"

"ပြောလေ"

"ပန်းခြံထဲမှာ . . ပန်းခြံထဲကြည့်လိုက်"

သူငယ်ချင်းမနှစ်ယောက် ပန်းခြံထဲကို ပြူးပြဲပြီး လှမ်းကြည့်ကြ၏။

"ကောင်မလေး ဒန်းစီးနေတယ်။ အဲဒါတစ္ဆေမ . . ဆံပင် ကျောပိုးအိတ်ကိုကြည့် . . ငါ့ဟာတွေအတိုင်းပဲ"

"အေးဟဲ့ . . ဟုတ်တယ်"

"အဲ့ဒီတစ္ဆေမကို သွားဖမ်းကြမယ်"

"အေး . . ဟော ဆရာဝင်လာပြီ၊ ဆရာ့ကို ပြောပြရမယ်"

"ကောင်းသော ညနေခင်းပါ တပည့်တို့"

"မင်္ဂလာရှိသော ညနေခင်းပါ ဆရာ"

"ဒီနေ့အဖို့ကတော့ . . "

"ဆရာ . . ခဏလေး"


www.burmeseclassic.com

www.burmeseclassic.com


"ယွန်း . . ဘာလို့လဲ"

"ပန်းခြံထဲက ဒန်းပေါ်မှာ ကျောင်းဝတ်စုံနဲ့ ထိုင်နေတဲ့ ကောင်မလေးဟာ တဈွေမပါ . . ဆရာ။ ကျွန်မ အယောင်ဆောင်ပြီး ခြောက်လှန့်နေတယ်။ သူ့ကိုဝိုင်းဖမ်းပြီး စစ်မေးရအောင် . . ဆရာ"

သီဟမိုး အံ့ဩစွာဖြင့် ပြတင်းပေါက်နားကို သွားကြည့်၏။ ကျန်သော ကျောင်းသူ ကျောင်းသားတွေလည်း လိုက်ကြည့်ကြ၏။ ဒန်းစီးနေသော ကောင်မလေးတစ်ယောက် ဆံပင်ကုပ်ဝဲလေးနှင့်။

"အဲဒါ တဈွေမလား"

"ဟုတ်တယ် . . ဆရာ"

"ကဲ . . ဒါဆိုလည်း အားလုံး ဝိုင်းဖမ်းကြမယ်"

ဆရာ၊ ယွန်း၊ ကျောင်းသူ ကျောင်းသား အားလုံး စာသင်ခန်း အပြင်ဘက် ပြေးထွက်ပြီး တဈွေမကို သွားဝိုင်းကြ၏။ လူအုပ်စုက များနေတော့ မကြောက်ကြ။ ပျော်ဖို့ပင် ကောင်းပေတော့၏။

ယွန်းက အနားကပ်ကြည့်လိုက်၏။

ယွန်းနှင့်တူသော တဈွေမ မဟုတ်။ တခြားကျောင်းသူ လုံးဝ ဒေါက်တူ တစ်ယောက်ဖြစ်နေ၏။

"ဟင်! . . သူ . . သူ"

"ဒါ . . တဈွေမလား"

ကောင်မလေးက ပြူးပြူးပြဲပြဲလေး ပြန်ကြည့်နေ၏။

"ကျွန်မ . . ကျွန်မ . . ဘာအပြစ်ရှိလို့လဲ ဆရာ"

"ယွန်း . . သူက လူပါ . . ၊ ဂီတဆရာရဲ့ တူမလေး ဂီတ ဆရာနဲ့ အတူပြန်နေကျလေ"



www.burmeseclassic.com

www.burmeseclassic.com


"ဟိုမှာ . . ဂီတဆရာနဲ့ ကောင်းမြတ်သူတို့ ပြန်ရောက်လာပြီ"

ဂီတဆရာနဲ့ ကောင်းမြတ်သူက ဂီတပညာရှင်တွေနှင့် သွားရောက် ဆွေးနွေးနေခြင်းပင်။ ဂီတဖျော်ဖြေပွဲကြီးမှာ ဒီက သင်တန်းကျောင်းသားတွေပါ ဩဂတ်စတာ ဝိုင်းကြီးဖွဲ့ပြီး ဗီသိုဗင်၊ မိုးစက်တို့ရဲ့ ဂန္တဝင်တေးများ တီးခတ်ကြဖို့အရေး သွားဆွေးနွေးနေရာက ပြန်ရောက်လာခြင်းပင်။

ဂီတဆရာ ပြန်မလာသေး၍ ဒန်းစီးပြီး စောင့်နေခြင်းပင်။ အမွှေမ မဟုတ်တော့။ ယွန်းကို ဆရာရော၊ အတန်းသူ အတန်းသားတွေပါ စိတ်ပျက်လက်ပျက် ဖြစ်ကုန်ကြ၏။ ရှင်းသန့်လှိုင်တို့အဖွဲ့က ရှေ့တန်းထွက်လာပြီး မဲ့ပြုံးကိုယ်စီနှင့်–

"ကြောင်နေတယ်ဆိုတာ အခုမှပဲ လူတွေ ယုံသွားတော့တယ် ဟင်း ဟင်း ဟင်း"

"ဂေါက်ကြောင်မက တစ္ဆေဖမ်းဦးမတဲ့ ခစ်ခစ်ခစ်"

ဆရာနှင့် ကျောင်းသား၊ ကျောင်းသူတွေ စတူဒီယိုအခန်းထဲပြန်ဝင်သွားကြ၏။ ဒန်းပေါ်က ကောင်မလေးကို ဂီတဆရာက မျက်တားနှင့် ခေါ်သွား၏။

လှုပ်ခါကျန်ခဲ့သောဒန်းကို ယွန်း မမှိတ်မသုန် စိုက်ကြည့်နေမိ၏။ ကောင်းမြတ်သူသာ အနားရောက်လာ၏။

"ယွန်း . . . နင်ပြောတာ . . . ငါယုံတယ်"

"သွားစမ်းပါ . . . နင်လည်း ဝါးတားဖော်လို့၊ ဖစ်ဖော်လို စကားတွေလာပြောမနေပါနဲ့"


www.burmeseclassic.com

www.burmeseclassic.com


"ငါ့ဘက်က မခိုင်မာ . . သက်သေမပြနိုင်ဘဲ မပြောဘူး ယွန်း"

"ဘာသက်သေရှိလဲ . . ပြ"

"ဒီ. . လွှဲနေတဲ့ ဒန်းပဲပေါ့"

"အဲဒါ ဂီတဆရာတူမ စီးပြီး တမင်လွှဲထားခဲ့တာလေ"

"အခုထိ ဘာလို့မရပ်သေးတာလဲ၊ ဆယ်မိနစ်နီးပါး ရှိနေပြီ"

"ဟင်! . ."

ယွန်း လန့်ပြီး ဒန်းနှင့်ဝေးရာ ခြေသုံးလေးလှမ်း ဆုတ်လိုက်မိသည်။ ကောင်းမြတ်သူ အားကိုးရှိနေ၍ လန့်သင့်သလောက်သာ လန့်သွား၏။

ကောင်းမြတ်သူက လွှဲနေသောဒန်းကို ဖမ်းဆုပ်ပြီး ရပ်တန့်လိုက်ရ၏။

ꩨ ꩨ ꩨ


www.burmeseclassic.com

www.burmeseclassic.com




# အခန်း(၇)

## ဘတိုက်ရဲ့ ဘဆိပ်ပြန်တက်မှု

"**သခင်**မီး ပြန်ရောက်ပါပြီ ဖေဖေ"

အခန်းတံခါး စေ့ထား၍ အထဲကို အသာဝင်ပြီး ဖေဖေ့ကို နှုတ်ဆက်လိုက်၏။ မမြင်ခင်ကတည်းက နှုတ်ဆက်လိုက်ပြီး မြင်လိုက်ရသည့် မြင်ကွင်းက–

"ဟင်! . ."

"ဖေဖေ . . ဘာဖြစ်တာလဲ"

ဗိုးချဲရော ဦးနေထက်ပါ လဲကျနေ၏။ ယွန်း ပြေးသွားပြီး ဦးနေထက်နဲ့ ဗိုးချဲကို ပြန် ထောင်မတ်ပေးလိုက်၏။ ဖေဖေက တရုတ်စာအုပ်ကို လက်ကမလွှတ်။

"ဖေဖေ စာဖတ်ပြီး အိပ်ငိုက် ပြုတ်ကျသွားတယ်။ ဟူး . .



www.burmeseclassic.com

www.burmeseclassic.com


သမီး ကျောင်းကပြန်လာပြီပဲ"

"ဟုတ် . . လန့်သွားလိုက်တာ. . ဖေဖေရယ်၊ ဖေဖေများ တစ်ခုခုဖြစ်ပြီလားဆိုပြီး စိုးရိမ်လိုက်ရတာ နှလုံးသွေး ရပ်မတတ်ဘဲ . . ဟူး"

"သမီးအသက်အရွယ်နဲ့ အဲလောက်ကြီး မဖြစ်နိုင်ပါဘူး. . သမီးရယ်၊ ဖေဖေမရှိလည်း သမီးဘဝကို ထူထောင်နိုင်ရမယ်လေ။ ဘာမှ ဝမ်းနည်းနေစရာ မလိုဘူး။ ကြောက်ရွံ့ ထိတ်လန့်စရာ တွေ့ကြုံရင်လည်း ခိုင်မာတဲ့စိတ်ဓာတ်နဲ့ တွန်းလှန် ကျော်ဖြတ်ပစ်ရမယ်။ ဒါမှ အာဂမိန်းမ ဖြစ်တော့မပေါ့"

"ဟုတ်ကဲ့ ဖေဖေ"

ယွန်းအကြည့်က ကြမ်းပြင်ပေါ် ရောက်သွား၏။ စာအုပ် ကြားထဲ ညှပ်ထည့်ထားခဲ့ဟန်တူသော ဓာတ်ပုံတစ်ပုံကို သွားကောက် ယူ ကြည့်လိုက်၏။

အမြွှာညီအစ်မပုံ. .၊ မွေးကင်းစ အနီးနဲ့ ပတ်ထုတ်ထားသော ပုံ. .၊ တွဲလျက်ချထားတာကို ရိုက်ယူထားသော ဓာတ်ပုံ။

"သမီးယွန်း အဲ့ဒီပုံကို ပြန်ပေး. . မကြည့်ပါနဲ့"

"ဒါ . . ဒါ သမီးတို့ပုံမဟုတ်လား . . ဖေဖေ၊ ဘာလို့ ခုထိ ဖုံးကွယ်ချင်နေရတာလဲ။ မေမေကတောင် ပြောပြပြီးပြီ"

"ဟုတ်လား"

"ဟုတ်တယ်. . ဖေဖေ၊ သမီးကို အလုံးစုံ ပြောပြသင့်ပါပြီ"

ဦးနေထိုက်က ယွန်းလက်ထဲက ဓာတ်ပုံကို ကြေကွဲရိပ်ဝေစွာ စိုက်ကြည့်နေသည်။ အတန်ကြာမှ—


www.burmeseclassic.com

www.burmeseclassic.com


"သမီးမေမေက ဖေဖေလောက် များများစားစား မသိရှာပါဘူး။ သမီးက သိပ်သိချင်တယ် ဆိုရင်တော့ ဖေဖေပြောပြရတော့မှာပေါ့။ ဒီအကြောင်းတွေ ဖုံးဖိထားရတာက သဉ္ဇလီရော၊ သမီးရော ထိတ်လန့်ကြောက်ရွံ့မှုတွေနဲ့ တစ်ဘဝလုံး ဝမ်းနည်းကြေကွဲ ချောက်ချောက်ချားချား နေသွားရမှာ စိုးလို့ပါ။ နောက်ဆုံး ကိုယ့်အိမ်ခန်းထဲမှာ တစ်ယောက်ထဲ မနေရဲတဲ့အထိ ရိုပ်ခနဲမြင်ရင် ဒါပဲ. . ဝုန်းခနဲမြင်ရင် ဒါပဲ . . နဲ့ စိတ်စွဲပြီး လိပ်ခဲတည်းလည်းတွေ ဖြစ်ကုန်မှာ စိုးလို့ပါကွယ်"

"အကြောင်းရင်း အမှန်ကိုသိမှ ပြဿနာကို ဖြေရှင်းလို့ရမှာပေါ့။ ဖေဖေ အောက်ပိုင်း သေသွားကတည်းက သူ့သောင်းကျန်းလာတာ အရမ်းထင်ရှားနေတယ်။ သမီးက သူ့ရဲ့ပစ်မှတ်ဖြစ်နေတယ်။ ဒါ ဘာကြောင့်လဲ . . ပြောပြပါ"

"ဒီလို သမီးရဲ့ . . ကားလမ်းအောက်က ဥမင်လှိုဏ်ပေါက်ကို သမီး သိတယ်မဟုတ်လား။ ဟိုတုန်းက ဖေဖေ ခြေထောက်ကောင်းတုန်းက သမီးကိုလမ်းလျှောက်ပြီး ကျောင်းလိုက်ပို့ပို့နေတဲ့ နေရာလေ"

"သိတယ်လေ. . အခုလည်း ခြေလျှင်လမ်းလျှောက်ရင် အဲဒီဖြတ်လမ်းကပဲ လျှောက်နေကြ"

"အဲဒီဥမင်ထဲကို သမီးရဲ့မေမေ ကိုယ်ဝန်အရင့်အမာကြီးနဲ့ ဈေးကပြန်လာရင်း ဖြတ်အသွား ဥမင်ထဲမှာတင် သွေးတွေသွန်တယ်။ အဖေ့ဆီ လှမ်းဖုန်းဆက်တယ်။ ဖေဖေကလည်း သူနာပြုယာဉ်ကို ဖုန်းဆက်ခေါ်ပြီး ပုဂ္ဂလိက အထူးကုဆေးရုံကို ပို့လိုက်တယ်"

www.burmeseclassic.com



"သမီး မေမေကို အရေးပေါ် ခွဲစိတ်ရတော့မယ်။ ကိုယ်ဝန် က အမြွှာပူး ဖြစ်နေတယ်။ လူသုံးယောက်မှာ တစ်ယောက်ကို လက် လွှတ် ဆုံးရှုံးရမယ်။ အဲ့လိုမှ မလုပ်ရင် အားလုံးသေမယ်တဲ့ . . ဖေဖေ့ကို ရွေးချယ်ခိုင်းတယ်။ ဖေဖေလည်း အကောင်းပကတိ ရှိနေတဲ့ သမီးကြီးကို ရွေးလိုက်တယ်။ သမီးငယ်က မင်းတို့မေမေ ဥမင်ထဲမှာ ချော်လဲပြီး ဗိုက်နဲ့ဖိမိလို့ ထိထားတော့ နာတဲ့သဘောဖြစ်နေပြီ။ အဲဒီ မှာတင် သမီးအမေနဲ့ သမီးကြီး ယွန်းကို ရွေးချယ်လိုက်ရတယ်။ သမီး ငယ်ကို မရွေးဖြစ်တော့ဘူး။ အမှန်တော့ သမီးငယ်က ကောင်းပြီး သမီးကြီးက မကောင်းရင် သမီးငယ်ကိုပဲ ဖေဖေ ရွေးဖြစ်မှာပါ၊ ခု တော့ . ."

ဦးနေထိုက် လှိုက်တက်လာသော ဝမ်းနည်းစိတ်ကို အံတင်း တင်းကြိတ်ပြီး ဖြေဖျောက်၏။ ပြီးမှ–

"အဲဒီအပေါ်မှာ သမီးငယ် စိတ်နာသွားပုံရတယ်။ လူ့ဘဝ ထဲကို သူအရမ်းလာချင်နေခဲ့တာ . . သမီးတို့နှစ်ယောက်ကို ခွဲစိတ် မွေးဖွားပြီး သုံးနာရီလောက်အကြာမှာ သမီးငယ် နှလုံးသွေးရပ်ပြီး ဆုံးသွားရတယ်။ သမီးလို ဖြူဖြူဖွေးဖွေး ချစ်စရာ သမီးငယ်လေးကို ပွေ့ပိုက်ပြီး ဖေဖေ အူလှိုက်သည်းလှိုက် ငိုကြွေးခဲ့ရတယ် . ."

ပြောနေရင်း ဦးနေထိုက် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာ၏။ ယွန်းက တစ်သျှူးနှင့် မျက်ရည်တွေ သုတ်ပေးရင်း–

"မငိုပါနဲ့ဖေဖေ သမီးလည်း ညီမလေးအတွက် စိတ်မကောင်း ပါဘူး။ ဓာတ်ပုံမှာ စာရေးထားတယ်။ ရွှေစင်ယွန်းနဲ့ ငွေစင်သွန်းတဲ့ ဒါဆို ညီမလေးက ငွေစင်သွန်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ် . . ဖေဖေပဲ ဒီနာမည်ပေးခဲ့တာ . . သမီးငယ် ငွေစင်သွန်းကို အုတ်ဂူလေးနဲ့ ကမ္မည်းထိုးပေးခဲ့တာ၊ သူ့အသက် နေရာမှာတောင် (၃)နာရီလို့ပဲ ရေးဖြစ်ခဲ့ရတယ်။ သိပ်သနားဖို့ ကောင်းပါတယ်။ တွေးမိတိုင်း စိတ်မချမ်းသာရဘူး။ သူ . . သူ အဆုံးပြီးစ ဝိညာဉ်ဘဝနဲ့ နေရတယ်။ ဖေဖေတို့ အိပ်ခန်းထဲမှာ ရှုတ ရှိလိုက်၊ ပျောက်သွားလိုက်နဲ့ပဲ . . ဖေဖေလည်း ရိပ်ခနဲတွေ့ လိုက်ရ၊ သူ့ငိုသံ ရယ်သံလေးတွေ အမှတ်တမဲ့ကြားလိုက်ရနဲ့ သမီး တို့ သားအမိက ကြောက်တတ်တော့ နှလုံးသွေးလန့်မှာ လိပ်ပြာလွင့် အောင် ကြောက်မှာစိုးလို့ ဖေဖေ ဖွင့်မပြောခဲ့တာ"

"အဲဒီတုန်းက သူ ဒုက္ခမပေးပါဘူး။ သူ့ကိုယ်သူတောင် နည်းရပ်တည်နေရတာ . . လူ့ဘဝထဲ ရောက်ချင်စိတ်၊ ဒီမိသားစု အပေါ် ခင်တွယ်စိတ်တွေနဲ့ စွဲလမ်းပြီး ငွေစင်သွန်းမကျွတ်ခဲ့တာ"

"သမီးကို စာသင်ခန်းထဲမှာ ဥမင်ထဲမှာ အိပ်မက်ထဲမှာ ဓာတ်လှေကားထဲမှာ အိပ်ခန်းထဲမှာ ပန်းခြံထဲမှာ ခြောက်လှန့်ပြီး အဆုံးသတ်ဖို့ ကြိုးစားနေတာ သူပဲ။ သမီးဘဝနဲ့ သူ့ဘဝကို သူချိန်း ပြောင်းဖို့ ကြိုးစားနေတယ် ဖေဖေ"

"ဟုတ်တယ် ဖေဖေ့ကို အိပ်မက်ပေးပြီး အဲဒီအတိုင်းပြော ခဲ့တယ်။ သူ့အမေကိုရော သမီးကိုရော ဘာမှမလုပ်ဖို့ အိပ်မက်တောင် ပေးဖို့ ဖေဖေ, တားထားဖူးတယ်။ မဟုတ်ရင် ဘုန်းကြီးတွေ ပင့်ပြီး အန္တရာယ်ကင်း ဆွမ်းကျွေးကပ် ပရိတ်တရားနာပြီး ကမ္မဝါစာ ဖတ် ရလို့ ခြိမ်းခြောက်ထားလို့ သူဘာမှ မလုပ်ရဲသေးတာ၊ မလုပ်နိုင် သေးတာ။ နောက်တော့ လူတွေကြီးလာသလို သူ လမ်းလျှောက်နိုင်


www.burmeseclassic.com

www.burmeseclassic.com



တယ်။ သွားလာနိုင်တယ်။ ထိရိုက် ကန်ကျောက်နိုင်တယ်။ သူဟာ ကြီးပြင်းလာတော့ ဝိညာဉ်ဘဝကနေ သရဲဖြစ်လာတယ်။ ခြောက် လှန့်နိုင်၊ အရိပ်ပြနိုင်၊ အနှံ့ပေးနိုင်တာတွေ လုပ်လာနိုင်တယ်။ သူတို့ လောကထဲမှာလည်း သူတို့ဘာသာ သွားလာ ကျင်လည်ရသေးတယ်။

အိမ်ကပ်လိုက် အိမ်မကပ်လိုက်နဲ့ပေါ့ . . သူ့မှာ အစွယ် လက်နှစ်ဆစ်လောက် ရှိလာပြီ။ ဖေဖေတားထားလို့ သူမခြောက်ဘူး ပုံမှန်အတိုင်း နေမြဲနေတယ်။ ဖေဖေ အောက်ပိုင်းသေသွားတယ်။ နှိမ့်သွားတယ်။ သူ့ကိုမတားနိုင်တော့တဲ့ အခြေအနေမှာ သူဟာ တစ္ဆေ ဘဝကို အဆင့်တက်ပြီး တစ္ဆေဆိုတာ ထိရိုက် တွန်းရွှေ့ကန်ကျောက် နိုင်တယ်။ သိပ်ကံနိမ့်တဲ့လူဆို နာဘမ်းလုံးနိုင်တယ်။ ကမ္ဘဇိဒ္ဓိ အစွမ်း ကြီးသွားပြီး အစွယ်ကလည်း လက်လေးဆစ် မကတော့ဘူး။ ပြိတ္တာ အကြီးစားထဲ ဝင်သွားပြီပေါ့ . . "

"ဖြစ်မှ ဖြစ်ရလေတယ်"

"သူ့နေရာကို ရသွားတယ်လို့ အပျော်ထင်နေတာ . . ဖေဖေ ကလည်း သူ့အပေါ် ရက်စက်တယ်။ သမီးကြီးကိုပဲ ချစ်တယ်။ သမီး ငယ်ကို မချစ်ဘူး . . သတ်ပစ်တယ်။ အဲ့ဒီလိုမျိုး သူစိတ်စွဲပြီး သမီးတို့ ရော ဖေ့ဖေ့ကိုပါ နာကျည်းမုန်းတီးနေတာ။ သမီး မေမေမှာ ကလေး အမြွှာပူးမွေးပြီးမှ နှလုံးရောဂါအခံရှိမှန်း သိလိုက်ရတယ်။ သူ့ကို ဒီ အကြောင်းတွေ ပြန်မပြောပြပါနဲ့။ နှလုံးရောဂါဖြစ်လာရင် မလွယ်ဘူး"

"သမီး သဘောပေါက်ပါတယ် ဖေဖေ"

"သမီးကို သူ နေရာလဲယူချင်နေတယ်။ ဖေ့ဖေ့ကို အိပ်မက် ပေးလာရင် အဲ့ဒီလိုမလုပ်ဖို့ ဖေဖေ အမြဲတားပါတယ်။ သူ နားမထောင်





www.burmeseclassic.com

www.burmeseclassic.com



ဘာဘူး။ ဖေဖေ့ကိုလည်း ပြောသေးတယ်။ သက်တမ်း သိပ် မကျန်တော့ဘူး။ ကိုယ့်အသက် ကိုယ်စောင့်ရှောက်ပါတဲ့ . . သူ . . သူကန်တီး လုပ်ကြံမှာ မဟုတ်ဘူး။ အဲဒီအကြောင်းနဲ့တော့ ဆက်နွယ်မှုရှိနေတယ်တဲ့"

"သူ့ကို ညီမလေးလို သဘောထားပါတယ်။ မဖြစ်နိုင်တာကို သူတောင်းဆိုနေတာတော့ တားဆီးရလိမ့်မယ်"

"အကောင်းဆုံးကတော့ သမီးအနေနဲ့ လွှတ်အောင်ရှောင်ပါ။ အမေးပွဲကြီး ပြီးသွားရင် သီလရှင်ဝတ်ပြီး တရားဘာဝနာ အားထုတ်၊ အစင်သွန်းကို အထူးရည်ရွယ်ပြီး မေတ္တာ စူးစူးရှရှ ပို့ပေးလိုက်ပါ။ သူ့သဘောထား ပျော့ပျောင်းသွားပါလိမ့်မယ်"

"သမီး . . ညီမလေးကို မမုန်းပါဘူး။ ဒါပေမယ့် . . ကြောက်တယ် . . "

"စိတ်မာတ်ခိုင်မာပါ သမီးယွန်း"

"အတ္တကြီးတာတော့ မဟုတ်ဘူး . . နေရာပြောင်းလဲ ပေးဖို့ဆိုတာ မဖြစ်နိုင်ဘူး။ တစ္ဆေတွေအတွက်ကော ဖြစ်နိုင်သလားဟင်"

"တစ္ဆေတွေက လူယောင်ဖန်ဆင်းလို့ရတယ်။ ကျတ်တစ္ဆေကိုမျိုးပေါ့။ ကျတ်တစ္ဆေတွေက အုပ်စုဖွဲ့ပြီး နေကြတယ်။ လူတွေလည်း အဖော်အပေါင်းနဲ့ နေကြတယ်။ လူတွေတောင် ကိုယ့်ကိစ္စကိုယ့်အကြောင်းနဲ့ သီးသန့် ခွဲနေတာရှိသလို၊ ကျတ်တွေထဲကလည်း သီးသန့်ခွဲနေတာမျိုး ရှိတတ်ကြတာပဲ။ သူတို့က လူကို ကံနိမ့်ယွန်းတဲ့အချိန်မှာ လိပ်ပြာလွင့်အောင် ခြောက်လှန့်ပြီး ဝိညာဉ်နှုတ်ယူတာ



www.burmeseclassic.com

www.burmeseclassic.com


မျိုး ရှိတတ်တယ်။ လူ့ခန္ဓာကိုယ်ထဲကို ပူးဝင်တာမျိုးလည်း ရှိတယ်။ ဖုတ်ဝင်တဲ့လူတွေဆိုတာ သေခါနီး လူရဲ့ဝိညာဉ်ကို ဖယ်ထုတ်ပြီး ဖုတ်တစ္ဆေက ဝင်ပူးနေတာ၊ တချို့ကျတော့ သေခါနီးလူရဲ့ ဝိညာဉ်ကို ချုပ်ထားပြီး ဖုတ်ကပူးဝင် စားသောက် အသက်ရှင်နေကြတာ မျိုးတွေရှိတယ်"

"သမီးကတော့ လုံးဝမဖြစ်နိုင်ဘူးလို့ ထင်တယ်။ သူ့ကို ကောင်းမှုကုသိုလ် လုပ်ပေးမယ်။ ကောင်းရာမွန်ရာ သွားဖို့ နား ချင်တယ် ဖေဖေ . . သမီးအယောင်ဆောင်ပြီး သမီးဘဝထဲမှာ ကျင်လည်နေရင် အားလုံးရှုပ်ကုန်လိမ့်မယ်"

"အင်း. . ဟုတ်တယ် . . ခက်တယ် . . ငွေစင်သွန်းဟာ တားဆီးရ သိပ်ခက်သွားပြီ။ ဘာပဲဖြစ်ဖြစ် သမီးကြီး သတိထားပါ"

"စိတ်ချပါ ဖေဖေ၊ သမီး သူ့ကိုရအောင် ချုတ်မှာပါ"

ဩ ဩ ဩ


www.burmeseclassic.com

www.burmeseclassic.com




# အခန်း [၈]

## ရဖယ့်ဥဿုန်နဲ့ တိုက်ပွဲ

"**သမီး** . . ကျောင်းသွားဖို့ မပြင်သေးဘူးလား"

"ဒီနေ့ ခေါင်းကိုက်နေလို့ ကျောင်းမတက်ဘူး"

"အို! . . မှန်းစမ်း၊ နေများမကောင်းလို့လား. ."

သဇ္ဇာလီက ယွန်းရဲ့နဖူးကို လက်ဖဝါးအုပ်ကပ်ပြီး စမ်းကြည့်လိုက်၏။

"ကိုယ်မပူဘူး၊ ခေါင်းကိုက်ပျောက်ဆေး သောက်မလား. . သမီး"

"မသောက်ဘူး၊ ကိုယ့်ဘာသာ ဆေးသောက်ပြီးပြီ"

"သမီး မျက်ခွံတွေ ဖောင်းအစ်နေပါလား၊ ငိုထားလား"

"ဟင့်အင်း"


www.burmeseclassic.com

www.burmeseclassic.com


"မေမေ့ကို မညာနဲ့၊ မေမေညာတာ သိပ်မုန်းတယ်"

"မေမေ မုန်းတဲ့ ညာတာကို မေမေပဲ ကျူးလွန်နေတာ။ မေမေဘာသာ မေမေ ပြန်မုန်းရမှာ"

"သမီး! . . ဘယ်လိုပြောလိုက်တယ်"

"ဦးသီဟမိုးနဲ့ ခုထိမပြတ်ဘဲ ခြေပုန်းခုတ်နေတာ ဘာသဘောလဲ မေမေ . . ဘာညာချင်သေးလဲ"

သဉ္ဇာလီ ပြန်ပြောရခက်ပြီး ကြက်သေ,သေသွား၏။

"မိတ်ဆွေတွေ အဖြစ်နဲ့ . . "

"တော်ပါမေမေရယ် . . ညာပြီးရင်း ညာတဲ့သူက ညာတာ မကြိုက်ဘူးတဲ့။ မေမေ့ဘာသာ မေမေ အသိဆုံး။ မေမေ ကိုယ့်ဘာသာ ဆက်လိမ်နေပေမယ့် ကိုယ့်စောင့်နတ် သိတယ်။ ယမမင်း သိတယ်။ သိကြားမင်း သိတယ်၊ အပြစ်က အပြစ်အတိုင်း စီရင်မှာပဲ"

"မေမေတို့ အတတ်နိုင်ဆုံး ဆင်ခြင်ကြပါတယ်"

"အပြတ်ဖြတ်တာ အကောင်းဆုံးပါ"

"ဖြတ်ပါ့မယ် သမီးရယ်"

"နောက်တစ်ကြိမ်တွေ့ရင် သမီး မေမေ့ကို အဆက်အသွယ် ဖြတ်တော့မယ်။ ဖေဖေ့ကိုလည်း ဝေးရာခေါ်သွားမယ်"

"မေမေ့ကို တစ်ခါထဲ သတ်သွားပါတော့ သမီးရယ်"

"ကံကြီးထိုက်မယ့် အလုပ်ကို စိတ်ကူးထဲတောင် မထည့်ဘူး"

"သဘောပြောတာပါ။ စိတ်ချပါ။ ဒီတစ်ခါ ဆက်ဆံရေးလည်း ဖြတ်ပေးပါ့မယ်။ မေမေ့ဘဝဟာ သမီးတို့အတွက်ပဲ ဖြစ်စေရမယ်"

ဂ ဂ ဂ


www.burmeseclassic.com

www.burmeseclassic.com


**နောက်** တစ်နေ့မှာ ကျောင်းတက်ဖြစ်၏။ ကျောင်းရောက်တော့ သူငယ်ချင်းတွေက မနေ့က ကျောင်းပျက်သည့်ကိစ္စကို ဘာမှ မမေး။ ကောင်းမြတ်သူက ယွန်းနဲ့လာတွေ့ပြီး–

"ဆယ်တန်းအောင်ပြီးရင် လက်ထပ်မယ်၊ ယွန်းရဲ့ ထာဝရ အဖော် လုပ်ပေးမယ်၊ ယွန်းရှေ့က မားမားမတ်မတ် ရပ်တည်ပေးမယ် နော်"

"အားကိုးချင်စရာကြီး လူပျို၊ အပျိုဘဝကို ခဏလေးနေရအောင် ဘာလို့ လောဆော်နေရတာလဲ ကောင်းရယ်"

"လူဆိုတာ အချိန်မရွေး သေနိုင်တဲ့ သတ္တဝါပဲ၊ ယွန်းနဲ့ အတူနေဖို့ ကျောင်းပြီးတဲ့အထိ လေးငါးနှစ်စောင့်ပြီး မင်္ဂလာဆောင်ခါနီးမှ သေသွားရင် ဘယ်လိုလုပ်မလဲ"

"တရားသဘောထက် အချစ်သဘောတွေ ရောနေတယ်။ နင် ဘာဖြစ်ချင်နေသလဲဆိုတာ ငါသိပါတယ် . . နင် ဘာဖြစ်ချင် နေတာ ငါသိပါတယ်"


www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ငါနဲ့ မပြောနဲ့လေ . . တို့တွေက ချစ်သူတွေ ဖြစ်နေ
ကြပြီပဲ"

"ဘယ်သူပြောလဲ"

"ယွန်း . . ကိုယ့်ကို အကြောင်းမရိုက်နဲ့"

အကြောင်းရိုက်ဆိုတာ အကြိုက်ယောင်တာကို ပြောတာ
ကြိုက်နိုးနိုး ချစ်နိုးနိုးပေါ့။

"ယွန်း . . မောင့်ကို မကျီစယ်ပါနဲ့"

"အံမယ် သူ့ကိုယ်သူ မောင်တဲ့၊ ဟား ဟား ရယ်ချင်စရာကြီး"

"မောင်လို့ခေါ်တာ လိုက်ခေါ်ပေးရမယ်။ လှောင်စရာ
မဟုတ်ဘူး။ လှောင်ရင် မောင်စိတ်ဆိုးမှာနော်"

"မဆိုးပါနဲ့ . . မောင်ရယ်"

"အဲ့လိုမှပေါ့ 'မောင်'လို့ခေါ်နော်။ မောင်ကလည်း ယွန်းကို
'ချစ်'လို့ခေါ်မယ်"

နှစ်ယောက်သား မျက်ဝန်း ကြည်လဲ့လေးတွေနှင့် ပြုံးနေမိ
ကြ၏။ ယွန်း ဖျတ်ခနဲ သတိရသွား၏။ ပြိုင်ဘက် ရှင်းသန့်လှိုင်ကို
ပေါ့။

ဒီလို အကြည့်ဆိုက်နေတာမျိုး ရှင်းသန့်လှိုင် တွေ့သွားစေ
ချင်၏။ ရည်စားလုလု အူနုကျွဲခတ်ခံရသလို၊ ရှင်းသန့်ဖြူ ဆတ်ဆတ်
စူးစူး နာကျင်နေမှာ မြင်ယောင်သေး၏။

"ရှင်းသန့်တစ်ယောက် မမြင်ပါလား"

"ကိုယ်နဲ့ ဆက်ဆံရေး ကျဲတောက်သွားပြီ"

"သူ ရှုံးသွားပြန်ပြီ။ စိတ်မကောင်းစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ်မှာပင် အေမီအောင်နဲ့ပန်းအိစ်တို့ အနားရောက်လာ ၏။

"ယွန်းရေ . . မနေ့က နင့်ဆီက ငါငှားထားတဲ့ ခရော့(စ်) ဘော(လ်)ပန် အခုပြန်ပေးတာ"

"မနေ့က ငါမှ ကျောင်းမတက်တာ၊ ပြီးတော့ ဒီဘော(လ်) ပန်က ငါဟာ မဟုတ်ဘူး"

"နင်ဘာတွေ ပြောနေတာလဲ . .၊ မနေ့က နင် ကျောင်းတက် ဘယ်လေ . . ငါ့ဘောလ်ပန် မေ့ကျန်ခဲ့လို့ နင့်ရဲ့ ရွှေရောင်ဘော(လ်) ပန် ခရော့(စ်)ကို ပေးခဲ့တာလေ၊ နင်ဘာတွေ ကြောင်စီစီ ဖြစ်နေရတာ လဲ"

ယွန်း ကျောပိုးအိတ်ထဲကို နှိုက်ပြီး ကွန်ပါဘူးကို ထုတ်လိုက် ၏။ ကွန်ပါဘူးထဲကို ကြည့်လိုက်တော့ ယွန်း အပိုဆောင်ထားသည့် ရွှေရောင်ဘော(လ်)ပန်လေး မရှိတော့။

ယွန်းရဲ့ အသုံးအဆောင်တွေကိုလည်း ငွေစင်သွန်းဆို သော တစ္ဆေမ သွန်းက ယူဆောင်နိုင်နေပါလား။

"အဲဒါ ငါ့ပဲန်ဆောင်ပြီး တက်တာ"

ယွန်း စိတ်တွေ, တိုလာ၏။ ဒီလိုကြီး ဘယ်လောက်အထိ ဆိုက် နှောင့်ယှက်နေဦးမှာလဲ။ 'ကိုယ်'ဆိုပြီး အကြွေးတွေ လျှောက် ယူ၊ ပြန်ဆပ်ရမယ့်သူက ယွန်းဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ။ သက် သက်မဲ့ သွန်း ကလိန်ကကျစ်ကျနေတာ။

"တွေ့လား . . နင့်ဘော(လ်)ပန်၊ ဒီကိုရောက်နေတာ"

"မဟုတ်ဘူးဆိုတာ ငါအသိဆုံးပဲ . . တောက်! . ."



www.burmeseclassic.com

www.burmeseclassic.com



ယွန်း ဒေါသထွက်ပြီး ပြာလောင်ခတ်ချင်လာ၏။ ထိုင်
အတန်းဖော် ရတီဝတ်မှုံ ရောက်လာ၏။

"ယွန်းရေ . . ရှင်းသန့်ကတော့ နင်နဲ့ရုပ်ချင်းဆင်တာ
အခွင့်အရေးယူပြီး နင့်ဆံပင်ပုံစံညှပ်ထားတယ်။ နင့်ဟန်ပန်မျိုး
လိုက်လုပ်ပြီး 'ဂေါက်ကြောင်မ စတိုင်(လ်)'လို့ အော်ပြောတယ်။
ပြီးတော့ သရဲခြောက်ခံရလို့ နင်ကြောက်လန့်ပုံတွေ၊ တစ္ဆေမဆိုပြီး
ဂီတဆရာရဲ့ တူမကို ဝိုင်းဖမ်းပြီး ကြောင်တောင်တောင်၊ လန့်တ
တန့် ဖြစ်နေပုံတွေ ဟာသလုပ်ပြနေတယ်"

"သူ ဘယ်နားမှာလဲ"

"စာသင်ခန်းရှေ့မှာ"

ယွန်း လှစ်ခနဲ ပြေးထွက်လာ၏။ နောက်က အေမီ၊ ပန်းအိ
ကောင်းမြတ်သူ၊ ရတီဝတ်မှုံတို့ ပြေးလိုက်လာကြ၏။

တွေ့ပါပြီ။ စာသင်ခန်းထဲက ရှေ့ဆုံးမှာ ယွန်းလိုပုံစံ ဆံပင်
ညှပ်ပြီး ရုပ်ပြောင်တွေ လုပ်ပြနေတာ။

"ကျွန်မကတော့ ယွန်းယွန်းပါ။ ကျောင်းကပွဲမှာ အလှမင်
ဆုရတဲ့ ကျွန်မရဲ့လမ်းလျှောက်ဟန်ကို ရှုစားတော်မူပါ. ."

ရှင်းသန့်က အော်ပြောပြီး 'ကလန့်ကလား ပုံစံ၊ ပဲ့, သွားသွား
တဲ့ ပုံစံ၊ လိန်ဖယ်သွားတဲ့ ပုံစံတွေ လုပ်ပြနေ၏။ ယွန်းရဲ့ဒေါသ
ငယ်ထိပ်တက် ခုန်ဆောင့် ထွက်သွား၏။

ယွန်းပြေးဝင်ပြီး ရှင်းသန့်ကို အားနှင့်ပစ်တွန်းလှဲပစ်
ရှင်းသန့်လွင့်ပြီး ပြိုလဲကျနေစဉ် ရှင်းသန့်ရဲ့ခန္ဓာကိုယ်ပေါ် တက်
ပြီး ဘယ်ပြန် ညာပြန် ပါးတွေရိုက်၊ ဆံပင်တွေဆောင့်ဆွဲ၊ ကြမ်းပြင်



www.burmeseclassic.com

www.burmeseclassic.com


နဲ့ နောက်စေ့ကို ခပ်ဆတ်ဆတ် ဆောင့်ပေးလိုက်၏။

"အား! . ."

ဘေးလူတွေ ဝိုင်းဆွဲလို့သာပေါ့။ နို့မို့ ယွန်း အသေသတ်မိ လောင်။ ရှင်းသန့်သေလျှင် ယွန်းထောင်ကျရုံသာ ရှိမည်။

ကောင်းမြတ်သူက ယွန်းကို ကာကွယ်ထား၏။ ကျောင်း အုပ်ဆရာမကြီး လာခေါ်သွား၍ ကျောင်းအုပ်ခန်းထဲ ရောက်သွားရ၏။

"ဒီနှစ်ပိုင်းထဲမှာ မင်းပြဿနာ တော်တော်ရှာနေပါလား. . မောင်ယွန်း၊ အရင်က မင်း ဒီလိုမဟုတ်ပါဘူး။ အခုမှ မင်းဘာလို့ ပြဿနာတွေချည်း ဖြစ်နေရတာလဲ"

"ရှင်းသန့်လှိုင်က ကျွန်မအဖေ့ယောင်ဆောင်ပြီး တရားလွန် နောက်ပြောင်တယ်။ ကျွန်မ အကြိမ်ကြိမ် သည်းခံခဲ့တယ်။ အဲဒါကို အကြောက်တယ်ထင်ပြီး တွေ့တိုင်း ဖြဲခြောက်နေတော့တာပါပဲ။ သည်း ခံနိုင်တဲ့ဒီနေ့ ပေါက်ကွဲမိတာပါပဲ"

"မင်း အမှန်ကနေ အမှားဖြစ်သွားတာပေါ့။ ရှင်းသန့်လှိုင် နောက်ပြောင်ပြီး မတရား စ,နောက်နေကတည်းက ကိုယ့်ဆရာတွေ ကို လာတိုင်ထားရင် ပြဿနာ ဒီလောက်ကြီး ဖြစ်မှာမဟုတ်ဘူး။ အခု တော့ . . ခံဝန်ထိုးရုံ မဟုတ်ဘူး။ မင်းမိဘတွေကို ခေါ်လာခဲ့ရမယ်။ ဒါနောက်ဆုံးပဲ။ နောက်တစ်ကြိမ်ဆို တို့ကျောင်းက ထုတ်ပယ် ပစ် မယ် . . သဘောပေါက်တယ်နော်"

"မင်းက ကျောင်းကို အစောကြီးလာတယ်။ ဒန်းစီးတယ်။ ခန်းခြံထဲ လျှောက်ဆော့တယ်။ ကျောင်းထဲမှာလည်း နေရာအနှံ့ လျှောက်သွားတယ်။ ဆိုးတာက ညဘက်တွေမှာ တွေ့ရတာပဲ။


www.burmeseclassic.com

www.burmeseclassic.com


နောက်က လိုက်သွားရင် ပျောက်သွားပြီ။ မင်းက ဘာလဲ မှော်ဆရာ
မလား၊ စုန်းပညာသည်လား"

မညှာမတာ မေးလိုက်သော ကျောင်းအုပ်ဆရာမကြီး စကား
ကြောင့် ယွန်း စားပွဲပေါ်က ခဲတံချွန်တဲ့ဓားကို ကိုင်လိုက်ပြီး ယွန်း
ကိုယ်တိုင် ယွန်းရဲ့လက်ညှိုးနဲ့ လက်မကြီးကို ဓားဖြင့် ထိုးစိုက် ထိုး
ပစ်လိုက်၏။

"ဟော့ . . မင်း . . အဲဒါ ဘာလုပ်တာလဲ"

ယွန်းလည်း နာကျင်မှုကြားက သွေးတွေ ပန်းထွက်လာတာ
ကို လက်နှင့် ဖိထားလိုက်၏။ နာကျင်မှုတွေ လက်က အနာထက်
စိတ်ဒဏ်ရာက ပိုမို ဆိုးဝါး နာကျင်သေး၏။

"မင်း . . မင်း ကိုယ့်အသားကိုယ် ဓားနဲ့လှီးတယ်။ ဘာလဲ
တစ်ကိုယ်တော် ဆန္ဒပြချင်လို့လား . . မင်းဦးနှောက်ကော ကောင်း
သေးရဲ့လား၊ အံ့သြပါရဲ့ကွာ"

"ကျွန်မ . . အဲဒီ 'ငွေစင်သွန်း'ဆိုတဲ့ ကျွန်မရဲ့ အမြွှာ ဦး
အစ်မနဲ့ မတူချင်လို့ တမင်လုပ်ပစ်တာပါ။ အခုဆို ကျွန်မလက်မှာ
ဒဏ်ရာရသွားပြီလေ။ သူလိုက်လုပ်ရဲ့ရင် လိုက်လုပ်ကြည့်ပါ"

ဆရာမကြီး ခေါင်းခါပြီး ဖုန်းတွေ အမြန်ဆက်သွယ်တော့
၏။ ကားရောက်သည်နှင့် ယွန်းကို ဆေးရုံ အမြန်ပို့ရ၏။ အနာချုပ်
ပေးသော ဒေါက်တာက -

"မင်းရဲ့ လက်လှလှကလေးတွေတော့ အကျည်းတန် သွား
ပြီ။ အမာရွတ် ထင်တော့မယ်"

"ကျွန်မရဲ့ 'မူပိုင် အမှတ်တံဆိပ်'အဖြစ် အဲဒီအမာရွတ်ကို


www.burmeseclassic.com

www.burmeseclassic.com


လိုချင်နေတာ။ လိုချင်လို့ ကျွန်မ တမင်လုပ်ခဲ့တာ. . ရွှေစင်ယွန်းဟာ ရွှေစင်ယွန်းပဲ ဘယ်တော့မှ ငွေစင်သွန်း မဖြစ်စေရဘူး"

ဒေါက်တာက နားမလည်၊ သူများအတွင်းရေး မစပ်စု။ ယွန်းအတော့ ဒဏ်ရာကို သဘောကျနေ၏။ နာကျင်မှုက ဒေါသကို ပါးလျစေ၏။ ကြောက်လန့်စိတ်ကို ထုပြောစေ၏။ အဲဒီအချိုးနဲ့ ပြောင်းပြန်ကျတာမျိုး ယွန်းစိတ်ထဲမှာ ဖြစ်ပေါ်လာလေပြီ "

ဂ ဂ ဂ


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




# အခန်း [၉]

## ဒဏ်ရာနဲ့ဘာချစ်ဘာကြောင်း

"**ဖြစ်မှ** ဖြစ်ရလေ သမီးရယ်၊ မိမွေးတိုင်း ဖမွေးတိုင်း ဘာမှ မဖြစ်အောင် စောင့်ရှောက်ခဲ့တာ ဘယ်သူကမှ မလုပ်ဘဲနဲ့ ကိုယ်လက်ကိုယ် ဓားနဲ့ ပြန်လှီးတာ . . စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုလား . . စိတ်ရောဂါကုဆရာနဲ့ သမီးကို ပြပေးရမလား"

"သူတို့ခေတ်၊ သူတို့အထာ ရှိတယ်။ မင်း ဘာမှ နားမလည်ဘဲ ဝင်မပြောပါနဲ့။ ငါဆုံးမ ဖျောင်းဖျပေးပါ့မယ်။ မင်း လုပ်စရာရှိတာ သွားလုပ်ပါ မိန်းမရယ်"

သဥ္စာလီလည်း သမီးလက်က ပလတ်စတာကို ဖွဖွပွတ်သပ်ရင်း စိတ်မကောင်းသော မျက်နှာဖြင့် မီးဖိုခန်းထဲ ထွက်သွား၏။ ဦးနေထိုက်က–


www.burmeseclassic.com

www.burmeseclassic.com


သမီးပြောသလို ဒဏ်ရာ အမာရွတ်နဲ့ ခွဲခြားလိုက်လို့ ရမယ် ထင်နေသလား။ သူတို့မှာလည်း ကမ္ဘဇဒ္ဒိ တန်ခိုးရှိတယ်လေ . . သူတို့ ဖန်တီးလို့ ရနေတာပဲ. . သမီးသက်သက်မှဲ့ အနာခံတာ"

"မသိဘူး . . ဖေဖေ၊ သမီးသိသလောက် ခွဲခြား သက်သေပြ နိုင်မယ်ထင်လို့ မိုက်ရူးရဲဆန်ဆန် လုပ်မိခဲ့တာ"

"အခုကက စိတ်ခတ်ပါပဲ။ သူ့ကို မတွေ့အောင် ရှောင်ရှောင်မရလို့ တည့်တည့်တိုးရင်တောင် သူလုပ်ခိုင်းတာတွေ မလုပ်မိ စေနဲ့။ ကောင်းတာခိုင်းရင်တော့ ကျွတ်တန်းဝင်ဖို့ဆိုရင်တော့ လုပ် ပေးဖို့ ကတိခံပေါ့။ နိုင်သလောက် ပြောတာနော်"

"ဟုတ်ကဲ့. . ဖေဖေ၊ သူ သမီးအယောင်ဆောင်ပြီး ကျောင်း တက်တယ်။ နောက်ဘာတွေ ထပ်လုပ်ဦးမလဲ မသိဘူး။ သူ့ရုပ်သဏ္ဌာန် သမီး ရှင်းရတော့မှာလား"

ဦးနေထိုက် ဘာပြန်ပြောရမည်မှန်း မသိတော့။ သမီးကြီး နဲ့ သမီးငယ်ကြားမှာ နေနေရတာလေ။ အငယ်မက တစ္ဆေဖြစ်နေ၍ မကောင်းဆိုးဝါး စိတ်ပေါက်နေပြီ။ လူတွေထဲမှာ သမီးကြီး ဟန် ဆောင်ပြီး သွားလာလှုပ်ရှားနိုင်တဲ့အထိ ကမ္ဘဇဒ္ဒိ အစွမ်းရှိနေပြီလော။

'ဟူး'ခနဲသာ သက်ပြင်းချလိုက်မိတော့၏။

ဂ ဂ ဂ


www.burmeseclassic.com

www.burmeseclassic.com


"**သမီးရေ** . . ကောင်းမြတ်သူ ရောက်နေတယ်"

အိပ်ခန်းတံခါးခေါက်၍ တံခါးဖွင့်ပေးလိုက်၏။ သားနား သပ်ရပ်သော အသွင်ဖြင့် ကောင်းမြတ်သူကို မြင်ရ၏။

"သားတို့ သမီးတို့ စကားပြောကြဦး။ ဒီနေ့က တနင်္ဂနွေနေ့ သားဖေဖေရဲ့ ရောဂါရှာဖွေထားတာ ဒီနေ့ရလဒ် ထွက်လာလိမ့်မယ်။ အမေနဲ့ဖေဖေ သွားကြည့်ကြရမှာမို့ အိမ်စောင့်ကြဦး။ အိမ်မှာပဲ စကားပြောကြပေါ့"

"ဟုတ်ကဲ့ . . အန်တီ"

"မေမေ . . ဖေဖေ့ကို ဂရုစိုက်ခေါ်သွားနော်"

"အင်းပါ . . မေမေ ဘယ်တုန်းကများ ဂရုမစိုက်တာရှိခဲ့ဖူးလို့လဲ"

မိဘနှစ်ပါး အပြင်ထွက်သွားကြ၏။ မေမေ ဝှီးချဲ တွန်းသွား၏။ ဖေဖေက ဝှီးချဲပေါ်မှာ ပါသွား၏။

အပျိုခန်းကို ကြည့်ချင်၍ 'ကောင်း'လိုက်ကြည့်၏။

"မွှေးပျံ့နေတာပဲ . . မွှေ့ရာကလည်း အိစက်နေတာပဲ"


www.burmeseclassic.com

www.burmeseclassic.com


" အံ့မယ်. . သူဌေးသားက ပြောင်းပြန် ပြောနေရသေး တယ်။ ရှင့်အိမ်က ဖန်နေရှာတွေလောက်တော့ မမိုက်ပါဘူးနော် ဒါတွေက ဖေဖေ ပြေလည်တုန်းက ကွန်ဒိုအခန်းဝယ်တော့ အကုန် တပ်ဆင်ပြီးသား၊ ပါပြီးသားတွေပါ"

"ကောင်းတယ်. . မောင်တို့ လက်ထပ်ပြီးရင် ကွန်ဒိုအခန်း ဝယ်ခိုင်းပြီး အေးဆေး ကဲကြမယ်"

ယွန်းက မျက်စောင်းလေး လှမ်းထိုးလိုက်၏။ ကောင်းက—

"ကျေးဇူးပြုပြီး အဲဒီလိုမျိုး မကြည့်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"မောင် စိတ်မထိန်းနိုင်မှာ စိုးလို့"

"ကြောက်စရာကြီး"

"မောင်က သရဲ ဘီလူးကြီး မို့လို့လား"

"ဟုတ်ဘူးလေ . . မောင်က အကြမ်းပတမ်း လုပ်မှာ ကြောက် တာ . . လန့်တာကိုပြောတာ"

ကောင်းက ယွန်းကို နောက်ကနေ သိုင်းဖက် ပွေ့ထား၏ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိပြီလေ။ ကောင်း ရဲ့ အနမ်းတွေကို ယွန်းတောင့်မခံနိုင်။ မွေ့ရာပေါ် လဲပြိုကျသွား၏

ကောင်းက မွေ့ရာပေါ်အထိ အနမ်းမိုး လိုက်ခြွေ၏။ လုံချည် စစ်နဲ့ အပျိုစစ်စစ်လေးတို့ တွေ့ကြသောအခါ ဓာတ်ကားပေါင်းစုံ ကြည့် ဖူးထား၍သာ လှုပ်ရှားတတ်နေခြင်းပင်။

"မောင်ရယ် . . မကဲနဲ့ကွယ်"

"ချစ်လေး ချစ်တယ်ကွာ"


www.burmeseclassic.com

www.burmeseclassic.com


"ချစ်နေရပြီပဲ ဥစ္စာ"

"ချစ်လို့ မဝဘူးကွာ"

"မောင် သိပ်ဆိုးတယ်ကွာ"

အပျိုစင်လေး အခန်းထဲမှာ လူပျိုလေး ရောက်လာပြီး လူပျို လှည့်ခြင်းမှာ ထူးကဲသော စိတ်ခံစားမှုတွေကို လန်းပွင့်စေ၏။

လိပ်ပြာလေးက ပန်းပွင့်လေးအပေါ် မိမိရရ ခိုနားလိုက်၏။ ဦးမျှင်တံဖြင့် ပန်းပွင့်လေးရဲ့အတွင်း ဝတ်မှုံဝတ်ဆံတွေကြားထဲ ထိုးထည့်ပြီး ဝတ်ရည်တွေကို တစ်ဝကြီး စုပ်ယူ၏။ လိပ်ပြာလေးကလည်း ယခုမှ စတင်စုပ်ဖူး၏။ ပန်းပွင့်ကလေးကလည်း ပွင့်ခါစ ယခုမှ ဝတ်ရည် အစုပ်ခံဖူး၏။ နှစ်ယောက်လုံး ရင်ခုန်သံတွေက အတွေ့အကြုံသစ် အပေါ်မှာ အရှိန်းဆန်နေကြ၏။

'ထိုးစစ်နှင့် တန်ပြန်တိုက်စစ် နှစ်ဖက်ထိ၊ နှစ်ဖက်နာ'

အောင်ပွဲခံလိုက်ပြီးချိန်မှာတော့ လေမှာအောင်လံ တလူလူ လွင့်သလို လွင့်မျောကုန်၏။ လေပြင်းလျှင် ပြင်းသလို၊ လေထန် လျှင် ထန်သလို၊ လေရှိန်းလျှင် ရှိန်းသလို၊ အောင်လံမှာ တဖျတ်ဖျတ် တဖတ်ဖတ်။

လေအဟုန် အစွမ်းကုန်,တိုက်ပြီးသောအခါ လေပြေ, သုတ် ဖြူးလေးနှင့် အလံတော်လည်း ငြိမ်ကျသွားတော့၏။

ဂ ဂ ဂ


www.burmeseclassic.com

www.burmeseclassic.com



ဦးနေထိုက်ရဲ့ ရောဂါက အရိုးကင်ဆာ ကုသ၍မရတော့။ ဦးနေထိုက် စိတ်ဆင်းရဲသော်လည်း တရားသဘောဖြင့် မာန်တင်းပြီး စိတ်ကို ပြန်ကုစားနေ၏။ သဥ္စာလီလည်း ခင်ပွန်းကို ဖက်ပြီး ကြိတ်ငိုမိ၏။

"ဒီမျက်ရည်တွေ သမီးမမြင်ပါစေနဲ့။ အရိုးကင်ဆာဆိုတာကိုလည်း သမီး မသိပါစေနဲ့။ ဘာမှမလုပ်နဲ့၊ ကိုယ့်ဘာသာ ကြိတ်မှိတ်ခံမယ်။ ဒီရောဂါဆိုးက စီးပွားပြုတ်အောင် ကုလည်း ပြန် ကောင်းမှာ မဟုတ်ဘူး"

"ဟင့်အင်း. . ရှင် သက်သာရာရအောင်တော့ ဆေးတွေ ဈေးကြီးပေးပြီး ကျွန်မဝယ်တိုက်ရမှာပဲ"

"ငါ သက်သာပြီး သေသွားရင် အကြွေးတွေနဲ့ကျန်၊ အခန်းရောင်းရ၊ အဆင့်နိမ့်တဲ့ဘဝကို ရောက်သွားမှာပေါ့ သဥ္စာလီရဲ့"

"ရောက်ရောက် ရှင်သက်သာဖို့က အဓိက"



www.burmeseclassic.com

www.burmeseclassic.com


"သေလူက အဓိက မဟုတ်ဘူး။ မင်းငါ့စကားကိုပဲ နားထောင်ရမယ်။ အတင်းကုရင်း ငါဘာသာငါ စောစောစီးစီး သတ်သေပစ်လိုက်မယ်"

"ယောကျ်ား . . ရှင် အဲလိုတော့ မလုပ်ပါနဲ့၊ ရှင့်ကို မကုနဲ့ဆိုလည်း မကုတော့ပါဘူး။ သမီးက ကျွန်မကို အပြစ်ပြောရင်ကော"

"ကိုယ့် ရှေ့ကရင်းပြီး ပြောပေးသွားပါ့မယ် . . မိန်းမရယ်"

"ယောကျ်ားရယ် . . အဟင့် ဟင့်"

"မငိုပါနဲ့ကွာ . .၊ သေမယ့်ကာလကို စောစောသိရတော့ ကောင်းမှုကုသိုလ်တွေချည်း ဖိလုပ်သွားလို့ရတာပေါ့ကွာ . ."

"အဲဒါ မဟာအခွင့်အရေးပဲ။ ကောင်းရာ သုဂတိရောက်ဖို့ ပိုပြီး အားစိုက် လုပ်ဆောင်နိုင်တယ်လေ။ ကြံဖန်ဖြေသိမ့် ပြောနေတာမဟုတ်ဘူး။ အမှန်အကန်ကို ပြောနေတာ"

ဋ ဋ ဋ


www.burmeseclassic.com

www.burmeseclassic.com


**ယွန်း** နဲ့ ကောင်းတို့ မြို့ထဲက သာယာလှပသော နေရာတော်တော်များများကို လျှောက်လည် ဖြစ်ကြ၏။

"ပျော်လိုက်တာ ယွန်းရယ်။ ဒီလိုကျောင်းပိတ်ရက်လေးတော့ များများရချင်တယ်"

"ဘုရားမှာ ဆုတောင်းပေါ့"

"ဆုတောင်းတိုင်း ပြည့်လား"

"ကိုယ်ကလည်း ကြိုးစားပေါ့"

"ယွန်းကိုရတာ ကိုယ် သိပ်ကံကောင်းတယ်။ တစ်ကျောင်းလုံးက ယွန်းကို လိုချင်နေကြတာ"

"ဟုတ်လို့လား . . ကျွန်မကို ဝေါက်ကြောင်ဆိုပြီး နာမည်ဖျက်၊ အပုပ်ချ စွပ်စွဲ လုပ်ကြံထားကြတာလေ"

"ပတ္တမြားမှန်ရင် နွံမနစ်ပါဘူး။ ခွေးဟောင်လို့လည်းတောင် မရွေ့ပါဘူး။ ကိုယ်ကောင်းရင် ခေါင်းမရွေ့ဘူး ဆိုနဲ့ရေ


www.burmeseclassic.com

www.burmeseclassic.com


အတင်းရောပေမယ့် 'ဆီဟာဆီ ရေဟာရေ'ပါပဲ။ ယွန်းကို အပုပ်ချ လုပ်ကြံတဲ့သူတွေသာ ပျက်စီးကုန်ကြတာပဲ။ ရှင်းသန့်လည်း ကျောင်းထွက်သွားပြီ။ သူ့အိမ်က စီးပွားရေးကျလို့ အစိုးရကျောင်းကို ပြောင်းထားလိုက်ရတယ်လေ"

"ဒါတွေထားပါ. .၊ ရင်ခုန်စရာကောင်းတဲ့ အကြောင်းလေးတွေ ပြောကြမယ်လေ . . "

"ပြောပါ. . ဘယ်မှာ ပြောမှာလဲ"

"လော့ဂ်ကားဥယျာဉ်ထဲမှာ ချုံတွေ ချောင်းတွေ မြောင်တွေ အကာအကွယ်တွေ ပေါတယ်။ လာ . . ဟို ထီးရိုးဝါးရုံနောက်မှာ ပြောကြမယ် . ."

နှစ်ယောက်သား ဝါးရွက်တွေ စိပ်နေအောင် ကာထားသော ဝါးရုံပင်ပေါက်အနီးက ချုံထဲရောက်သွားကြ၏။ ယခင်ကလည်း အတွဲတွေ နားခိုဖူးသည့် နေရာဟောင်းလေး။

ကဒ်ထူစက္ကူတွေ နှစ်ယောက်အိပ်စာမျှ ခင်းထား၏။ အထဲမှာ ဝါးတံတွေဖြင့် ဂူလေးပုံစံ ဖော်ထား၏။ ဆူးချုံပင်တွေ ထပ်အုပ်ထား၍ မြွေအန္တရာယ်လည်း မကြောက်ရ။

မြက်ခြောက်တွေခံပြီး အပေါ်က ကဒ်ထူခင်းထားပြီး ဝါးပိုးဝါးခြမ်း ခေါင်းအုံးနှစ်ခုနှင့် ဝင်ပေါက်က လူတစ်ကိုယ်ဝင်သာ၍ ထိုင်ဝင်ရ၏။

အထဲရောက်မှ–

"နေရာလေးက မိုက်တယ်။ သဘောကျတယ်။ ဆင်ခြေလျှောလေး ဝင်ပေါက်တောင် ပြန်ပိတ်တဲ့ သစ်ခက်ထမ်းပါးနဲ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com


နှစ်ယောက်သား လုံခြုံသော နေရာလေးမှာ ချစ်တင်းနှော မိကြပြန်သည်။ အကြောတစ်ထောင် စိမ့်လောက်သော ဖီလင်တွေကို အထွဋ်အထိပ်ရောက်အောင် ခံစားဖြစ်ကြ၏။

ယွန်းရဲ့ နှလုံးသားနုနုဖွေးလေးမှာ အနမ်းတွေ၊ နှုတ်ခမ်းတွေ စီးမျောကာ မှိန်းမော လူးလဲသွား၏။ အချစ်ရဲ့ အထိအတွေ့များကြောင့် မျက်တောင်လေးစင်းနေသော ယွန်း၊ မျက်လုံးမဖွင့်ချင်လောက်အောင် မှိန်းနေသော ကောင်း။

အတည်ယူကြမည့် ချစ်သူတွေအတွက် တွေ့ဆုံချစ်ခြင်း ဆိုသည်မှာ သောက်လေသောက်လေ ဝတ်မပြေသော ဆားငံပင်လယ်ရေပမာ။ ချစ်သူနှစ်ဦး ကြည်နူးသာယာနေတဲ့ ကာလမှာ တစ္ဆေမက ပျောက်နေ၏။ တမလွန်က ဆိုင်ရာတွေက ချုပ်ဖို့ ဆွဲခေါ်သွားသလား။ အကြောင်းကိစ္စ တစ်ခုခုနှင့် ဘယ်နေရာ လွင့်ပါးနေသလဲ မသိ။ ယွန်းအတွက် စိတ်သက်သာရာရမိ၏။ အကယ်၍ တစ္ဆေမ ဒီနေရာရောက်လာလျှင်လည်း ကောင်းက ကူညီကာကွယ် ပူးပေါင်းတိုက်ထုတ်မှာ အမှန်ပင်။

ဝ ဝ ဝ


www.burmeseclassic.com

www.burmeseclassic.com




# အခန်း [၁၀]

## တစ္ဆေပျောက်၍ရောက်နေသောနေရာ

**ဥမင်** လှိုဏ်ခေါင်းထဲကို မှောင်ရီပျိုးချိန်မှာ ကောင်းနဲ့ယွန်းတို့နှစ်ယောက် အသာလျှောက်ဝင်လာလိုက်၏။ မိုးကြွင်းနှင်းတွေဆေသီဆိုင်းနေ၏။ ဥမင်ထဲမှာ ခြောက်သွေ့နေပြီး ချမ်းစိမ့်စိမ့် အေးသက်သက် ဖြစ်နေသည်။

"ငါ ဒီမှာရှိတယ်ဆိုတဲ့ စာတမ်းဟာ ငွေစင်သွန်းရေးတာလား"

ကောင်းကို ယွန်း အတော်များများ ရှင်းပြထား၏။ ငွေစင်သွန်းနဲ့ ပတ်သက်လို့ပေါ့။

"တပ်အပ်သေချာတော့ မသိဘူး။ သူ . . ယွန်းအနားမှာ မရှိဘူး"

"တစ္ဆေတွေမှာလည်း သူတို့အကြောင်းနဲ့သူတို့ ရှိမှာပေါ့"


www.burmeseclassic.com

www.burmeseclassic.com


"ဒီထဲမှာ သူ ပုန်းခိုနေတာလား။ ကျွတ်တန်းဝင်သွားတာလား။ ဒါမှမဟုတ် ငရဲအခံရမှာမို့ တဏှာဘဝကနေ ပုတ်သင်ညို၊ ကြွက်၊ မြွေ၊ ဖား အကောင်ပလောင်ဖြစ်ပြီး သေလို့ လိုက်သွားရပြီလား"

"မလာတော့လည်း ကောင်းသွားတာပေါ့။ အရှုံးမကြီးတုန်းက ဘာမှဖြစ်မသွားတာ ကံကောင်းတယ်နော်"

"ဒီနေရာကို ပရိတ်ရေ ပက်လိုက်ရင် ကောင်းမလား"

"သူတို့အပိုင် စာရေးထားတဲ့နေရာ သွားမလုပ်နဲ့..၊ နေစရာမရှိရင် ကိုယ့်နောက် အတင်းလိုက်နေဦးမယ်"

"ဒါလည်း ဟုတ်တာပဲနော်"

နှစ်ယောက်သား လက်ချင်းဆုပ်တွဲပြီး သတိကြီးကြီးထားကာ ဝင်လာလိုက်၏။ သွေးစာတမ်းပေါ်သော နေရာအရောက်မှာ ယွန်း ကြက်သီးထသွား၏။

"မောင်.. ကြက်သီးထလား။ ထရင်.. မကောင်းဆိုးဝါး အနားကပ်လာလို့ ကိုယ်စောင့်နတ်က သတိပေးတာတဲ့"

"မောင် ကြက်သီးမထဘူး။ ချစ်ရဲ့စိတ်က ချစ်ကို ပြန်ခြောက်လှန့်တာနေမှာပါ။ မကောင်းဆိုးဝါးကပ်လို့ ကြက်သီးထရင် မောင်လည်း ထရမှာပေါ့"

"မောင်က ဘုန်းကံမြင့်လို့ နေမှာပေါ့"

"ကိုယ့်ဆွေမျိုး အသုဘအခေါင်းတောင် သွားထမ်းပေးခဲ့ဖူးတယ်..ဆွေမျိုးတွေ နယ်ကိုပြန်လို့ လိုက်ပို့တော့ ထမီအိတ်မှန်း မသိဘူး..ထမ်းပေးခဲ့ဖူးတယ်။ မောင်ကတော့ ထမီတန်းတွေ ဘုန်းနိမ့်တာတွေ သိပ်အရေးမထားဘူး"


www.burmeseclassic.com

www.burmeseclassic.com


ယွန်းက သွေးစာတန်းကိုရော ဘေးနားပတ်ဝန်းကျင်ပါ ဖုန်း၊ Video ကင်မရာနှင့် လှည့်ပတ်ရိုက်နေ၏။

"ငွေစင်သွန်း . . မင်း ဒီမှာရှိသလား။ ရှိရင် နံရံကို လက်နဲ့ ခေါက်ပြ . . သိသာသာပုတ်ပြ၊ ဘေးက ပရလောကသားတွေ ဝင် မနှောင့် ယှက်နဲ့ . . နှောင့်ယှက်ရင် နှောင့်ယှက်တဲ့ အပြစ်ဒဏ်ထက် ဆယ်ဆ ခံရပါစေလို့ ကျွန်ုပ် 'ကောင်းမြတ်သူ' ကျိန်စာတိုက်လိုက်တယ်"

"မောင် . . မောင်က ဒါမျိုးတွေလဲ ရတယ်"

"မောင့်အဘိုးက ပယောဂဆရာကြီးလေ"

"ငယ်ငယ်တုန်းက ခဏတဖြုတ် ကြည့်ခဲ့ဖူးတယ်။ မောင်တို့ ခေတ်ကျတော့ အဲဒါတွေ သိပ်မယုံတော့ဘူး။ ပြောတဲ့လူကိုတောင် အရူးလို့ သတ်မှတ်နေကြတာ။ ဒါမျိုးက ယုံတဲ့သူ အချင်းချင်းတော့ ပြဿနာ မရှိဘူး။ အဲ . . ယုံတဲ့သူနဲ့ မယုံတဲ့သူ ဆုံကြရင် ငြင်းခုန်ပြီး ပြဿနာ တက်ကုန်ရော"

"ကဲပါ . . မောင် လုပ်ပြီးသွားပြီ။ ကြောက်စိတ် မရှိတော့ ဘူး။ သူ ကျွတ်တမ်းဝင်သွားပါပြီ။ ကောင်းရာသုဂတိ လားပါစေလို့ ဆုတောင်းလိုက်ရအောင်"

နှစ်ဦးသား ဆုတောင်းပေးပြီး အေးဆေးကြည်နူးစွာ လမ်း လျှောက် ပြန်လာကြ၏ ။ ငွေစင်သွန်းရောက်တဲ့နေရာ ကောင်းကင်ဘုံ သာ ဖြစ်ပါစေတော့။

ဣ ဣ ဣ


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




# အခန်း [၁၁]

## ဖောက်ပြန်၊ မှောက်လန်၊ ဒက်ခိုးခံ

**"ဂုန်း . . ဂျိန်း"**

မတ်တူး တစ်ပတ်ရစ် ကြွေဖြူရောင် ကားတစ်စင်း လမ်းဆား အုတ်နံရံကြီးကို တည့်တည့်ကြီး ဝင်အောင်းပစ်၏။ ကားမောင်းသူမှာ သီဟမိုး၊ ဘေးမှာပါလာသူက သဋ္ဌာလီ၊ ဘယ်သူတွေ ဖျက်ဖျက် သံယောဇဉ် မပြတ်။ ရမ္မက်ဇော မပြယ်။ ခိုးပြီး ချိန်းတွေ့ကြ၏။ ငွေစင်သွန်းက မိခင်ပါ၍ သက်ညှာထားခဲ့တာ ကြာပြီ။

ခုတော့ သူတို့အသက် မသေနိုင်။ ဆုံးမရုံလောက်ရယ်သာ ဆိုပြီး ကားရှေ့မှာ ယွန်းပုံစံ၊ သွန်းရဲ့ရုပ်တွေကို လေးငါးချက် ရုပ်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ပြင်းပြင်း မောင်းလာသော သီဟမိုးမှာ ယွန်းကို သုံး
ခါလောက် တွေ့လိုက်ရ၍ ထိတ်လန့်ပြီး လမ်းဘေးကို ဆွဲကွေ့ချလိုက်
ရာက အုတ်ခုံနှင့် ဆောင့်သွားခြင်းပင်။

လျှောက်လည်ရာက ပြန်လာသော ယွန်းနှင့်ကောင်းတို့ လူ
တွေ၊ ရဲတွေ ရှုပ်ယှက်ခတ်နေ၍ နီးရာ ရဲသားတစ်ဦးကို မေးကြည့်မိ၏။

"ပုဂ္ဂလိက နာမည်ကြီးကျောင်းက ပြဇာတ်နဲ့အနုပညာ ဆရာ
ဦးသီဟမိုးဆိုတဲ့ လူရဲ့ကားပေါ့။ သူမောင်းလာတော့ သူ့ဘေးမှာ
မိန်းမတစ်ယောက်လည်း ပါတယ်။ ဒီလူနဲ့ ကြိတ်ပုန်းခုတ်နေတဲ့ မိန်းမ
ပေါ့။ နှစ်ယောက်စလုံး အထိနာတယ်။ ဒဏ်ရာပြင်းတယ်။ သတိ
မရဘူး။ ခုလေးတင် ဆေးရုံကားထွက်လာပြီ. . သွားပို့ပြီ"

"မောင် . . မောင် . . မေမေ့ဆီ ဖုန်းဆက်ပေးပါ"

ကျွန်မ စိုးရိမ်ပူပန်ပြီး လက်တွေတုန်နေလို့။

ကောင်းက ဖုန်းဆက်ပေး၏။

"ဖုန်းပိတ်ထားတယ်"

"ဒါဆို ဖေဖေ့ဆီ ဆက်ပေးပါ။ မေမေပြန်ရောက်ပြီလား
မေးပေးပါ"

ဦးနေထိုက်ဆီ ဖုန်းဆက်မေးလိုက်၏။ ပြန် မရောက်သေး
ယွန်းက အကျိုးအကြောင်း ပြောပြပြီး ဆေးရုံကို ဆက်လိုက်သွား၏။
ဆေးရုံမှာ စုံစမ်းကြည့်တော့ မေမေဖြစ်နေ၏။ ဖောက်ပြန်တဲ့ဒဏ်ကို
မရှုမလှကာ ပတ်လက်လန်တဲ့အထိ ခံစားလိုက်ကြရပြီလေ။

အသက်ပြန်ရှင်ဖို့ရာ မကျိန်းသေသေး။

ဖေဖေ့ကို ဖုန်းနှင့်အခြေအနေတွေ တစ်နာရီကြာစီခါ တင်ပြ



www.burmeseclassic.com

www.burmeseclassic.com


နေရ၏။

ဦးနေထိုက်က–

"သမီးအမေအတွက် ဘာမှ မစိုးရိမ်ပါနဲ့ . . သူ ပြန်ကောင်းလာမှာပါ။ ခေါင်း နည်းနည်းထိတယ်။ ခေါင်းကိုက်ဝေဒနာလောက်ပဲ စွဲသွားမှာပါ။ သီဟစိုးကတော့ ဖေဖေ့လိုပဲ အောက်ပိုင်းသေသွားလိမ့်မယ်။ သူပြုတဲ့ကံ သူခံရတာပေါ့"

"ဖေဖေက ဒီက ဆရာဝန်ကြီးတွေတောင် အဖြေမထုတ်နိုင်သေးဘူး။ အတိအကျကို ပြောနေနိုင်ပါလား"

"သမီး သိတဲ့အတိုင်းပဲလေ . . သွန်း အိပ်မက်ပေးတာပေါ့"

"ရှင် . . သူ . . သူ . . သူ ရှိနေသေးတယ်"

"ရှိတယ်"

"အဲ့လိုဖြစ်တာ သူ့လက်ချက်လား"

"အဲဒါတော့ . . အဖေ မမေးမိဘူး"

ကောင်းနဲ့ယွန်းတို့ ဆေးရုံမှာပင် ဆက်စောင့်နေလိုက်၏။ သီဟမိုးရဲ့မိဘဆွေမျိုးတွေက နိုင်ငံခြားမှာ သီဟမိုးနှင့် မတည့်ကြ၍ အပြီး ခွဲသွားကြ၏။ သီဟမိုးက အမျိုးမရှိ။ ပုဂ္ဂလိကကျောင်းက ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမအချို့ ရောက်လာပြီး သတင်းမေးကြ၏။

ဆရာဝန်ကြီးတွေဆီက အဖြေထွက်လာသောအခါ ဦးနေထိုက်ပြောခဲ့တဲ့အတိုင်း ကွက်တိ။ မေမေ သတိပြန်ရလာ၏။ ခေါင်းကိုက်ဝေဒနာ စွဲသွား၏။ တဏှာရာဂစိတ် ပေါ်တာနှင့် ခေါင်းကိုက်ဝေဒနာလည်း ပေါ်လာတတ်သည့် ထူးဆန်းသောရောဂါမျိုး။



www.burmeseclassic.com

www.burmeseclassic.com



သီဟမိုးကတော့ အောက်ပိုင်းလုံးလုံး သေသွား၏။ ငယ်ဝ တစ်လုံး ခွဲထုတ်လိုက်ရ၍ နတ်ကွပ်ဘဝဖြင့် လူညွှန့်ပါတုံးသွား၏။ တဏှာကြော သေသွားသည်ပေါ့။

အိမ်ထောင်ရေး ဖောက်ပြန်မှုတွေက ယခုဘဝမှာတင် တန်ပြန်ခံရတာ။ အကျိုးဆိုးပေးတာ မြန်ကြ၏။ မေမေ ပြန်ကောင်း ပြီး အိမ်ပြန်ခေါ်လာရ၏။ ဖခင်က အပြစ်မပြော။ မေမေ သူ့ဘာသာ ရှက်ပြီး ဖေဖေ့ကို ရှိခိုးကန်တော့ တောင်းပန်၏။ ဖေဖေက ခွင့်လွှတ် နားလည်ပေး၏။

“သမီးလေးလည်း မေမေ့ကို ခွင့်လွှတ်ပါကွယ်။ အတွေ့အ ကို မလွန်ဆန်နိုင်လို့ မေမေဆက်ပြီး ခိုးမိုက်မိပါတယ်။ ‘မကောင်းမှု ဆိုတာ ဆိတ်ကွယ်ရာမရှိ’ ဆိုသလို ခုတော့ ဘူးပေါ်သလို ပေါ်ကုန်တော့ တာပဲ”

မေမေ အကြီးအကျယ် နောင်တရသွား၏။ ကားမှောက်ပြီး က သမီးယွန်းကို သုံးလေးကိုယ်ခွဲနဲ့ တွေ့လိုက်ရတဲ့အဖြစ်ကိုတော့ တအံ့တသြ ပြန်ပြောပြဖြစ်နေသေး၏။

ယွန်း အိပ်ခန်းထဲပြန်နားတော့ လက်ချောင်းလေးတွေ ခေါ် နေစဉ် လက်ချောင်းထိပ်မှ ဆစ်ခနဲ ဆစ်ခနဲ အပ်ထိပ်နဲ့ ထိုးသ ခံစားလိုက်ရ၏။ ကြက်သီးကလည်း ဖျန်းခနဲ၊ ခေါင်းနဘမ်းလည် ကြီးထွက်သွား၏။ အနံ့တစ်မျိုး ရနေ၏။ ကလေးငယ်တွေ သုံးသော ပေါင်ဒါနံ့၊ ကလေးဆေးဝါးနံ့တွေ သိသိသာသာကြီး ရှူရှိုက်ရနေ၏။

အခန်းပတ်လည် ဇေ့ဝိုက်ရှာကြည့်မိသည်။ ရင်တွေ ဒိန်း ဒိန်း ခုန်ခါထွက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"နင် . . နင် ရောက်လာပြန်ပြီလား"

"ဖြန်း! . ."

"အင့်"

ကျောကုန်းကို လက်ဝါးနှင့် ဖြတ်ရိုက်ခံလိုက်ရ၏။ 'အင့်' ခနဲ အောင့်ပြီး ယွန်း ရှေ့ငိုက်စိုက်ကျသွား၏။ ယွန်းလည်း ဖခင်ပေးထားသော ပရိတ်ရေပုလင်းကို ဘီရိုပေါ်က လှမ်းယူပြီး အခန်းအနှံ့ လိုက်ဆောက်ပစ်လိုက်၏။

((((ရီး ဟီး အီး)))) ဆိုသော မြည်သံလိုလို၊ ဝီသံလိုလို အသံကြီးပေးပြီး အခိုးငွေ့သဏ္ဍာန် အရိုးစုကြီး လေထဲ ပျောက်ကွယ်သွားတော့၏။ 'ဘုရား တရား သံဃာ'ကို အာရုံပြု ဦးခိုက် ညွှတ်ကွားပြီး ကန်တော့လိုက်မိ၏။

ငွေစင်သွန်း မကျွတ်။ ရွှေစင်ယွန်းကို အပြတ်ချွတ်ဖို့ စောင့်တိုက်နေဆဲ။ ယွန်းဘက်မှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးရှိသည်လေ။ ဒေါသထွက်သွားတဲ့အချိန်မှာသာ ဘုရား၊ တရား၊ သံဃာကို မေ့သွားမိတတ်၏။

ငွေစင်သွန်း တစ္ဆေထွက်သွားတော့ ကျန်နေသော ပရိတ်ရေပုလင်းကို အမှုမဲ့ အမှတ်မဲ့ ခုတင်အောက်ထဲကို သွားထားမိလိုက်လေသည်။

ဣ ဣ ဣ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း[၁၂]

## တစ္ဆေစက်နှင့်ရက်စက်ပြီ

"**လာပါ** . . ချစ်ရယ်၊ ချစ်ရဲ့မေမေကိုလည်း သတင်းမေးပြီးပြီ။ ကျောင်းက ကျောင်းသူ၊ကျောင်းသားတွေကို မိတ်ဆွေအနေနဲ့ ပြောထားတာပါ။ ချစ်မေမေကို အတော်များများ သတင်းမေးသွားတာပဲကြည့် . . ဆရာသီဟကိုလည်း အားလုံး သတင်းသွားမေးနေပြီ။ ချစ်က သွားမမေးလို့ ကောင်းမလား။ ဘာကြောင့်လဲ ဘာလဲနဲ့ မေးငေါ့လာကြမယ်လေ"

ကောင်းမြတ်သူ ခေါ်လာ၍ ယွန်းလိုက်လာရ၏။ သီဟမှိုင်မှာ ဆေးရုံက ဆင်းခွင့်မရသေး။ အာရုံကြော ခါးဆစ်ရိုးထဲ ညှပ်သွာကို ခွဲထုတ်လျှင် အောက်ပိုင်း ပြန်ကောင်းလာနိုင်နိုးနှင့် ဆေးရုံပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဆက်၍ နေ၏။ သီဟမိုးရဲ့အမေသာ ငွေထုပ်ပိုက်ပြီး ရောက်လာ၏။

တခြားသူတွေက မေးပြီး ပြန်သွားကြပြီ။ ကောင်းမြတ်သူ နှင့် ယွန်းတို့ရောက်လာသောအခါ ယွန်းကိုကြည့်ပြီး သီဟမိုး မျက်ရည်ကျကာ နှောင်တရကြောင်း ပြော၏။

"ကိုယ့်မိုက်ပြစ်နဲ့ ကိုယ်ခံရတာပါ. . ယွန်းရယ်။ ယွန်း ဘာ တွေဖြစ်နေတယ်ဆိုတာ ဆရာ ကိုယ်တွေ့ကြုံလို့ နားလည်သွားပြီ။ ယွန်းနဲ့ ပုံတူတစ္ဆေမကို လေးငါးကိုယ်ခွဲတောင် တွေ့လိုက်ရတာ။ ယွန်း အမှတ်နဲ့တိုက်မိမှာစိုးလို့ လမ်းဘေးဆွဲချလိုက်တာ အရှိန်ပြင်းတော့ ခုလိုတွေ ဖြစ်ကုန်ရတော့တာပဲ"

"ယွန်းကမှ ဆရာတို့ထက် ပိုလေးစားစရာ ကောင်းနေသေး တယ်။ ယွန်းက ဆရာတို့ထက် လေးနက်ပြီး ရင့်ကျက်တယ်။ သီဟ လုံတယ်။ အဲဒီသီလကို ဆရာကန်တော့ပါတယ်"

"မလုပ်ပါနဲ့ ဆရာ၊ မသင့်တော်ပါဘူး"

ဆရာနှင့် စကားလက်ဆုံကြပြီး ပြန်ထွက်လာလိုက်ကြ၏။

အရေးပေါ်တွန်းလှည်းတွန်းလာရာ ကောင်းက ကူတွန်းပေး ၏။ အရှိန်မထိန်းနိုင်၍ ဘေးနှင့် ပွတ်ဆွဲသလိုဖြစ်သောအခါ ကောင်း က အတင်းဝင် ထိုးခံလိုက်ရာ လူနာမိန်းမရဲ့ထမိန် လန်သွားလေ၏။ ဗိုက်ကြီးသည် အရှက်ပေါ်မှာစိုး၍ ကောင်းက ဖုံးဖိပေးလေရာ ထမိန် နှင့် လက်တွေ ထိကိုင်မိသွား၏။

ကိုယ်ဝန်သည်က သွေးလေချောက်ချားပြီး ထထိုင်ကာ 'ကောင်း'ကို အတင်းဆွဲဖက်၍ 'ကောင်း'က လျှောထိုးအကွက်မှာ ကိုယ်ဝန်သည်ရဲ့ ထမိန်ပေါ်ကို မျက်နှာအပ်မိသွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com


ရှေးခေတ်က လူကြီးသူမတွေ ပြောဆိုဖူးကြ၏။ မသာခေါင်း ထမ်းတာ၊ ထမိန်နဲ့ မျက်နှာအပ်တာ၊ ထမီထုပ် ထမ်းတာ၊ မီးနေသည် ခန်းဝင်တာ၊ ယောကျာ်းတွေအတွက် ဘုန်းကံ လုံးလုံးနိမ့်စေ၏။ မီးနေသည် အိမ်အောက်ဝင်တာ။ သွန်တဲ့ သွေးတွေ ပက်စင်ခံရတာ ခမ္မတာသွေးတွေ ပေကျံစွန်းထင်တာလည်း အလွန်တရာ ဘုန်းကံ နိမ့်စေ၏။

'ကောင်း' ဘုန်းကံနိမ့်သွားတာ ဘယ်သူမှ မသိ။ ပရလောက သားတွေထဲက စွမ်းအားကြီးသူတွေက သိကြ၏။ အဲ့ဒီလူကို သူတို့ ပြချင်တာ ပြ၊ ပြချင်တာ ပြ၊ ပူးချင်သလို ပူးကပ်လို့ရကြ၏။

'ကောင်း' ဆတ်ခနဲ ဆတ်ခနဲ တွန့်တွန့်သွားပြီး မျက်လုံးတွေ ချက်ဖြူလန်သလိုဖြစ်ကာ မျက်လုံးတည်၊ မျက်နှာသေကြီးနှင့် ဖြစ် သွား၏။

"ယွန်း . ."

"ဘာလဲ မောင်"

"ယွန်း ပြန်နှင့်"

ချစ်လို့ပင် မခေါ်တော့ 'ယွန်း'တဲ့။

မောင့်ကိုကြည့်ရတာ မရိုးတော့။ ယွန်း အနားက မခွာတော့။ တစ်ခုခုတော့ တစ်ခုခုပင်။ မောင်က ဆရာ့အခန်းကို ပြန်သွား၏။ အခန်းထဲဝင်သွားတော့ ဆရာ့ကို စပါယ်ရှယ် နပ်(စ်)နှစ်ဦးက ဗိုးချဲပေါ် တင်နေ၏။ ဆရာ့အမေက ဆရာဝန်ကြီးနှင့် သွားတွေ့နေ၏။

"ဆရာ့ကို ငါတို့ တွန်းသွားပေးမယ်"

"ကျွန်မတို့ နပ်(စ်)တွေ လုပ်ပါ့မယ်"


www.burmeseclassic.com

www.burmeseclassic.com


"ရတယ်. . ငါလုပ်မယ်"

"အဲဒါဆိုလည်း အားနာရတာပေါ့။ အပေါ်ဆုံးထပ် ဝရန်တာမှာနော်. . စိုက်ခင်းနဲ့ ပန်းခြံရှိတယ်။ လေတဟူးဟူးနဲ့ လေကောင်းလေသန့်ရှူလို့ ရတယ်။ အပေါ်ထပ်တက်တဲ့ စက်လှေကားနေရာကို သိတယ်နော်"

"သိတယ်"

'ကောင်း'က သီဟမိုးကို တွန်းလှည်းပေါ်တင်ပြီး အခန်းပြင်ထွက်၏။ ကော်ရစ်ဒါအတိုင်း တွန်းသွား၏။ ယွန်းက ဘေးကလိုက်ရင်း မောင့် မျက်နှာသေကြီးကို အကဲခတ်နေ၏။ ဆရာကတော့ မိန်းမောကာ မှိန်းနေ၏။

စက်လှေကားထဲဝင်တော့ –

"မောင် . . မောင် ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူး. . ချစ်လေး"

ခေါ်သံမှန်လာ၍ ယုံကြည်စိတ် ပြန်ဖြစ်ပေါ်လာ၏။

သူ့ဆရာကို တော်တော် ချစ်ရှာသားပဲဟု ထင်မိ၏။ မမေနဲ့သာ ပတ်သက်မှုမရှိလျှင် ယွန်းလည်း ဆရာ့ကို လေးစားချစ်ခင်မိမှာ အမှန်ပင်။ ခုတော့ စိတ်ထဲမှာ ခုနေ၏။

အပေါ်ဆုံးထပ်ရောက်သောအခါ မောင်က ဆရာ့ကို တစ်ဖက်စွန်းဆီ တွန်းသွား၏။ (၁၂)ထပ်အမြင့်ရှိသော အနားစွန်းမှာ မောင်ရပ်တန့်လိုက်၏။ ဒီနေရာက ပြင်ဆင်နေဆဲနေရာ။ ဝရန်တာ ...တွန်းချလိုက်လျှင် တိုက်အောက်ကိုပြုတ်ကျပြီး မရှုမလှ သေဆုံးသွားနိုင်၏။


www.burmeseclassic.com

www.burmeseclassic.com


ဖုန်းမြည်သံပေါ်လာ၍ ဖေဖေဖြစ်နေ၏။

"သမီးလေး. . အိမ်ကို အမြန်ပြန်လာပါဦး။ သမီးမေမေ စိတ်ဖောက်သလို ဖြစ်နေလို့"

"ဟင်!. . ဘြော် . . ဟုတ် . . ဟုတ်ကဲ့"

ယွန်း ပြန်ရတော့မည်။

"မောင် . . အရေးကြီးလို့ အိမ်က ဖုန်းဆက်ခေါ်တယ်။ ယွန်း နေလို့ မရတော့ဘူး"

"သွားလေ . . မောင်နေခဲ့မယ်"

ယွန်းလည်း တစ်ချိုးထဲ ဓာတ်လှေကားဆီ သုတ်သုတ်ပြေး သွားရတော့၏။ ဘာတွေ ဖြစ်ကုန်ပြီလဲ။ တစ်ခုခုတော့ တစ်ခုခုပဲ။ ချိုးတာတော့ အမှန်။ ငွေစင်သွန်းရဲ့ စက်တန်ခိုးနဲ့ ထိန်းချုပ်မှုတွေ လား။ ပူပန်စိတ်တွေ တရိပ်ရိပ်နှင့် ယွန်း စက်လှေကားကျယ်ထဲ ဝင်ရပ်လိုက်၏။

၁ ၁ ၁


www.burmeseclassic.com

www.burmeseclassic.com



**အိမ်**ရောက်သောအခါ မေမေပြန်ကောင်းနေ၏။ ဖေဖေနှင့်
ညှိခန်းမှာထိုင်ပြီး အေးအေးဆေးဆေး စကားပြောနေပြီ။

သို့သော်ငြား မေမေပုံစံက အမူးအမော သိပ်ပြေသေးဟန်
မတူ။ ကျန်တာတွေကို စိတ်မဝင်စား။ သူ့မရောဂါကိုသာ စိတ်ဝင်စား
ပြီး ရောဂါပျောက်အောင် လုပ်ချင်ပုံသာပေါက်နေ၏။

"မေမေ . . မေမေ. . ဘာ . ."

"သမီး. . မေမေ ဘာမှ မဖြစ်ပါဘူး။ ဘာဖြစ်လို့လဲ"

ဦးနေထိုက်က မျက်နှာရိပ် မျက်နှာကဲပြပြီးတော့ တား၏။
ယွန်းသဘောပေါက်ပြီး ဆက်မမေးတော့။ မိခင်ကိုတွဲပြီး အိပ်ရာထဲ
ကို လိုက်ပို့ကာ တစ်ရေးသိပ်လိုက်၏။ ဖခင်ဖြစ်သူနှင့် ညှိခန်းမှာ
ပြန်တွေ့စဉ်–

"သမီးမေမေ စိတ်ဖောက်ပြန်သလိုတွေဖြစ်ပြီး ကယောင်
ကတမ်းတွေ လျှောက်ပြောတယ်လို့ ထင်နေတာ။ သူ, အိပ်ပျော်မော
တယ်တဲ့။ အိပ်မက်ဆိုးမို့ ဂူးဂူးဝါးဝါး အော်ဟစ်ပြီး လန့်နိုးလာရတာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ အိပ်မက်ထဲမှာ ကောင်းမြတ်သူက သီဟမိုးကို ဗိုးချဲတွန်းပေး နေတယ်။ ပုဂ္ဂလိက ဆေးရုံအပေါ်ဆုံးထပ် ဝရန်တာမှာ..။ ဝရန်တာ အသစ်က ပြန်ပြုပြင်နေတုန်း ရှိသေးတယ်။ အဲဒီမှာ ရပ်နေကြတယ်။ ယွန်းက နှစ်ယောက်၊ တစ်ယောက်က ကောင်းမြတ်သူတို့ကို တွန်း လိုက်တာ ငယ်သံပါအောင် အော်ရင်း အောက်ပြုတ်ကျ သေကုန် ကြတယ်။ ယွန်းနှစ်ယောက် လုံးထွေးသတ်ပုတ်ကြတာ သဥ္စာလီက င်ဆွဲရင်း အဲ့ဒီနှစ်ယောက်ရော သဥ္စာလီပါ အောက်ကို လိမ့်ကျသွား ရော။ အဲဒီမှာလန့်ပြီး အော်ဟစ်လိုက်မိတာတဲ့"

"ဖေ .. ဖေဖေ .. ဒီအိပ်မက်က မရိုးဘူး။ အခု 'ကောင်း'နဲ့ ဆရာတို့ အိပ်မက်ထဲကအတိုင်း အန္တရာယ်ရှိတဲ့နေရာမှာ ရပ်နေကြ တယ်။ သမီး ဖုန်းဆက်လိုက်ဦးမယ်"

ကောင်းမြတ်သူ၏ဖုန်းကို ချက်ချင်းဆက်လိုက်၏။

"ဟယ် .. လို"

ပြန်ထူးသံက 'ကောင်း'မဟုတ်။ မိန်းမတစ်ယောက် အသံ။

"ကောင်းမြတ်သူ ရှိလား"

"ရှိတယ် .. အခုပြောနေတယ်"

"ရှင် ဘယ်သူလဲ"

"ငွေ့ . . စင် . . သွန်း"

"ဟင်! . . နင် . . နင်"

"ကောင်းမြတ်သူကို ငါ, ဝင်စီးထားတယ်။ သီဟမိုးလည်း နှိုင်းမိထားတယ်။ နှစ်ယောက်လုံး ငါသတ်ပစ်လို့ရတယ်"

"မသတ်နဲ့ . . နင်လုပ်ချင်တိုင်း လုပ်လို့မရဘူးနော်။ တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com



က လူသတ်လို့မရဘူး"

"ဟား ဟား ဟား ဟား နင်မသိတာတွေ အများကြီး ရှိ
သေးတယ် ရွှေစင်ယွန်း။ လိုရင်းပဲ ပြောမယ်။ နင်နဲ့ငါ နေရာလဲ
ငါရှိတဲ့နေရာကို နင် အမြန်ဆုံးလာခဲ့။ အမေ ကိုယ်ဝန်သွေးသွန်ခဲ့
ဂုံးတံတား လှိုဏ်ပေါက်ထဲကို ညမှောင်တာနဲ့ လာခဲ့။ အဲဒီလိုမှ မ
ဘူးဆိုရင် ဒီနှစ်ယောက်လုံးကို ငါတွန်းချပစ်မယ်။ အခု မှောင်
မယ်။ ညနေ ငါးနာရီခွဲနေပြီ"

"နင် . . နင် . . အေး . . ကောင်းပြီ၊ ငါလာခဲ့မယ် နင်
စောင့်နေ . ."

ရယ်သံမျိုးစုံနှင့် ဖုန်းပိတ်သွား၏။ ယွန်းစိတ်ထဲက ကြ
ကြဲမိ၏။ ယွန်းကိုလဲလှယ်ဖို့ သူ့ထောင်ချောက်ထဲ ဖိတ်ခေါ်ခြင်း
ယွန်းက သူ့ဆန္ဒကို လိုက်လျောမလိုနဲ့ သူ့ကို အနီးကပ် ပရိတ်ရေ
ပက်ပြီး ဆုံးမပစ်လိုက်မည်။ ဒီလိုအတွေးအကြံနှင့် လက်ခံလိုက်ခြ
ဖြစ်သည်။

ဖခင်လည်း စပီကာဖွင့်ပြောနေ၍ အားလုံး ကြားသိပြီး
ပြီ။ ယွန်း အိပ်ခန်းထဲက ပရိတ်ရေပုလင်း ပြေးယူလိုက်၏။ စလ
ဘတ်အိတ်ကြီးထဲ ပရိတ်ရေကို ထည့်လိုက်၏။ ဦးနေထိုက်က–

"သမီး မသွားရဘူး"

"သွားမှ ဖြစ်မှာ ဖေဖေ. . ကောင်းသေသွားလိမ့်မယ် . .
ဆရာသီဟလည်း သေမှာ"

"သမီးသွားရင် သမီးရဲ့ လိပ်ပြာကိုနုတ်ပြီး သူ့လိပ်ပြာ
အစားသွင်းလိုက်လိမ့်မယ်။ သမီးသေသွားလိမ့်မယ်။ သမီးတ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလိမ့်မယ်”

“မဖြစ်နိုင်ပါဘူး ဖေဖေ..ပရိတ်ရေ ပုလင်းပါတယ်။ အစွမ်းထက်တဲ့ ပရိတ်ရေလေ။ အဲဒါနဲ့ အနီးကပ်ပက်လိုက်ရင် သူ့အစွမ်းတွေရော၊ စက်ကြိုးတွေရော မှိုင်းတိုက်ထားတာတွေပါ အကုန်လွင့်ပျောက်ကုန်လိမ့်မယ်လို့ သမီးထင်တယ်”

“ဖြစ်နိုင်ရင် မသွားပါနဲ့..ဖေဖေ စိုးရိမ်တယ် သမီး”

“ဖေဖေ ပရိတ်ရေကို မယုံဘူးလား”

“ယုံပါတယ်။ ဒါပေမယ့်..”

“သွားမှာပဲ..ဖေဖေ၊ မှောင်တော့မယ်”

“သွားပြီ ..မေမေ့ကို သေချာဂရုစိုက်ပါ ဖေဖေ”

ယွန်း အော်ပြောခဲ့ပြီး ခတ်လှေကား ဘယ်ဘက်က တက်လိုက်၏။ ဒီထဲက သရဲမလည်း ကြောက်မနေတော့။ ပရိတ်ရေနဲ့ ပက်ခံမှာပေါ့။ စိတ်စောကာ ဖောကပ်နေပြီ။ ညာဘက်က ပျက်နေသော ခတ်လှေကားမှာ အောက်မှာရှိနေဆဲ။

ကွန်ဒိုအောက်ရောက်သည်နှင့် ခြေလှမ်းတွေကို သုတ်သုတ်သွက်သွက် လျှောက်၏။

ဦးနေထိုက် ဆောက်တည်ရာ မရ။ သမီးနောက်ကိုလိုက်ဖို့ အမြန်ဆုံး ပြင်၏။ သမီးအခန်းက နံရံမှာကပ်ထားသော သွေးစာတမ်းခတ်ပုံကို မြင်မှ သဘောပေါက်သွား၏။ သဉ္ဇာလီ သွေးသွန်ခဲ့သည့်နေရာပဲ။ နေထိုက်ကိုယ်တိုင် သွားကယ်တင်ခဲ့ရသည့် နေရာ။ သဉ္ဇာလီ မိုးရေ ရွှံ့ဖွက်နဲ့ ချော်လဲပြီး အမာထည်တစ်ခုခုကို သွားဆောင့်မိခဲ့သည့်နေရာ။



www.burmeseclassic.com

www.burmeseclassic.com



သမီးထွက်သွားပြီး မိနစ်နှစ်ဆယ်အကြာမှာ ဦးနေထိုက် ထွက်လိုက်လာရ၏။ သဉ္ဇာလီက အပြင်သွားမယ်လုပ်နေ၍ သော့ ခတ်ထားခဲ့ရသည်။

သဉ္ဇာလီရဲ့စိတ်တွေက သိပ်ပြီး မူမမှန်သေး။

ပျက်နေတဲ့ စက်လှေကားက အဆင်သင့် စောင့်နေသလိုပင်။ စက်လှေကားထဲကို ခပ်သွက်သွက် ဝင်လိုက်၏။ ဗိုးချဲ့နှင့် စက်လှေကား ထဲရောက်မှ ခလုတ်နှိပ်လိုက်၏။ တံခါးစေ့ပိတ်သွားလေပြီ။

ဣ ဣ ဣ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




# အခန်း[၁၃]

## တကယ်ဘဲ့တိုက်နှ့ ဖလှယ်ဘဲ့ခိုက်

**ယွန်း** ပြေးလိုက်၊ နားလိုက်ဖြင့် ဥမင်လှိုဏ်ပေါက်ကို ရောက်လာခဲ့၏။

((( တစ်ဦးတည်းသော ချစ်ညီမလေးပေမယ့်

ဘဝချင်း ခြားခဲ့ပြီ )))

တစ္ဆေဘဝနဲ့ တောက်လျှောက် နှောင့်ယှက်နှိပ်စက်နေကာ အသက်ကို အတင်းတောင်းနေ၏။

((( မေမေ စိတ်မမှန်တော့တာလဲ ဒင်းကြောင့် . . ၊

ဖေဖေ ဒုက္ခိတဖြစ်သွားရတာလဲ ဒင်း ပယောဂပါမှာပဲ )))

ယွန်း အယောင်ဆောင်ပြီး လိုက်လံရှုပ်ထွေးအောင် လုပ်ဆောင်၍ ယွန်းမှာ လိုက်လိုက် ရှင်းနေရ၏။


www.burmeseclassic.com

www.burmeseclassic.com


အခု ကောင်းမြတ်သူကိုပါ လုပ်ကြံဖို့ တာစူနေပြီ. .။

ဆရာ သီဟမိုးကိုလည်း သုတ်သင်တော့မည်။

ခင်းကောင်းခဲ့တာ ဘာရှိလဲ။

((( တောင်းလိုက်တော့လည်း အသက် )))

သူ့ရဲ့ ပရလောကထဲ ဒုက္ခတောထဲကို အစ်မရောက်အောင် အတင်းပို့ဆောင်နေ၏။

ဒါ. . ညီအစ်မတွေရဲ့ ချစ်ခင်ကြင်နာမှုလား၊ မြတ်နိုး နှေးထွေးမှုလား။

သွားစမ်းပါ။ ((( စိမ်းကား ရက်စက်ခြင်း )))

သွေးဆာ ကြမ်းကြုတ်ခြင်း၊ မိစ္ဆာပီပီ ရိုင်းယုတ်လုပ်ကြံခြင်းတွေနဲ့ ပြည့်နှက်နေတဲ့ တစ္ဆေမ။

နင်. . ငါ့ညီမ မဟုတ်ဘူး။

ပရလောကထဲက တစ္ဆေမ။

သက်ညှာခွင့် တစ်စက်မှ မပေးတဲ့ တစ္ဆေမ။

ငါလာပြီ . . လာပြီ။

ဥမင်ထဲ အမှောင်ကျနေ၍ ကြောက်စိတ်မပေါ်အောင် ဒေါ်သစိတ်ကို အတင်းမွေးမြူလာရ၍ ဘုရား၊ တရား၊ သံဃာအား ကြည်ညိုရွတ်ဖတ်သရဇ္ဈာယ်ဖို့ မေ့လျော့နေ၏။

သွေးစာတမ်းပေါ်သောနေရာကို လှမ်းအော်လိုက်၏။

“ငွေစင်သွန်း တစ္ဆေမထွက်ခဲ့၊ လာ. . အခုထွက်ခဲ့. . နင်မို့ ငါအပြတ်စာရင်းရှင်းမယ် ထွက်လာခဲ့လေ. . နင် သတ္တိမရှိတော့ဘူးလား။ ထမိန်ခြုံထဲက လက်ဝါးပြမနေနဲ့ ငါတစ်ယောက်ထဲလာပြီ”


www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ် ထင်းခနဲ ဒိန်းခနဲ ဖြစ်သွား၏။ သွေးစာတမ်းနေရာ မှာ ရုတ်တရက်ပေါ်လာသူက 'တစ္ဆေမ သွန်း'။

သူ့လက်နှစ်ဖက်ကို ဆန့်တန်းကာ ထား၏။ လက်ချောင်းများ လက်သည်းတွေ အရှည်ကြီးတွေ။ လမ်းမီးရောင်ပျပျဖြင့် လှမ်းမြင်ရ၍ ကြောက်စိတ်တွန့်ခနဲ ပေါ်သွား၏။ ဒေါသစိတ်တွေကို တွေးလိုက်၏။

"နင်ကို ငါသတ်မယ် မိစ္ဆာမ"

"ဟီး ဟီး ဟီး ဟီး"

တုန့်ပြန်ရယ်သံကြီးကိုက ကျောချမ်းချင်စရာ။ ဒေါသတကြီး ဆင့်ကဲ မွေးဖွားလိုက်၏။

"တစ္ဆေစုတ်မ နင်သေရမယ်"

'ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး'ကို အာရုံမပြုနိုင် မေ့လျော့နေ၏။

"ဟင်း ဟင်း ဟင်း ဟင်း"

လှောင်ရယ်နေပြန်၏။ စလင်းဘတ်အိတ်ထဲမှ ပရိတ်ရေဘူး ကိုထုတ်၊ အဖုံးဖွင့်ပြီး–

"ရော့ . . အဲဒါ နင့်အတွက်"

ပရိတ်ရေတွေ ထိထိမိမိ ပက်ဝင်သွား၏။

"ဟီး ဟီး ဟီး ဟီး"

မတုန်လှုပ်။ တစ္ဆေမသွန်းက လုံးဝမတုန်လှုပ်။

ပရိတ်ရေက မစွမ်းတော့။ ဘုရားစင်၊ ဘီရို စားပွဲအမြင့်ပေါ် မှာ တင်ထားမှစွမ်းသော ပရိတ်ရေပုလင်းကို ခုတင်အောက်မှာ သွား



www.burmeseclassic.com

www.burmeseclassic.com


အားဓိ၍ အာနိသင်အစွမ်းတွေ ပျောက်ကွယ်ကုန်ပြီ။

တစ္ဆေမသွန်း ဘာမှဖြစ်မသွား။

သွန်း ပါးစပ်မလှုပ်ဘဲ ပြောလိုက်သော အသံအက်ဩဩကြီး ကို ယွန်း နားထဲကြားလိုက်ရသည်မှာ–

"နင့်ပညာ ဒါပဲလား၊ ဒီနေ့ ဒီအချိန် နင်အဆုံးသတ်ပြီ. ."

"ငါ့ကို ကြည့်စမ်း ယွန်း"

"ငါ့ကို ကြည့်စမ်း ယွန်း"

"ငါ့ကို ကြည့်စမ်း ယွန်း"

စိတ်ညို့သလို ပြောလိုက်၍ ယွန်းလည်း စေ့စေ့စပ်စပ် တုန့်ပြန် ကြည့်လိုက်၏။ သွန်းရဲ့ မျက်လုံးထဲက အရောင်တချို့ပေါ်မှာ ယွန်း အာရုံ မျောနစ်သွားလေပြီ။

ယွန်းရဲ့ခန္ဓာကိုယ်ကို လေထဲ ဆောင့်ဆွဲလိုက်သလို၊ သွန်းရဲ့ နာမ်ခန္ဓာပါးပါးလေးထဲ ဖောက်ဝင်သွား၏။

ပြိုင်းလက်သော ပေါက်ကွဲအလင်းရောင်တွေ လျှပ်လက်သလို ထွက်ပြီးသည့်ခဏ။ ယွန်းရဲ့ခန္ဓာကိုယ်ထဲကို သွန်းရောက်သွား၏။

ယွန်းကတော့ ခန္ဓာကိုယ် အပြင်ဘက်မှာ ပါးပါးလျလျ ရပ် ကျန်ခဲ့သော သွန်းရဲ့နာမ်ခန္ဓာထဲ ရောက်ရှိသွား၏။

(၁၆)နှစ်လုံးလုံး စောင့်နေခဲ့ရသည့် သွန်းရဲ့ဆန္ဒတွေ ပြည့်ဝ သွားပါပြီ။

သွန်းခန္ဓာထဲ ရောက်သွားသည့် ယွန်းကို အမှောင်လောကသား မိစ္ဆာတွေက ဆွဲခေါ်သွားကြ၏။ တန်ခိုးစွမ်းအားတွေ ပြောင်းလဲမှုယ် ရှုအပေါ်မှာ အသုံးချလိုက်ရ၍ ကုန်ဆုံးသွားပြီး အစွမ်းမရှိသော တစ္ဆေ


www.burmeseclassic.com

www.burmeseclassic.com


နာမ်ခန္ဓာနှင့် ယွန်းမှာ အားကြီးသော ပရလောကသားတို့ ပြုသမျှ နေ ရသော အခြေအနေမျိုး ဖြစ်သွားခဲ့လေပြီ။

ယွန်း ခန္ဓာကိုယ်ထဲရောက်နေသည့် သွန်းကတော့ ခြေလှမ်းတွေ တစ်လှမ်းချင်း စမ်းလျှောက်ရင်း လူ့လောကထဲကို မယုံမရဲလေး လျှောက်ဝင်သွားလေသည်။

(((ငါ လူ့ဘဝထဲကိုရောက်တာ အိပ်မက်များ ဖြစ်နေသလား။ မဟုတ်ပါဘူး။ တကယ်ပါ . . ဒီနေ့ကစပြီး ငါဟာ သွန်းမဟုတ်တော့ဘူး။ ယွန်းနေရာမှာ အစားထိုးပြီးနေရမှာမို့ ယွန်းဖြစ်သွားပြီ)))

ဆိုသည့်အတွေးဖြင့် ခြေလှမ်းတွေ ဆက်လျှောက်၊ ဆက်လျှောက်ရင်း ယုံကြည်မှုတွေ ပိုခိုင်မာသွားလေတော့၏။

ဂ ဂ ဂ



www.burmeseclassic.com

www.burmeseclassic.com




# အခန်း[၁၄]

## လူဖြစ်သွားတဲ့တစ္ဆေ

**ကွန်ဒို** ကို ပြန်ရောက်လာတော့ ရဲတွေ၊ ဆေးရုံကားတွေ ဝိုင်းအုံကြည့်နေသော တိုက်ခန်းနေသူတွေ။ ပုလိပ်စည်းတားကြိုးတွေနှင့် ရှုပ်ယှက်ခတ်နေ၏။

"ဘာဖြစ်လို့လဲ အန်တီ"

"အို! မိုင်ဂေါ့. . "

"သြော် . . အန်တီဝဿန်"

"ယွန်း . . ယွန်း . . ယွန်း ဖေဖေလေ . . အမြဲတမ်း ပျက်နေတဲ့ စက်လှေကားက ဆင်းသွားတာ စက်လှေကားကြိုး ပျက်ကျပြီး အဲဒီအထဲမှာ သမီးအဖေ ပါသွားတယ်"

"ဟုတ်လား"

"'အေး. . သူသေပြီ'


www.burmeseclassic.com

www.burmeseclassic.com



"ပြော်"

"ဟင်! . . သမီးကို ကြည့်ရတာ တစ်မျိုးကြီးပဲ"

"ဘာဖြစ်လို့လဲ"

"ဖအေတစ်ယောက်လုံး အသေဆိုးနဲ့သေရတာ ဘာမှ မဖြစ်သလို၊ မခံစားရသလိုနဲ့"

ယွန်း လှလှပပလေး ပြုံးပြလိုက်၏။ တစ္ဆေမဘဝက တက်ခဲ့သော ရိုးရိုးလေ့ကားကပင် တက်လာလိုက်၏။ မောလိုက်တာ ညောင်းလိုက်တာ အလွန်ပါပဲနော်။ ကမ္ဘာဗိမ္မာအစွမ်းမှ မရှိတော့တာ။ အပေါ်ရောက်တော့ မိခင်ကြီးကို သော့ဖွင့်ဖို့ ဘေးအခန်းတွေနှင့် တိုင်ပင်ကြရ၏။

ရဲတစ်ဦးက လာဖွင့်ပေး၍ အဆင်ပြေသွား၏။ အခန်းထဲက ထွက်လာသော မေမေမှာ စက်ကြိုးတွေဖြတ်ထားလိုက်ပြီမို့ လူကောင်း ပကတိ ပြန်ဖြစ်သွားပြီ။ ခေါင်းကိုက်တာ ဘာရောဂါမှ မဖြစ်တော့။ ခေါင်းကိုထိခိုက်မိသည့်အပိုင်းမှာလည်း ပြန် သက်သာသွားလေပြီ။

"မေမေ. . မေမေ"

ယွန်း အားရဝမ်းသာအော်ခေါ်ပြီး ပြေးဖက်ပစ်လိုက်၏။

"သမီး. . သမီးလေး"

မေမေက ပြန်ဖက်ထား၏။ ဘေးအခန်းတွေက ဂရုဏာသက်ပြီး မျက်ရည်ဝဲကြ၏။

ဖေဖေ ဆုံးသွားတဲ့သတင်းကို မေမေကြားတော့ ကျူကျူ အောင် ငိုကြွေး၏။ ငိုပါစေလေ။ မျက်ရည်ခန်းရင် ပူဆွေးသောကတွေ လည်း ငွမ်းသွားမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



'**ယွန်း**' ခန္ဓာကိုယ်နဲ့ ကျွန်မ 'သွန်း'ဟာ ကောင်းမြတ်သူနဲ့ ဆက်ပြီး ချစ်ကြပါတယ်။ ကျောင်းကပွဲအတွက် ပြဇာတ် ဆက်တိုက် ခဲ့တယ်။ ဆရာသီဟမိုးက ဗိုးချဲ့နဲ့ လာသင်ပေးတယ်။ သူ့ကို လုပ်ကြံတာ ကျွန်မမှန်း သူတကယ်သိရင် လည်ပင်းများ ထညှစ်မလားပဲ။

ဒါပေမယ့် သူ, မထနိုင်တော့ပါဘူး။ ဒုက္ခိတ ဖြစ်နေပြီလေ။ အမေကလည်း သူ့အလုပ်သူ ပြန်လုပ်နေပါပြီ။ အရာရာဟာ နေသားတကျ ဖြစ်နေပါပြီ။

BURMESE CLASSIC

ကျောင်းကပွဲ ဖျော်ဖြေရမယ့်နေ့ကိုလည်း ရောက်လာခဲ့ပါပြီ။ အမေ လာအားပေးတယ်။ သီဟမိုးက ဇာတ်စင်ပေါ်မှာပဲ ဦးစီး ကွပ်ကဲနေတယ်။ သူတို့ချင်း သူစိမ်းပြင်ပြင်တွေ ဖြစ်သွားကြပြီ။ မဆက်ဆံကြတော့ဘူး။ ဆက်ဆံလို့မှ မရတော့တာပဲလေ။

'ကောင်း'က သူ့အခန်းထဲမှာ ကျွန်မက ကျွန်မအခန်းထဲမှာ။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းက စတူဒီယိုရဲ့ မိတ်ကပ်လိမ်းခြယ်ခန်း ကိုယ်စီထဲမှာ အလှ
ပြင်နေကြတယ်။

မကြာခင် ပြဇာတ်ထွက်တော့မှာ။
သွန်းဖြစ်သွားတဲ့ ယွန်းရေ. .
တစ္ဆေနဲ့ မြင်တွေ့ပတ်သက်ဖူးသူ မှန်သမျှ
သက်ဆိုး မရှည်ကြဘူး။
နင်နဲ့ငါ ပြောင်းလဲသွားပြီဆိုတာ
ဟောဒီ့ဓားဒဏ်ရာ အမာရွတ်လေးကို
ပလတ်စတာ ခွာကြည့်လိုက်မယ် တွေ့လား။
အနာကျက်တာလည်း မရှိ။
အမာရွတ်လည်း မရှိ။
ပကတိ လှပတဲ့လက်ကလေး ပြန်ဖြစ်သွားပြီလေ။
နင်နဲ့ငါရဲ့ ပြောင်းလဲမှုကို ဘယ်သူမှ မသိလိုက်ကြဘူးလေ။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com


**သိချင်သူတွေ** သိဖို့လိုအပ်တာက. .

တစ္ဆေကို မြင်တွေ့ပြီးတဲ့လူတိုင်းဟာ အသက်ရှည်ဖို့ အခွင့်အရေးနည်းသွားပြီး အသက်ရှင်ရက်တွေလည်း သိပ်ကို တိုတောင်းပါတယ်။ အားလုံးမဟုတ်ပေမယ့် အများစုကတော့ တစ္ဆေနဲ့ပတ်သက်ထိတွေ့ဆက်ဆံမိခဲ့ရင် သေခြင်းနဲ့ထွေခင်းကစားသလို၊ သေမင်းလက်ထဲ ရောက်သွားရတာချည့်ပဲ။

နင့်နေရာမှာ ငါ။

ငါ့နေရာမှာ နင်ဖြစ်သွားပြီ။ ဘယ်သူမှမသိလို့ နင် ဇွတ်ငြင်းချင်လည်း အလကားပဲ။

နောက်ထပ် (၁၆)နှစ်ကြာတဲ့အခါကျရင်–

ငါ့နေရာကို နင် ပြန်လဲယူခွင့်ရှိတယ်။

တစ္ဆေဘဝတုန်းက ငါ့လို အစွမ်းသတ္တိတွေရအောင်

နင်သင်ယူလိုက်ဦးပေါ့။

အဲဒီလိုနဲ့ (၁၆)နှစ်ကြာတိုင်း ကြာတိုင်း

နင်နဲ့ငါဟာ သူတစ်ပြန် ကိုယ်တစ်လှည့်

လဲလှယ်နေထိုင်သွားကြမယ်လေ။

ဒါမှ သာတူညီမျှ အမြွှာညီအစ်မ ပီသတော့မှာပေါ့။

ဒီကြားထဲမှာ ယွန်းဆိုတဲ့ ရုပ်ခန္ဓာကြီး သက်တမ်းမကုန်သေးသရွေ့ နင်နဲ့ငါ တွေ့ကြဦးမှာပေါ့။ ။

စေတန်

www.burmeseclassic.com